The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 11, 2019

# စီးပွားဖြစ် စိုက်ပျိုးရောင်းချမှုကို ဦးတည်လာသည့် ချင်းဒေသ၏ မျောက်ငိုပင်

စာမျက်နှာ - ၈ ➢



## မြန်မာ့ရိုးရာ ပဒုမ္မာကြာချည်များ အင်းလေးဒေသ၌ ကြာပိတ်များရက်လုပ်၍ ဂျပန်ဈေးကွက်သို့တင်ပို့

စာမျက်နှာ - ၁၂ ➢

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ စာရင်းဝင်ကူးစက်ရောဂါအား ဖြည့်စွက်ထုတ်ပြန်

စာမျက်နှာ - ၆ ➢




## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အကြောင်း

စာမျက်နှာ - ၂၂ ➢

## ပို့ဆောင်ရေး ကဏ္ဍနှင့် ကုန်သွယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ-ထိုင်းနယ်စပ် မောတောင်မြို့

စာမျက်နှာ - ၁၃ ➢




CHERRY OO
နှစ်သစ်ကူးသို့ ရက်ပေါင်း (၄၀)
ချယ်ရီဦး နှင့်အတူ လှူဒါန်းမယ်
နာရီတစ်လုံး ဝယ်ယူသူတိုင်း
10%
Discount ရယူပြီး
1%
လှူဒါန်းမယ်
Promotion Period
(1-3-2019 ~ 12-4-2019)
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228


GBS
YOUR GOOD BROTHER
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
ဦးကြီးတို့ရဲ့မိတ်ဆွေရင်း ကွင်းသုံးကွင်း
တံဆိပ်မြေဩဇာ
THREE CIRCLES
TSP
46%
DAP
64%
UREA
46%
NPK
15-15-15+7S
ဘက်အရစ်ကျ စနစ်များဖြင့်လည်း အနယ်နယ် အရပ်အရပ်ရှိ GBS ရုံးခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။
ရန်ကုန်
မန္တလေး
www.gbs.com.mm
www.facebook.com/goodbrothersofficialpage/
gbsmarketing.ygn@gbs.com.mm

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း တရားဝင်စတင်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြားခြင်း




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မတ် ၄ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project - TIP) တရားဝင်စတင်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍအချိုးကျ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဆိုလျှင် ၅ နှစ်တာကာလပြီးဆုံးတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့စတင်မည့် စီမံချက်မှာ အမျိုးသားပို့ကုန်မဟာဗျူဟာကို ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့်

စာမျက်နှာ ၁၇ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ Executive Director အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ Executive Director Ms. Arancha Gonzalez အား မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတိုးတက်ရေးအတွက် လိုအပ်သည့် နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုရှိစေရန် ဆောင်ရွက်သင့်သည့် အစီအစဉ်နှင့် အလားအလာရှိသော ဈေးကွက်များသို့ ထိုးဖောက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အခြားလိုအပ်သည့်ပံ့ပိုးကူညီမှုများအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်တို့ တက်ရောက်ခဲ့ကြသည်။ **NES Unit**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး EOI ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



EOI (Expression of Interest) ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ EOI ခေါ်ယူရေးနှင့် စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် EOI ခေါ်ယူရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး ဗဟိုကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ရွေးချယ်လျာထားသောဒေသ (၃) ခု၏ အချက်အလက်များ အတည်ပြုနိုင်ရေးဇုန်များတည်ဆောက်မှုနှင့် အခြားလုပ်ငန်းစဉ်များ လွဲမှားမှုမရှိစေရေးအတွက် အဘက်ဘက်မှ ဆွေးနွေးအကြံပြုနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ထောင်အကောင်အထည်ဖော်ရန် နောက်ခံအခြေအနေနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်လိုကြောင်း၊ မြန်မာ-တရုတ် နယ်စပ် စီးပွားရေးဇုန်များ တည်ထောင် အကောင်အထည်ဖော်ခြင်းအားဖြင့် နယ်စပ်ဒေသများတွင် ကုန်ထုတ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုဆိုင်ရာ Logistic လုပ်ငန်းများစသည်ဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် တိုးတက်မှုများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့် Value Added လုပ်ငန်းများ သိသိသာသာ တိုးတက်လာမည်ဖြစ်ပြီး ကုန်သွယ်မှုပမာဏမြင့်မားစွာ ဆောင်ရွက်နိုင်မည့်နည်းအတူ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများလည်း ရရှိလာမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစဉ်တစ်ခုလုံး အောင်မြင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.10 Monday March 11 2019

# ဖေဖော်ဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန်တစ်သိန်းခွန်စ်သောင်း နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၉ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၁၂၆၀၉ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၁၂၁၁၃ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၅၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ၄၄၅ တန်ခန့်တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၄၃ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၅၅၆၈၆ တန်ကို မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ အနီးစပ်ဆုံးဇန်နဝါရီလ တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၉၂၆၃၈ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဖေဖော်ဝါရီလအတွင်း ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းတန်ဖိုးရှိဆန်ကွဲ ၁၁၁၆ တန်တင်ပို့ခဲ့ပြီး ဇန်နဝါရီလတင်ပို့မှုထက် ၇၉၁ တန်လျော့ကျခဲ့တာတွေ့ရပါတယ်။ ဖေဖော်ဝါရီလအတွင်း တစ်ဖက်တရုတ်နိုင်ငံမှာ ရိုးရာနှစ်သစ်ကူးပွဲတော်ရှိတာကြောင့် ကုန်သွယ်မှုလျော့ကျခဲ့တာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်လ ၂ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၄၉ သန်းတန်ဖိုးရှိ ဧည့်မထဆန်နဲ့ပေါင်းဆန် ၂၇၄၆၄ တန် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ကင်မရွှန်းနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တာဖြစ်ပါတယ်။ ကင်မရွှန်းနိုင်ငံသို့တန်ချိန် ၂၀၀၀၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ၄၄၂ တန်၊ တိုဂိုနိုင်ငံသို့ တန်ချိန် ၂၅၀၊ ဂီနီနိုင်ငံသို့ ၂၂၉၅ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၃၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၄၁၀၂ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ရေကြောင်းမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၆၉ သန်းတန်ဖိုးရှိ ဆန် ၇၁၁၃၂ တန် တင်ပို့ခဲ့ပြီး ဇန်နဝါရီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၄၉၇၄ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၄ သန်းတန်ဖိုး ရှိ ဆန်ကွဲ ၈၄၄၅ တန်တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၀၂၀၊ အီးယူနိုင်ငံများသို့ ၄၄၂၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဖေဖော်ဝါရီလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၄၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၁၆၂၀ တင်ပို့ ခဲ့တဲ့အတွက် ဇန်နဝါရီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၇၇၄ တန်လျော့ကျခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၁၂၆၈၁၈ တန်နဲ့ ဆန်ကွဲ ၄၂၇၃၆ တန်ဖြစ်ပြီး ဇန်နဝါရီလတင်ပို့မှုထက် ဆန်ရောဆန်ကွဲပါ လျော့ကျခဲ့တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ ဆန်၊စပါးဈေးနှုန်းအပြောင်းအလဲဖြစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ဆန်၊ စပါးဈေးနှုန်းအပြောင်းအလဲဖြစ် လျက်ရှိပြီး ပုသိမ်မြို့နယ်တွင် ယခင်တစ်ပတ်ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၉၅၀၀၀၀ ဈေးနှင့် ရောင်းဝယ်လျက်ရှိပြီး ယခုအချိန်ပေါ်ဆန်းဆန်အရောင်းအဝယ်အေး၍ ဆန်စက်ပိုင်ရှင်များမှ ဈေးချဝယ်ယူမှုကြောင့် ၄၆ ပေါင်စပါးတင်း ၁၀၀ ကို ကျပ် ၉၁၀၀၀၀ ဈေးစပါးတင်း ၁၀၀ ကို ကျပ် ၄၀၀၀၀ ခန့်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင်အရည်အသွေးကောင်းမွန်သော မိုးဧည့်မထစပါးများ အဝယ်လိုက်သောကြောင့် ယခင်က မိုးဧည့်မထ စပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၄၀၀၀၀-၅၅၀၀၀၀ ဈေးမှ ယခု ကျပ် ၅၅၀၀၀၀-၅၆၀၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဈေးနှုန်းမြင့်တက်သွားပြီး မြောင်းမြခရိုင်တွင် ရန်ကုန်ဆန်ဈေးကွက် ပေါ်ဆန်းဆန် အဝယ်လိုက်သောကြောင့် ယခင်ကပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၃၉၅၀၀-၄၁၀၀၀ မှ ယခုဆန်တစ်အိတ်ကို ကျပ် ၄၀၀၀၀-၄၂၀၀၀ ဈေးဖြစ်သွားသောကြောင့်ဆန်တစ်အိတ်ကို ကျပ် ၅၀၀-၁၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်မြို့နယ်များတွင် ဆန်၊ စပါးဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ပုံမှန်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပသ)**

# ခရီးသွားလုပ်ငန်းကဏ္ဍရှိ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်စားသောက်ကုန်ဘေးကင်းရေး စနစ်ဆိုင်ရာ ITCအမြင်ဖွင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအစိုးရ (SECO) နှင့် ကမ္ဘာ့ကုလသမဂ္ဂအစုအဖွဲ့ (UN cluster) ကုန်သွယ်ရေးနှင့် ကုန်ထုတ်စွမ်းအား စွမ်းရည်မြှင့်တင်မှုစီမံကိန်းမှ International Trade Center (ITC) က ဦးဆောင်၍ကျင်းပပြုလုပ်သည့်ခရီးသွားကဏ္ဍတွင် သန့်ရှင်းသောအလေ့အကျင့်များနှင့် အစားအစာဘေးကင်းလုံခြုံရေးအသိပေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲကိုရှမ်းပြည်နယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားခြင်း၊ မြန်မာ-SECO စီမံကိန်းကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် UNOPS မှ International Coordinator Mr.Salesio T Zvawada မှလည်း စီမံကိန်းနှင့်ပတ်သက်သည့် မြန်မာနိုင်ငံအစိုးရ (SECO) နှင့်ကမ္ဘာ့ကုလသမဂ္ဂ အစုအဖွဲ့ (UN cluster) ကုန်သွယ်ရေးနှင့်ကုန်ထုတ်စွမ်းအား စွမ်းရည်မြှင့်တင်မှု စီမံကိန်း အကြောင်းမိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသည် ITCအဖွဲ့၊ ပြည်နယ် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ တက်ရောက်လာသူများနှင့်အတူစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။ International Trade Center (ITC)မှကျွမ်းကျင်ပညာရှင် Dr. Namrata P Wakhaloo မှ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ (Food Safety Expert)နှင့် ITC အကြောင်းမိတ်ဆက်ခြင်း၊ မြန်မာနိုင်ငံအတွင်းစား သောက်ကုန်ဘေးကင်းစေရေးပံ့ပိုးမှုအကြောင်း၊ နိုင်ငံတကာမှ စားသောက်ကုန် ဘေးကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ရေးဆိုင်ရာ တင်ပြဆွေးနွေးခြင်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိတစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် ပတ်သက်သော Codex လိုအပ်ချက်များအကြောင်း ဆွေးနွေးတင်ပြခြင်း၊ Miss. Marta Drogo အကြံပေးပညာရှင် ITC မှ ITC ၏ ချဉ်းကပ်မှုပုံစံနှင့် နည်းစနစ်များအကြောင်းဆွေးနွေးခြင်းနှင့် Working Group ဖွဲ့၍ အင်းလေးကန်အနီးတစ်ဝိုက်များရှိ ခရီးသွားလုပ်ငန်းများဆိုင်ရာ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိ သူများ၊ အင်းလေး၊ ညောင်ရွှေ၊ ကလော၊ တောင်ကြီးမြို့နယ်များမှ ဟိုတယ်စားသောက်ဆိုင်လုပ်ငန်းရှင်များ စုစုပေါင်းလူဦး ၇၀ ဦး တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

**ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၃-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၇ | ၃၈၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၇၄ | ▽ | ၃၃၈ | ၃၄၅ | △ | ၃၇၀ | ၃၇၀ | □ | ၃၅၅ | ၃၅၈ | △ |
| ဆန်ဖြူ ၁၀% | ၃၇၆ | ၃၇၃ | ▽ | ၃၃၆ | ၃၄၀ | △ | - | - | - | ၃၅၀ | ၃၅၃ | △ |
| ဆန်ဖြူ ၁၅% | ၃၇၄ | ၃၇၁ | ▽ | ၃၃၃ | ၃၃၅ | △ | - | - | - | ၃၄၅ | ၃၄၈ | △ |
| ဆန်ဖြူ ၂၅% | ၃၆၇ | ၃၆၄ | ▽ | ၃၂၀ | ၃၂၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၂၀ | ၃၂၃ | △ |
| ပေါင်းဆန် | ၄၁၂ | ၄၀၆ | ▽ | - | - | - | ၃၇၈ | ၃၇၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၈-၃-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၅၀ | △ | ၂၂၅၀၀ | □ | ၉၃၅၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၃၃၀ | □ | ၂၂၀၀၀ | □ | ၉၅၀၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၂၅၀၀ | △ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၇၅၀၀ | □ | ၃၂၀၀၀ | □ | ၁၃၅၀၀ | □ | ၄၃၀၀၀ | △ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၃၅၀၀ | □ | - | - | ၅၀၅၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၈၀၀ | △ | ၄၂၀၀၀ | □ | - | - | ၆၆၀၀၀ | □ |
| မြိတ် | ၆၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၁၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂-၃-၂၀၁၉ မှ ၈-၃-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 320 | 21,930,048.660 |
| 2 | Form D | 149 | 5,354,479.667 |
| 3 | Form E | 130 | 7,918,203.140 |
| 4 | Korea GSP | 15 | 896,614.740 |
| 5 | Form AK | 124 | 7,037,411.180 |
| 6 | Form AJ | 13 | 446,871.960 |
| 7 | Form AI | 69 | 3,018,156.910 |
| 8 | Form AANZ | 8 | 89,369.100 |
| 9 | Form DFTP | 3 | 186,800.000 |
| 10 | Form CHINA | | |
| **Grand Total** | | **831** | **46,877,955.357** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၃-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁/၂ | ၈/၃ | ပြောင်းလဲမှု | ၁/၃ | ၈/၃ | ပြောင်းလဲမှု | ၁/၃ | ၈/၃ | ပြောင်းလဲမှု | ၁/၃ | ၈/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၆၁ | ၁၁၆၈ | ▲ | ၁၁၈၃ | ၁၁၈၃ | ■ | ၁၀၅၀ | ၁၁၀၀ | ▲ | ၁၀၀၀ | ၁၀၀၀ | ■ |
| ပဲစင်းငုံ | ၁၁၄၉ | ၁၁၇၉ | ▲ | ၁၀၅၀ | ၁၁၀၀ | ▲ | ၁၂၆၅ | ၁၂၆၀ | ▼ | ၁၂၈၅ | ၁၂၇၅ | ▼ |
| ပဲတီစိမ်း | ၁၃၃၀ | ၁၅၅၀ | ▲ | ၁၈၆၇ | ၁၇၇၀ | ▼ | ၁၆၈၄ | ၁၆၀၅ | ▼ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၀၅၀ | ၁၀၀၀ | ▼ | ၁၂၈၄ | ၁၂၉၃ | ▲ | ၁၂၈၉ | ၁၂၇၀ | ▼ | ၁၂၀၀ | ၁၃၀၅ | ▲ |
| ပဲလွန်းဖြူ | ၉၆၅ | ၉၆၅ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၂၁၀ | ၁၃၁၅ | ▲ | ၁၂၁၀ | ၁၂၄၀ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၂၅၀ | ၂၂၂၂ | ▼ | ၂၀၁၅ | ၂၁၃၁ | ▲ | ၁၉၇၅ | ၂၁၅၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၃.၂.၁၉)ထိ | ယခုတစ်ပတ် (၂.၃.၁၉)ထိ | (၁.၁.၁၉) မှ (၂.၃.၁၉) ထိ |
| မတ်ပဲ | ၇၃၉၃၉ | ၁၈၇၄ | ၇၅၈၁၃ |
| ပဲတီစိမ်း | ၂၈၄၈၂ | ၉၀၀၂ | ၃၇၄၈၄ |
| ပဲစင်းငုံ | ၂၂၆၃၃ | ၆၂၅ | ၂၃၂၅၈ |
| ကုလားပဲ | ၈၄၇၉ | ၁၂၆၅ | ၉၇၄၄ |
| ပဲလွန်းဖြူ | ၃၀၃၄ | ၁၃၂၇ | ၄၃၆၁ |
| မြေထောက်ပဲ | ၆၃၀ | ၂၃၈ | ၈၆၈ |

## ပြည်ပဲဈေးကွက်တွင် မတ်ပဲသီးနှံအရောင်းအဝယ်သွက်

ယခုတစ်ပတ် ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်အတွင်းသို့ မတ်ပဲသစ်များ၊ တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကျော်ထိ ဝင်ရောက်မှုများနေခဲ့ပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ကြပြီး ရန်ကုန်ဝယ်လက်အဝယ်လိုက်ခဲ့လို့ ဝင်လာသမျှ ရောင်းဝယ်မှုဖြစ်ခဲ့ကြပါတယ်။

ပဲဈေးမှာတစ်တင်းကျပ် ၂၃၂၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုရလာပါတယ်။ ယခုနှစ်မတ်ပဲဈေးမှာ ယခင်နှစ်ကထက် ဈေးကောင်းရနေလို့ ပဲစိုက်တောင်သူများ ယခုနှစ်အကျိုးအမြတ်ရနိုင်ကြောင်း သိရှိရပါတယ်။ ယခင်နှစ်က မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ဈေးကွက်အတွင်း ဈေးအနိမ့်ရခဲ့သော ပဲများဖြစ်နေခဲ့ပြီး ယခုနှစ်မှာတော့ ပဲသစ်စပေါ်စကတည်းက ဈေးကောင်းနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲဈေးကွက်တွင် ပဲကြီးသီးနှံသစ်များဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ပဲကြီးသီးနှံသစ်များ နေ့စဉ်ဝင်ရောက်နေပြီး ပဲဟောင်းလက်ကျန်များလည်းရှိကြတဲ့အတွက် ပဲဟောင်း၊ ပဲသစ်နှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းများမှာတော့ ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၃၅၅၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၂၅၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်နေခဲ့ကြပြီး ဝယ်လက်အနေဖြင့် ပဲကြော်ဖိုလုပ်ငန်းသမားများရော ရန်ကုန်ဝယ်လက်သမားများပါ အဝယ်ရှိနေခဲ့ကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်းမှာ ပဲကြီးသီးနှံအနေဖြင့် ဈေးအမြင့်နဲ့ရောင်းဝယ်နေသလို အရောင်းအဝယ်လည်း သွက်နေတဲ့သီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲဈေးကွက်မှာ ကုလားပဲသစ်များ အဝင်လှိုင်လာခဲ့

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ဆောင်းသီးနှံကုလားပဲသစ်များ အဝင်များလာတာကြောင့် တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကျော်ထိဝင်ရောက်လျက်ခဲ့ပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်ဖက်မှလည်း ဝင်ရောက်မှုရှိလာခဲ့ပြီး ဝယ်လက်ခွဲစက်သမားများ အဓိကဝယ်ယူနေခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် ပဲသစ်ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြကာ ပဲဈေးမှာ တစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ် လျော့သွားပြီး ယခင်နှစ်ဈေးထက်တော့ ဈေးပိုလာခဲ့ပါတယ်။ ယခင်နှစ်က မတ်လအတွင်းကုလားပဲသစ်ဈေးနှုန်းမှာတစ်တင်း ကျပ် ၂၆၀၀၀၊ ကျပ် ၂၇၀၀၀ သာရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

# ဟသ်ာတတွင် ပဲတီစိမ်းတွက်ခြေကိုက်နေ



ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်သည် မိုးစပါးစိုက်ပျိုးပြီးစီးချိန်တွင် သီးထပ်အဖြစ် ပဲမျိုးစုံစိုက်ပျိုးခြင်း၊နွေစပါးစိုက်ပျိုးခြင်းတို့ကို ပြုလုပ်သောဒေသဖြစ်ပြီး မတ်ပဲကို အများဆုံး စိုက်ပျိုးကြသည်။ ၂၀၁၇ ခုနှစ် မတ်ပဲဈေးနှုန်းကျဆင်းသည့်ကာလမှစ၍ တောင်သူများ သီးထပ်စိုက်ပျိုးရာတွင် မတ်ပဲအစား ပဲတီစိမ်းနှင့်နွေစပါးကို အစားထိုး စိုက်ပျိုးလာကြသော်လည်း တောင်သူအများစုမှာ စိုက်ပျိုးနေကြဖြစ်သော မတ်ပဲကိုသာပိုမိုစိုက်ပျိုးပြီး ပဲတီစိမ်းကို အစမ်းဧကအနည်းငယ်သာစိုက်ပျိုးရာ ၂၀၁၈-၂၀၁၉ သီးထပ်ရာသီတွင် ၄၉၁၆၂ ဧက စိုက်ပျိုးခဲ့ပြီး မတ်ပဲ စိုက်ပျိုးမှု၏ တစ်ဆယ်ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ မတ်ပဲနှင့် ပဲတီစိမ်းသည် စိုက်ပျိုးထွက်ရှိသည့် ကာလတူညီပြီးစိုက်ပျိုးမှုပုံစံမှာလည်းကွာခြားမှုမရှိကြောင်း သိရသည်။ မတ်ပဲကို နိုဝင်ဘာလတွင်စတင်စိုက်ပျိုးပြီး မတ်လဆန်းဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ၂၃၀၀၀ဈေးပေါက်နေပြီး ပဲတီစိမ်းမှာကျပ် ၂၆၀၀၀ မှ ၂၇၀၀၀ ဈေးပေါက်လျက်ရှိပါသည်။ ဟသ်ာတမြို့နယ်၊ နတ်မော်အုပ်စု၊ စခန်းကြီးကျေးရွာရှိ ဧက ၅၀ ခန့် စိုက်ပျိုးသောတောင်သူ ဦးတင်အောင်ချိုက ယခုနှစ်တွင် သီးထပ်အဖြစ် မတ်ပဲ ဧက ၃၀ ခန့်၊ ပဲတီစိမ်း ဧက ၂၀ ခန့် စိုက်ပျိုးခဲ့ရာ ပဲတီစိမ်းထွက်နှုန်းမှာ တစ်ဧကလျှင် ၁၄ တင်းခန့်ထွက်ရှိပြီး ဈေးမှာလည်း မတ်ပဲဈေးထက် ပိုမြင့်သဖြင့် ပဲတီစိမ်းက ပိုမိုတွက်ခြေကိုက်ကြောင်း၊ ပဲတီစိမ်း ဝါးခယ်မမျိုးကို စိုက်ပျိုး ကြောင်း၊ သွင်းအားစုသုံးစွဲရာတွင်လည်း မှိုသတ်ဆေးသာ အနည်းငယ်ပိုသုံးရကြောင်း၊လာမည့်နှစ်တွင် ပဲတီစိမ်းကို ပိုမို စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ရှိ တောင်သူများမှာလည်း ပဲတီစိမ်းစိုက်ပျိုးမှုကို ပိုစိတ်ဝင်စားလာကြကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

## သာယာဝတီမတ်ပဲဈေး မြင့်တက်လာ

သာယာဝတီခရိုင်၊ ပဲမျိုးစုံဈေးကွက်မှာအရောင်းအဝယ်ဖြစ်နေတဲ့ မတ်ပဲဈေးမှာ ယခင်သီတင်းပတ်အတွင်း အရောင်းအဝယ်မဖြစ်ဘဲ ဈေးနှုန်းကျဆင်းလျက်ရှိရာပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ခန့်သာရှိပြီး ယခုသီတင်းပတ်အတွင်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၃၂၀၀အထိပြန်လည် မြင့်တက် လာတာကိုတွေ့ရှိရပါတယ်။ မတ်ပဲဈေးတက်ရခြင်းမှာမတ်ပဲအသစ်များပေါ်ပြီး ဝယ်လက်ရှိသောကြောင့် မြင့်တက်လာခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။ **ခင်ခင်ထိုက်(သာယာဝတီ)**

## ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းသီးနှံဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေး ကွက်သို့ ဆောင်းပဲတီစိမ်းသီးနှံ ဝင်ရောက်မှုဆက်ရှိနေခဲ့သော်လည်း ပဲအဝင်လျော့နည်းလာပြီဖြစ်တယ်လို့ သိရပါတယ်။ တစ်ရက်အိတ် ၁၀၀ မှ ၂၀၀ ကျော်ခန့်သာ ဝင်ရောက်ခဲ့ပြီး ပြည်အနီးတစ်ဝိုက်ဒေသအချို့မှ ဝင်ရောက်ခြင်းဖြစ်ကာ နှစ်ကုန်ပိုင်းလောက်ကတည်းက ပဲသစ်များဝင်ရောက်နေတာကြောင့် ယခုအချိန်မှာတော့ ပဲအထွက်တဖြည်းဖြည်းလျော့နည်းလာချိန်ဖြစ်လို့ အဝင်နည်းသွားခြင်းဖြစ်ပါတယ်။ ဝယ်လက်အနေဖြင့် ရန်ကုန်၊ မန္တလေးလိုင်းသမားများကတော့ အဝင် ရှိသလောက် ဝယ်ယူနေကြပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၃၁၀၀၀ ဖြင့်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်တော့ ဈေးပိုရလျက်ရှိနေခဲ့ပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## အညာပဲစင်းငုံအဝယ်အေးတဲ့အတွက် ဈေးငြိမ်နေ

မကွေးတိုင်းဒေသကြီး ရေနံ ချောင်းမြို့နယ်၊နတ်မောက်မြို့နယ်တို့မှ ထွက်သော ပဲစင်းငုံအဝယ်အေးပြီး ဈေးငြိမ်နေကာ ရောင်းလိုအားနည်းနေကြောင်း အထက်ပါဒေသရှိပဲဈေးမှသိရသည်။

“ဒီနှစ်ကကျွန်တော်တို့ ကျေးရွာအပြင် အခြားကျေးရွာတွေလည်း ပဲစင်းငုံကို ယခင်ကထက် လျှော့စိုက်ကြတာပါ။ ဒီတော့အထွက်ကလည်း ယခင်နှစ်က ထက်လျော့သွားတယ်။ နောက်တစ်ချက်က အသစ်ပေါ် ချိန်ပြာသိုလဆန်းက ပဲစင်းငုံတစ်တင်းကျပ် ၃၀၀၀၀ ဈေးနှင့် အမြင့်ဆုံးဈေးရောင်းခဲ့ကြတာ။ ပဲလက်ကျန်နည်းလာတာလည်းပါတယ်”ဟု ရေနံချောင်းမြို့နယ်မှ ပဲပွဲစားတစ်ဦး ကပြောသည်။

လက်ရှိပဲဈေးကွက်၌ပဲစင်းငုံမှာ တစ်တင်း ကျပ် ၂၃၀၀၀ ကနေ ကျပ် ၂၆၀၀၀ အထိ ပဲအမျိုးအစားပေါ် မူတည်ပြီး ဈေးအမြင့်အနိမ့်ရှိကြောင်း သိရသည်။“ကျွန်တော်တို့ရွာတွေမှာ ကုလားပဲခြမ်းတစ်တင်း ကျပ် ၄၅၀၀၀ ဝယ်သုံးရတာပါ။ ယခုပဲစင်းငုံတစ်တင်းကျပ် ၂၆၀၀၀ ဆိုတော့ အလှူတွေမှာပဲနှပ်ပဲဟင်း အဖြစ်သုံးတာပါ”ဟု ရေနံချောင်းမြို့နယ်မှ ဒေသခံကိုလှငွေက ပြောသည်။ **ရွှေဇင်(ရေနံချောင်း)**

## သနပ်ပင်မြို့နယ် ဧည့်မထဆန်/စပါးဈေးနှုန်း၊ ပဲတီစိမ်းအခြေအနေ

ယခုတစ်ပတ် သနပ်ပင်မြို့နယ် ဧည့်မထစပါးပေါက်ဈေးကတော့ ပေါင် ၅၀ တင်း ၁၀၀ကို ကျပ် ၆၀၀၀၀၀ ဆန်ဈေးကတော့ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ ပေါက်ဈေးရှိပြီး ပဲတီစိမ်းကတော့ တစ်တင်းကို ကျပ် ၄၂၅၀၀ ဈေးရှိပါတယ်။ ဧည့်မထဆန်နှင့် ပဲတီစိမ်းများကိုရန်ကုန်ဘုရင့်နောင်ပွဲရုံသို့တင်ပို့နေကြကြောင်းနှင့် သယ်ယူပို့ဆောင်ခတစ်အိတ်ကို ကျပ် ၄၀၀ ပေးရကြောင်း သိရှိရပါတယ်။ **သိန်းဆွေ(သနပ်ပင်)**

## ပြည်ဈေးကွက်တွင် နှမ်းနီနှင့် နှမ်းနက်များဈေးပြန်မြင့်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ်နှမ်းနီနှင့်နှမ်းနက်ဈေးအနည်းငယ်ပြန်မြင့်လာပြီး စမုံနက်နှမ်းဈေး အနည်းငယ်ပြန်ကျ လာတာတွေ့ရပါတယ်။

စမုံနက်နှမ်းကို ဝယ်လက်နည်းသွားတဲ့အတွက် ယခုတစ်ပတ်တွင် နှမ်းဈေးအနည်းငယ်ကျလာတာဖြစ်တယ်လို့ သိရပါတယ်။ နှမ်းနီမှာ ဈေးကွက်တွင်မရှိသလောက်နည်းသွားပေမယ့် ရှိနေသေးတဲ့နှမ်းနီကြောင့် အရောင်းအဝယ်မှာ ရက်ခြားဖြစ်ပေမယ့်ဈေးမှာလည်း ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ ဆောင်းနှမ်းနက်ကိုလည်း မန္တလေးဝယ်လက်များက အဝယ်ရှိလို့ တစ်နေ့လျှင် အိတ် ၂၀၀လောက်သာအရောင်းအဝယ် ဖြစ်ပြီး ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၆၀၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုနေတာတွေ့ရပါတယ်။

စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၇၆၀၀၀ ဖြင့် ဝယ်လိုအား နည်းသွားလို့ ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ စာရင်းဝင်ကူးစက်ရောဂါ ဖြည့်စွက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ( ၂၄ / ၂၀၁၉)
နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

အမှတ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ ( ခ ) နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော အောက်ပါရောဂါကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ **( ခ ) စာရင်းဝင်ကူးစက်ရောဂါ** အဖြစ် ဖြည့်စွက်သတ်မှတ်ကြေညာလိုက်သည်-

**(ခ) စာရင်းဝင်ကူးစက်ရောဂါ**

| စဉ် | ရောဂါအမည် | ဖြစ်ပွားတတ်သော တိရစ္ဆာန် |
|---|---|---|
| (၁) | အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) | ဝက် |

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး

## ဧရာဝတီတိုင်းဒေသကြီး တောင်စုကျေးရွာတွင် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ တောင်စုကျေးရွာတွင် မတ်လ ၂ ရက်က တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်၊ တိုင်းတရားသူကြီးချုပ်ဦးသန်းထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များမြို့မိမြို့ဖ ဒေသခံပြည်သူ ဖိတ်ကြားထားသူများနှင့် တောင်သူလယ်သမားကြီးများ ၃၀၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ်၊ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဖတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တောင်သူ လယ်သမားနေ့အခမ်းအနား အဖွင့်အမှာစကားပြောကြားခဲ့ရာ မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကိုအားထား၍ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေအများစုမှာ တောင်သူလယ်သမားများဖြစ်ကြောင်း၊ နိုင်ငံ လူဦးရေ၏ (၁၁)ရာခိုင်နှုန်းခန့်လယ်ယာကဏ္ဍဖြင့် အသက် မွေးဝမ်းကျောင်းပြုသည့် တောင်သူလယ်သမားအများစုနေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီးကို ဆန်အိုးကြီးဟု တင်စားရသည့်အထိ နိုင်ငံစီးပွားရေး အသက်သွေးကြောသဖွယ် အထောက်အကူပြုလျှက်ရှိကြောင်း၊ ရေရှည်တည်တံ့သည့် လယ်ယာထုတ်ကုန်စနစ်ထွန်းကား၍ နိုင်ငံတကာနှင့် ယှဉ်ပြိုင် နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်မျှော်မှန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိရာ ယခင်အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံရသည့် လယ်မြေများ မူလပိုင်ရှင် တောင်သူများကို စနစ်တကျ လွှဲပြောင်းအပ်နှံနိုင်ရေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများအတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်ဖြင့် ဖွဲ့စည်းအလေးထား စိစစ်ဆောင်ရွက်ပေးလျှက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သော ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများအား ဆုများချီးမြှင့်ခဲ့ပြီး စွန့်လွှတ်မြေများအား တောင်သူများ လက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ရာတွင် ယုဇနကုမ္ပဏီမှ ထပ်မံစွန့်လွှတ်သည့် (၆၃၆) ဧကတောင်သူ (၁၀၃)ဦး၊ ခလရ (၉၃)မှ ပြန်လည်စွန့်လွှတ်သည့် (၂၀၉)ဧက တောင်သူ(၆၆)ဦး၊ ကြံခင်းမြို့နယ် မက်သနောစက်ရုံမှ ပြန်လည်စွန့်လွှတ်သည့် (၄၈၁)ဧက တောင်သူ(၁၅၇)ဦး၊ ခလရ (၃၆)မှပြန်လည်စွန့်လွှတ်သည့် (၈၄)ဧက တောင်သူ(၂၉)ဦး အား ပေးအပ်ခဲ့ပြီး တောင်သူများ ကိုယ်စား တောင်သူ(၁)ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်၊ တောင်သူလယ်သမားနေ့အခမ်းအနားတွင်လယ်ယာသုံးစက်ကရိယာ၊ စက်မှုလယ်ယာ နည်းပညာအသိပေး ပြခန်းများနှင့်ဌာနဆိုင်ရာ ပြခန်းများအပါအဝင် ပြခန်းပေါင်း ၆၀ ခန့်ပြသထားပြီး နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ပြည်ထောင်စုဒုတိယဝန်ကြီးများ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ရာတွင် စားသုံးသူရေးရာဦးစီးဌာန ပြခန်းမှာတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က 'တိုင်းဒေသကြီးအတွင်း ထုတ်ကုန်များ ထုတ်လုပ်မှုအခြေအနေနှင့် စားသုံးသူရေးရာအသိပညာပေးမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ' ဒုတိယသမ္မတမှအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## မြန်မာ့ဆိပ်ကမ်းတွင် ၇ . ၃ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | -MT AU VIRGO | P.Oil(In Bulk) ၄၃၀၀ ကုန်ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | -MT VIET TIN LUCKY | P.Oil(In Bulk) ၅၀၅၀ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | -SINAR BALI | TEU ၇၀၅ တင် ၈၇၈ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -IAL-001 | TEU ၄၄၀ တင် ၇၁၁ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -CAPE FLORE | TEU ၇၅၃ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - VANTAGE REEF | ဆန် ၂၀၀၀၀ တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - BORKUM | Steel4750&5Units 20Contr |
| ဆူးလေဆိပ်ကမ်း(၅) | - ALS SUMIRE | TEU ၇၆၅ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - JY PROGRESS | Steel ၂၃၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - SPRING ARAM | Oil Well Equipment ၂၄၃၁ တင်ရန် |
| သီလဝါဆိပ်ကမ်း(၅) | - SADLERS WELLS | Steel Product& Urea ၂၉၈၇၄ ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Mogas (92Ron) ၁၀၉၂၁ ချဆဲ |
| Green Asia JETTY | - MT YU HAI | Diesel ၁၉၄၂၀ ချဆဲ |
| PUMA JETTY | - MT OCEAN BASS | Diesel ၁၀၁၅၇ ချဆဲ |
| MOGE JETTY | - PACIFIC PELICAN | အလုပ်မလုပ် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SAM FALCOM | Rice ၂၁၃၀၀ တင်ရန် | AFRICA | ၈.၃.၂၀၁၉ |
| XING FU SONG | G/C ၂၁၆၅ ကုန်ချရန် | CHINA | ၁၁.၃.၂၀၁၉ |
| MALAYSIA STAR | Unit Vehicle ၃၂ ကုန်ချရန် | JAPAN | ၁၂.၃.၂၀၁၉ |
| VINALINES BRAVE | STEEL ၄၉၉၀ ကုန်တင်ရန် | CHINA | ၁၃.၃.၂၀၁၉ |
| BLUE LOTUS | Urea (In Bulk) ၁၂၀၀၀ ကုန်ချရန် | MALAYSIA | ၁၃.၃.၂၀၁၉ |
| IMKE SELMER | Steel& Fertilizer ၂၃၅၀၀ကုန်ချရန် | CHINA | ၁၉.၃.၂၀၁၉ |
| HAI PHUONG ASIA | Steel Plate ၃၀၀၀ ကုန်တင်ရန် | INDONESIA | ၁၉.၃.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BIPL TRUST | SINGAPORE | အလုံဆိပ်ကမ်း | ၇.၃.၂၀၁၉ |
| PACAO | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၃.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၃.၂၀၁၉ |
| ISECAO FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၉.၃.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၃.၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၃.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၃.၂၀၁၉ |
| SAN GIORGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၃.၂၀၁၉ |
| MCC SHANGHAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၃.၃.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | Diesel | - | ၇.၃.၂၀၁၉ |
| MT.GLORY STAR | Diesel | SINGAPORE | ၈.၃.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၈.၃.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၈.၃.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၈.၃.၂၀၁၉ |
| MT.GLORY STAR | Diesel | SINGAPORE | ၉.၃.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၉.၃.၂၀၁၉ |
| MT.YU DONG | Diesel | SINGAPORE | ၉.၃.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS(92 RON) | SINGAPORE | ၁၀.၃.၂၀၁၉ |
| MT.ARMONIA | P.Oil(In Bulk) | INDONESIA | ၁၀.၃.၂၀၁၉ |
| MT.OCEAN COO | Diesel | SINGAPORE | ၁၁.၃.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၁၂.၃.၂၀၁၉ |
| MT.YU HAI | Diesel | SINGAPORE | ၁၅.၃.၂၀၁၉ |
| MT.KIRANA HASTA | Diesel | SINGAPORE | ၁၆.၃.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၁၉.၃.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၁၉.၃.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၂၁.၃.၂၀၁၉ |

## သံတောင်ကြီးဒေသထွက် ကွမ်းသီးဈေးကျ

တောင်ငူခရိုင်အတွင်းရှိ ထန်းတပင်မြို့နယ်၊ လှည်းလမ်းကူးကျေးရွာ၊ ချောင်းဝကျေးရွာ၊ ကျောက်ကြီးကျေးရွာ၊ ကျောက်ကြီးမြို့နယ် ထုံးကြီးကျေးရွာ၊ ရှမ်းကျောင်းကျေးရွာများနှင့် သံတောင်ကြီးမြို့နယ်၊ သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိကျေးရွာအုပ်စုရှိကျေးရွာခွဲများတွင် ကွမ်းသီးကို အများအပြား စိုက်ပျိုးပါသည်။ ကွမ်းသီးပေါ်ကစတွင် ကွမ်းသီးပြောင်တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ကျပ် ၈၀၀၀ ဈေးအထိရရှိပြီး ကွမ်းသီးရွေး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေးအထိရရှိကြောင်း သိရှိရပါသည်။ လက်ရှိပေါက်ဈေးမှာ ကွမ်းသီးပြောင်တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၅၅၀၀နှုန်းရှိပြီး ကွမ်းသီးရွေး တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ကျပ် ၇၀၀၀ ဈေးရရှိကြောင်း သိရှိရပါသည်။ အလားတူ သံတောင်ကြီးမြို့နယ်ရှိ ဘောဂလိဒေသမှ ထွက်ရှိသော ကွမ်းသီး ဈေးကွက်ဈေးကျရခြင်းမှာ ဒေသအတွင်းသို့ရေး၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင် သီးများဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်းလည်း စုံစမ်းသိရှိရပါသည်။

**စောသန်းထိုက်ကျော် (တောင်ငူ)**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဝယ်လိုအားများ၍ အရောင်းအဝယ်သွက်လျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနှံများ ဝယ်လိုအားများကာ အရောင်းအဝယ်မှာ သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ထက် ဝယ်လိုအားပိုရှိနေသည့်အတွက် ပြည်ပွဲရုံလုပ်ငန်းရှင်များမှ ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ မကွေးတိုင်းအတွင်းရှိ တောင်တွင်း၊ အောင်လံ၊ သရက်စတဲ့မြို့နယ်များသို့ ပိုမို မှာယူတင်သွင်းမှုများရှိလာကြောင်းလည်း သိရပါတယ်။

ဝင်ရောက်မှုအနေနဲ့လည်း တစ်ရက်ကိုပိဿာ ၃၀ ဝင်အိတ် ၇၀၀ မှ ၈၀၀ ခန့်ရှိသဖြင့် ယခင် တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အိတ် ၃၀၀ ခန့် ပိုမိုဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြည်ပွဲရုံများမှ နယ်ကျော်တင်ပို့မှုအဖြစ် ဧရာဝတီတိုင်းရှိ ကြံခင်း၊ မြန်အောင်တို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ တောင်ကုတ်၊ သံတွဲအစရှိတဲ့မြို့များသို့လည်းကောင်း တင်ပို့လျက်ရှိပြီး ပြည်ခရိုင်အတွင်းနှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်အားလုံးမှ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ပြည်ဒေသတွင်း ဝယ်လက်များတို့၏ရောင်းဝယ်မှုများအပါအဝင်တစ်ရက်ကို ဝင်ရောက်မှုရဲ့ အားလုံးနီးပါးခန့် အရောင်းအဝယ် ဖြစ်လျက်ရှိနေကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံများတွင် ကြီးလတ်အမျိုးအစားများကို ဈေးနှုန်းတူညီစွာဖြင့် တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၅၀၀-၅၅၀-၆၀၀၊ (သေး/သေးဆုံး) ကျပ် ၃၅၀-၄၀၀-၄၅၀ နှုန်းရှိပြီး လက်လီဈေးအသေးများတွင်လည်း တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၇၀၀-၈၀၀-၉၀၀-၁၀၀၀၊ (သေး) ကျပ် ၆၀၀-၆၅၀၊ (သေးဆုံး) ကျပ် ၅၀၀-၅၅၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# မြန်မာ-တရုတ်နယ်စပ် ကြက်သွန်နီဈေးနိမ့်

ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀ ဝန်းကျင်သာရရှိကြောင်း သိရှိရပါသည်။ ကြက်သွန်နီဈေးလျော့နည်းပေမယ့် တင်ပို့မှုမှာ ပုံမှန်တင်ပို့လျက်ရှိပါသည်။ ဖေဖော်ဝါရီ ၂၇ ရက် မှ မတ် ၅ ရက်ထိ တစ်ပတ်အတွင်း တင်ပို့သည့် ကြက်သွန်နီမှာ ကားအစီးရေ ၈၅ စီး၊ တန်ချိန် ၂၇၃၄ ဒသမ ၅၀၀ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၃ သန်း တင်ပို့ခဲ့သော်လည်း ကြက်သွန်နီဈေးမှာ သိသိသာသာ မြင့်တက်ခြင်းမရှိသည့်အတွက် တောင်သူနစ်နာလောက်သည့် ဈေးဖြစ်နေခဲ့ပါ သည်။

တစ်ပတ်အတွင်း ငွေဈေးမှာလည်း တစ်ယွမ်လျှင် ကျပ် ၂၂၃-၂၂၅ ကျပ် ဈေးပေါက်သဖြင့် ကြက်သွန်နီတစ်တန်လျှင် မြန်မာ ငွေကျပ် ၂၄၂၀၀၀-၂၄၅၀၀၀ အတွင်းရရှိပြီး တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၃၉၀-၄၀၀ ခန့် တရုတ်ယွမ် ၁ ဒသမ ၇ ယွမ်ရရှိကြောင်း သိရပါသည်။ ယခင်လ တင်ပို့မှုမှာ ၂၉၈ တန် ဖြစ်သဖြင့် ၂၄၆ ဒသမ ၅ တန်လျော့နည်းကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရပါသည်။

**စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပခုက္ကူနှင့် ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီဈေးအနည်းငယ်ကျ



ပခုက္ကူခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်သော ပခုက္ကူ၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူနယ်များမှ ကြက်သွန်နီ မိုးစိုက်(ဥစိုက်)များဥပုသ်နေ့မှလွဲ၍နေ့စဉ် ပိဿာချိန် ၃၀၀၀၀ မှ ၆၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးနှုန်းအနေဖြင့်ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၅၀ မှ ၁၀၀ ခန့် ဈေးကျဆင်းသွားကြောင်း သိရသည်။

မိုးစိုက်ကြက်သွန်နီများမှာတောင်သူများထံ၌ လက်ကျန်နည်းနေပြီး ဆောင်းစိုက်ပင် စိုက်ကြက်သွန်နီမှာ စတင်တူးဖော်နေပြီးဖြစ်ပါသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းများမှာထိပ်စ တစ်ပိဿာလျှင် ၄၇၅-၅၂၅-၅၅၀ကျပ်၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၀၀-၃၅၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၈၀ မှ ၂၀၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ဆောင်းစိုက် ပင်စိုက်ပင်လေးစိုက် ကြက်သွန်နီများစတင်ဝင်ရောက်အရောင်းအဝယ်ဖြစ်နေပြီး ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၇၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၄၃၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးစိုက်(ဥစိုက်) ကြက်သွန်နီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ၃၇၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၀၀၊ အနိမ့်စတစ်ပိဿာလျှင် ၂၂၅ ကျပ်ဖြင့် နေ့စဉ် ကုန်ချိန်၁၅၀၀၀ မှ၃၀၀၀ကြားအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## စိမ်းစားဥ

# ပွင့်ဖြူမြို့နယ်တွင် စိမ်းစားဥလှိုင်လှိုင်ပေါ်ပြီး တောင်သူများ ဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် စိမ်းစားဥများ လှိုင်လှိုင်ပေါ်ပြီး ကုန်စိမ်းဒိုင်များက ရာသီစာအဖြစ် ဝယ်ယူသောကြောင့် တောင်သူများဝင်ငွေရနေကြောင်း သိရသည်။

ကိုင်းမြေများတွင်ဆီထွက်သီးနှံနှင့်ပဲမျိုးစုံတို့ကို အဓိကစိုက်ပျိုးကြသည့်အပြင် စိမ်းစားဥများကို ရာသီစာအဖြစ်စိုက်ပျိုးကြောင်း၊ ယခုနှစ်တွင်ကြက်သွန်ဈေး မကောင်းသဖြင့် စိမ်းစားဥကိုပြောင်းလဲစိုက်ခဲ့ကြရာ အထွက်ကောင်းခဲ့ကြောင်း ပွင့်ဖြူမြို့နယ်၊ ငခြောက်ကျွန်းကျေးရွာက တောင်သူများထံက သိရသည်။

"ကိုင်းမြေတွေမှာကြက်သွန်စိုက်တာထက် စိမ်းစားဥစိုက်ခြင်းက နှစ်ဇကကို ကျပ်၁၂၀၀၀၀ ကျသင့်ပြီး အရင်းအနှီးနည်းခြင်းကြောင့် စိမ်းစားဥစိုက်ကြခြင်းဖြစ်တယ်။ စိမ်းစားဥ ပိဿာ၇၀၀ထွက်လျှင် တစ်ပိဿာ ကျပ် ၅၀၀ ရောင်းရတာကြောင့် တွက်ခြေကိုက်တယ်"ဟု ပွင့်ဖြူမြို့နယ်က တောင်သူ ဦးသန်းက ပြောသည်။

ပွင့်ဖြူမြို့နယ်ကထွက်သော စိမ်းစားဥကိုပြည်၊ မကွေး၊ နတ်မောက်၊ချောက်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့များက ဝယ်ယူကြောင်း၊ ယခင်နှစ်ကာလတူက စိမ်းစားဥ တစ်ပိဿာလျှင်ကျပ်၃၀၀သာရောင်းရပြီး ယခုနှစ် ကျပ်၅၀၀ ဝန်းကျင် ရောင်းရသောကြောင့် တွက်ချေကိုက်နေကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## နနွင်း

# ဒီတစ်ပတ် နနွင်းတန်ချိန် ၃၀၀ကျော် တင်ပို့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၁၉ ဒသမ ၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၆၉ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၆၁ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၅၆ ဒသမ ၈တန်နဲ့ ရီမန်နိုင်ငံသို့ ၃၃ ဒသမ ၀၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကိုပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၀-၅၁၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၁၄၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၆၃၅၂၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# အောင်ပန်းဈေးကွက်တွင် ရှမ်းနနွင်းပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ ချင်း/နနွင်းဈေးကွက်ကြီးနှစ်ခုဖြစ်တဲ့ အောင်ပန်း၊ ဟိုပုံးဈေးကွက်မှာ နနွင်းအသစ်တွေစပြီးဝင်နေပါပြီ။ အဝင်ကတော့ နည်းနေပါသေးတယ်။ ရာသီဥတုကြောင့်နနွင်းပြုတ်ခြောက် လုပ်ဖို့အတွက်လည်း အခက်အခဲရှိနေလို့ အဝင်နည်းနေသေးတာဖြစ်တယ်လို့လည်း ဈေးကွက်ကသိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ တစ်ပတ်အတွင်းဈေးကွက်ကိုဝင်နေတာက ပိဿာချိန်ထောင်ဂဏန်းခန့်သာရှိတယ်လို့လည်းသိရပါတယ်။ အရင်နှစ်လက်ကျန်ကတော့ ပိဿာချိန်တစ်သောင်းခန့်သာကျန်ရှိပြီး လတ်တလောမှာတော့အဟောင်းလက်ကျန်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေရတယ်လို့သိရပါတယ်။

ပြည်တွင်းသုံးအတွက် ဝယ်လက်ရှိသလို ပြည်ပဝယ်လက်လည်း အနည်းငယ်ဝယ်ယူမှုတော့ရှိနေပါတယ်။ ပြည်တွင်းသုံးဝယ်လက်တွေက အမှုန့်ကြိတ်ဖို့အတွက်သာဝယ်ယူနေပြီး မူဆယ်ဝယ်လက်ကတော့ တရုတ်ကို တင်ပို့ဖို့အတွက် ဝယ်ယူနေပါတယ်။ ပြည်တွင်းသုံးဝယ်လက်တွေကတော့ အမှုန့်ကြိတ်ဖို့အတွက်ထိပ်စကို ဝယ်ယူနေပြီး မူဆယ်ဝယ်လက်ကတော့ အကြမ်းစလို့ခေါ်တဲ့နိမ့်စတွေကို ဝယ်ယူတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးကတော့ အကြမ်းစက ကျပ် ၈၀၀၊ အချောက ကျပ် ၁၆၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ ပြည်တွင်းသုံးဝယ်လက်တွေသာ အဓိကဝယ်ယူနေပြီး ရန်ကုန်၊ မန္တလေး၊ ပြည်စတဲ့မြို့တွေက ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း ၇ ဒသမ ၅ သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံးကျပ် ၇၀၀ မှ အမြင့်ဆုံးကျပ် ၁၇၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## ချင်း

# ဒီတစ်ပတ် ချင်းတင်ပို့မှုလျော့

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်လ ၂ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇၇၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၆၄၅ တန်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ၂၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၃၆၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၉၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၄၁၁၄၃ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်း တင်ပို့မှုလျော့

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၁၆၃ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့ ၁၇၃ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၇၃၇ ဒသမ ၅ တန် ၊ စင်ကာပူနိုင်ငံသို့ ၇၈ တန်၊ ထိုင်းနိုင်ငံသို့ ၄၅ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၁၀၅၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၂၄၆၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၉၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၆၁၀၈၆၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**



# စီးပွားဖြစ် စိုက်ပျိုးရောင်းချမှုကို ဦးတည်လာသည့် ချင်းဒေသ၏ မျောက်ငိုပင်

သိမ့်သိမ့် (ကလေး)

မျောက်ငိုပင် (ParkiaSpeicosa) ဆိုသည်မှာ အပင်လုံးပတ်ပြောင်ချော၍ တက်ရန်ခက်ခဲပြီး မျောက်များပင်လျှင် ကိုင်းအဖျားထိ တက်ယူခူးဆွတ်ရန်အတွက် ခက်ခဲလှကာ ကိုင်းဆတ်သည့်အတွက် အသီးရရန် မျောက်များပင်ငိုယူရ၍ ထိုအသီးများကိုကြည့်ရင်းမျက်ရည်ကျရတဲ့အထိ ကိုင်းအဖျားမှာ တွဲလောင်းကျပြီးသီးတဲ့အပင်တစ်မျိုးဖြစ်လို့ မျောက်ငိုသီးဟု တင်စားခေါ်ခဲ့ကြောင်း လေ့လာ မှတ်သားဖူးပါတယ်။

မျောက်ငိုပင်များသည် ကမ်းရိုးတန်းဒေသမှ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ငါး ထောင်ခန့်အထိ မိုးရေချိန်အသင့်အတင့်ရရှိပြီး မြေဩဇာဓာတ်အတော်အသင့်ကောင်းမွန်ကာ အပူအအေးသမမျှတသည့်ဒေသတိုင်းမှာ စိုက်ပျိုးနိုင်ပါတယ်။ မျောက်ငိုသီးအပင်က အအေးပိုင်းမှာ ပိုမိုဖြစ်ထွန်းအောင်မြင်တဲ့ အပင်ဖြစ်တာကြောင့် စစ်ကိုင်းတိုင်းအထက်ပိုင်း ကလေးမြို့၊ တမူးမြို့နယ်နဲ့ ချင်းပြည်နယ်မှာ အများဆုံးတွေ့ရပါတယ်။ မျောက်ငိုပင်တွေကို ယခင်က တောင်စောင်း၊ ကျောက်ဆောင်ဘေးမှာပေါက်တဲ့ အလေ့ကျပေါက်တွေကိုသာ ဆွတ်ခူးရောင်းချရာမှ အိန္ဒိယနိုင်ငံမှ ကသည်းလူမျိုးများ သုံးစွဲမှုများလာလို့ ယနေ့မှာစနစ်တကျစီးပွားဖြစ် စိုက်ပျိုးလာသည်ကို သိရှိရပါတယ်။

မျောက်ငိုသီးပင်များကို (2 ပေ× 3 ပေ) ပတ်လည် စိုက်ကျင်းများတွင် မြေဆွေးများခံ၍ အစိုဓာတ်ကောင်းစွာ ရရှိနိုင်ရန်အတွက် ပျိုးပင်များကို မိုးရာသီဦးစနစ်တကျ စိုက်ပျိုးသင့်ကြောင်း သိရှိရပါတယ်။ အပင်ကြီးမျိုးဖြစ်သည့်အတွက် ပင်ကြားတန်းကြား ၂၀ ပေ ပတ်လည်စိုက်ပျိုးသင့်ပြီး တစ်ဧကတွင် အပင်ရေ ၁၀၀ ပင်ခန့် ဝင်ဆံ့ပါတယ်။ သီးကိုင်းများစေရန်အတွက် အပင်ငယ်စဉ်ကပင် ခေါင်နှိမ်ပြုပြင်ပေးသင့်ပါတယ်။ မျောက်ငိုပင်များသည် နှစ်ရှည်ပင်သီးနှံဖြစ်သောကြောင့် အိမ်ခြံဝန်းများတွင် ခြံစည်းရိုးအပင်အဖြစ်လည်းကောင်း၊ ဥယျာဉ်ခြံများတွင် အရိပ်ရပင်အဖြစ်လည်းကောင်း စိုက်ပျိုးနိုင်ပါတယ်။ မျောက်ငိုပင်စတင်စိုက်ပျိုးသည့်နှစ်မှ ငါးနှစ်သားအရွယ်ခန့်မှာ စတင်အသီးသီးတယ်လို့ဆိုပါတယ်။ ၁၀ နှစ်နဲ့ အနှစ် ၂၀ အတွင်း ကာလဟာ သီးအားအကောင်းဆုံး အချိန်ဖြစ်ပါတယ်။ အသီးပေါ်ချိန်အနေနဲ့ အောက်တိုဘာလမှဧပြီလအထိ သီးပါတယ်။စတင်သီးချိန်မှာတစ်ခိုင်လျှင် ၁၀ တောင့်ခန့်နဲ့ အသီးလှိုင်ချိန်ဆိုအခိုင်များပြီး တစ်ခိုင်မှာအတောင့် ၂၀ မှ ၃၀ တောင့်ခန့်သီးပါတယ်။ တစ်ပင်မှာဆို အသီးခိုင်ပေါင်း ၅၀ မှ ၂၅၀ ခန့်သီးပါတယ်။ မျောက်ငိုသီးတွေကို ရောင်းချရာတွင် အပင်ပြတ် ရောင်း/ဝယ်လျက်ရှိကြပါတယ်။အပင်အကြီး/အသေးပေါ် မူတည်ပြီး ကျပ် ၁၀ သိန်းမှ သိန်း ၂၀ ခန့်ရရှိနေပါတယ်။ ဝယ်သူ (ပွဲစား) တွေအနေနဲ့ကတော့ အသီးလှိုင်လှိုင်သီးရင် အမြတ်များများကျန်ပြီး အသီးမအောင် အသီးနည်းပါက အရှုံးပေါ်တဲ့ အချိန်တွေလည်း ကြုံတွေ့ရပါတယ်။

ချင်းပြည်နယ်ရှိ ရိခေါဒါရ်ဒေသ၊ ဖလမ်း၊ တီးတိန်မြို့၊ ကလေးမြို့၊ တမူးမြို့များမှ ထွက်ရှိသော မျောက်ငိုသီးများကို နယ်စပ်နိုင်ငံများဖြစ်သော အိန္ဒိယ၊ မီဇိုရမ်နှင့် မဏိပူရ်ပြည်နယ်ဘက်သို့ အများဆုံး တင်ပို့ရောင်းချကြပါတယ်။ မျောက်ငိုသီးမှာ အတောင့်လှပါက တစ်တောင့်လျှင် ကျပ် ၁၅၀ ရရှိပြီး အနည်းဆုံးဈေးအနေဖြင့် ကျပ် ၁၀၀ ရရှိပါတယ်။ အသီးပေါ်ချိန်တွင် အိန္ဒိယကုန်သည်ပွဲစားများမှ တမူးမြို့နယ်၊ နမ့်ဖာလုံဈေးတွင် နေ့စဉ် လာရောက်ဝယ်ယူကြတာကြောင့် နှစ်စဉ်မျောက်ငိုသီးဈေးတန်းကြီးဟာလည်း စည်ကားလျက်ရှိပါတယ်။ မျောက်ငိုသီးဈေးအနေဖြင့်လည်း အတောင့်ဖြောင့်လျှင် ၁၀၀ တောင့်ပါတစ်တွဲလျှင် ရူပီးငွေ (၅၀၀-၆၀၀) ခန့်၊ အတောင့်လိမ်လျှင် ရူပီးငွေ ၃၅၀-၄၀၀ ခန့် ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြည်တွင်းစားသုံးသူများသာမက ပြည်ပဝယ်လိုအားများသည့်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်တဲ့ အပင်တစ်မျိုးဖြစ်သောကြောင့် ပိုမိုစိုက်ပျိုးလာကြပြီး ဝင်ငွေကောင်းနေတာကြောင့် စိုက်ပျိုးသူများအား မျက်နှာပွင့်လန်းစေတဲ့အပင်ဖြစ်နေပါတယ်။



မျောက်ငိုသီးပင်သည် အသီးတင်မကပဲ အရွက်နုလေးများမှာလည်း ပြုတ်တို့စားနိုင်ပါတယ်။ နိုက်ထရိုဂျင်ဓာတ် ပါဝင်မှုများတာကြောင့် သဘာဝသစ်စိမ်း ဓာတ်မြေဩဇာအဖြစ်လည်း အသုံးဝင်ကြောင်းကိုလည်း သိရှိရပါတယ်။ အပင်ကြီးမျိုးဖြစ်တဲ့အတွက် နောင်တွင်လောင်စာအဖြစ်လည်း အကျိုးပြုပါတယ်။ မျောက်ငိုသီးရောင်းတန်းဝင်ချိန်မှာလည်း မျက်နှာမငယ်ရတဲ့အပြင် ဝယ်သူကအိမ်တိုင်ရာရောက် ဈေးလာဖြတ်ကြပြီး ကိုယ်တိုင်ဈေးကိုင်ရောင်းချနိုင်ပါသေးတယ်။

မျောက်ငိုသီးသည် ဒညင်းသီးနှင့်အနံ့အရသာ ဆင်တူသော်လည်း ကျန်းမာရေး အထောက်အကူဖြစ်စေသည့်အချက်များမှာ ကွာခြားလှပြီး စီးပွားရေးတွက်ခြေကိုက်သော အသီးမျိုးဖြစ်ပါတယ်။ မျောက်ငိုသီးကို ကသည်းလူမျိုးများက အများဆုံးစားသုံးကြပါတယ်။ မျောက်ငိုသီးစားသုံးခြင်းသည် ခန္ဓာကိုယ်အတွင်းမှ အညစ်အကြေးများ ကင်းစင်သည်ဟု ယုံကြည်ကြသောကြောင့် ကြိုက်နှစ်သက်စွာ စားသုံးကြတယ်လို့သိရတယ်။

မျောက်ငိုသီးသည် ကျန်းမာရေးအတွက် သင့်လျော်တဲ့အသီးတစ်မျိုးဖြစ်ကာ ဗီတာမင်ဓာတ်တွေအနေနဲ့ကတော့ ဗီတာမင် A၊ သံဓာတ်၊ ပရိုတင်းဓာတ်နဲ့ အခြားဗီတာမင်နဲ့ သတ္တုဓာတ်တွေ အများအပြား ပါဝင်ပါတယ်။ ဆေးပညာရှင်များရဲ့ လေ့လာစမ်းစစ်ချက်အရ မျောက်ငိုသီးမှာ သဘာဝ သကြားသုံးမျိုးရှိတာကို တွေ့ရတယ်။ သစ်သီးသကြား၊ ဂလူးကိုစ့်၊ကြံသကာတို့ဖြစ်ပါတယ်။ မျောက်ငိုသီးစားသုံးခြင်းအားဖြင့် ရရှိလာတဲ့ ကျန်းမာရေးကောင်းကျိုးတွေကတော့ လေဖြတ်ရောဂါကြောင့် သေဆုံးခြင်းကိုလျော့ကျစေပါတယ်။ အမြင်အာရုံကိုလည်း ကောင်းမွန်စေပါတယ်။ အမျှင်ဓာတ်တွေပြည့်ဝစွာပါတဲ့အတွက် အစာအခြေစနစ်ကိုလည်း ကောင်းမွန်စေပါတယ်။ ဆေးလိပ်အသောက်များတဲ့သူတွေအနေနဲ့ များများစားသုံးပေးသင့်ပါတယ်။ မျောက်ငိုသီးမှာ ပိုတက်ဆီယမ်နဲ့ မဂ္ဂနီဆီယမ်ပါဝင်တော့ နီကိုတင်းဓာတ်ကိုပျက်စေတယ်လို့ဆိုပါတယ်။ သွေးတိုးရှိတဲ့သူတွေ စားသုံးမယ်ဆိုရင်တော့ သွေးပေါင်ကို ကျစေပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ စားသုံးမယ်ဆိုရင်တော့ အော့အန်ခြင်းကို ကာကွယ်ပေးနိုင်တဲ့အပြင် ခြင်ကိုက်ခံရလို့ဖြစ်တဲ့ ယားယံဖုလေးတွေကို မျောက်ငိုသီးကိုလိမ်းပေးမယ်ဆိုပါက အရေပြားရောင်ရမ်းတာကို သက်သာစေတယ်လို့ဆေးပညာရှင်များရဲ့ လေ့လာစမ်းစစ်ချက်အရ သိရှိရပါတယ်။ အစာအိမ်မကောင်းသူတွေအနေနဲ့ မကြာခဏ စားသုံးပေးသင့်ပါကြောင်း သိရှိရပါတယ်။ မျောက်ငိုသီးက လူခန္ဓာကိုယ်ထဲရောက်တဲ့အခါ သဘာဝအရခုခံနိုင်တဲ့ အက်စစ်ဖြစ်သွားတာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဝိတ်တက်နေသူတွေကိုလည်း ဝိတ်ကျနိုင်တဲ့စွမ်းအားလည်းရှိတယ်။ မျောက်ငိုသီးကို နေ့တိုင်းစားသုံးလျှင် ဆရာဝန်တွေနဲ့ ကင်းဝေးစေတယ်လို့ကို ပြောစမတ်ပြုကြတဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။

မျောက်ငိုသီးကိုကြိုက်နှစ်သက်သလို ချက်စားနိုင်သော်လည်း မျောက်ငိုသီးနုတွေကို သုတ်စား၊ မြုပ်တို့စား၊ အခွံကို ဇွန်းနဲ့ခြစ်ပြီး မီးနဲ့ကင်ကင်၊ ပြုတ်ပြီးတော့ပဲ စားစား၊ ငါးပိနဲ့လည်း ချက်စားကြပြီး ဟင်းရည်အဖြစ် အခြားအသီးအနှံများဖြင့်လည်း ရောနှောပြီး နှစ်သက်သလို ချက်ပြုတ်စားသုံးနိုင်ပါတယ်။ ဟင်းချက်စားရာတွင် အချို့ကတော့အနံ့ကို မနှစ်သက်ကြသော်လည်း ကသည်းလူမျိုးများက အလွန်ကြိုက်နှစ်သက်စွာ စားသုံးတဲ့အသီးတစ်မျိုး ဖြစ်ပါတယ်။

အိန္ဒိယ-မြန်မာနယ်စပ်ဒေသ အာရှလမ်းမကြီးဘေး ဝဲ၊ ယာရှိ တမူး-ကလေးမြို့များ အကြားတွင်စိုက်ပျိုးလာတဲ့ နှစ်ရှည်ပင်များအထဲမှာ မျောက်ငိုပင်တွေကိုလည်း စိုက်ပျိုးလာတာကို တွေ့ရပါတယ်။ မျောက်ငိုသီး အသီးသီးချိန်ရာသီတွင် စိုက်ပျိုးသူများအနေဖြင့် မျက်နှာပွင့်လန်းကာ ငွေရွှင်ရွှင်သုံးနိုင်အောင် ကျေးဇူးဆပ်တဲ့အပင်တစ်မျိုးဖြစ်ပါတယ်။ မျောက်ငိုသီးရာသီချိန်ကျပြီဆိုတာနဲ့ နန်းဖာလုံနယ်စပ်ဈေးတန်းကြီးမှာလည်း စည်ကားလျက်ရှိပြီး ရောင်းပန်းမငယ်ရအောင် လူကြိုက်များတဲ့ အသီးပင်တစ်မျိုး ဖြစ်နေပါတယ်။ ယနေ့အချိန်ဆိုရင် ကလေးမြို့ရဲ့မီးခွက်ဈေးမှာနံနက် ဝ၃း၀၀ နာရီမှ ဝ၅း၀၀ နာရီထိ ရောင်းဝယ်မှုကောင်းနေကာ ဆိုင်ကယ်တွေနဲ့တစ်မျိုး၊ စက်ဘီးများဖြင့် တစ်သွယ်၊ သုံးဘီးကားဖြင့်လည်းလာရောက်ရောင်းချပြီး ဈေးကွက်ဝေစုတစ်ခုအဖြစ် နေရာရနေတာက မျောက်ငိုသီးအတွဲများသာဖြစ်နေကာ နေ့စဉ်ရောင်းဝယ်မှုရှိနေတာကို တွေ့နေရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှတစ်ဆင့်လည်း မျောက်ငိုသီးများကို နှစ်စဉ် တင်ပို့လျက်ရှိနေကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန်ကီလို လေးသိန်းကျော်တင်ပို့ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဖေဖော်ဝါရီလအထိတင်ပို့မှုမှာ တန်ချိန် ကီလို တစ်သိန်းကျော် တင်ပို့ခဲ့ကြောင်းကိုလည်း ကုန်သွယ်မှုအချက်အလက်များအရ သိရှိရပါတယ်။

မိမိတို့ဒေသတွင်းရှိ လူမျိုးများသာမက အိန္ဒိယနိုင်ငံ၊ မီဇိုရမ်နှင့် မဏိပူရ်ပြည်နယ်ဘက်အထိ အောင်ကြိုက်နှစ်သက်စွာ စားသုံးကြပြီး နိုင်ငံခြားဝင်ငွေတိုးပွားကာ အရိပ်လည်းရ၊စီးပွားလည်းဖြစ် ဘက်စုံအသုံးဝင် မျောက်ငိုပင်ဟု တင်စားရလောက်အောင် စိုက်ပျိုးသူများအကျိုးဖြစ်ထွန်းနေသော အပင်တစ်မျိုးဖြစ်နေကာ ဈေးကွက် တိုးချဲ့တင်ပို့လာနိုင်တဲ့ အလားအလာရှိနေပါကြောင်း ရေးသား ဖော်ပြလိုက်ရပါတယ်။

## ဒီတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၈၆၄၅၂၅ တန်ဖိုးရှိ ဒီဇယ် ၆၄၇၆၇ ဒသမ ၁၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၉၂၅၁၀၅၃ တန်ဖိုးရှိ ဓာတ်ဆီ ၄၃၀၉၈ ဒသမ ၀၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၅၇၁၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၆၀၀ ကျော်ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၇၅၃၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ၃၂၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၀၅၉ တန်ဖိုးရှိဒီဇယ် ၁၀၇ ဒသမ ၂၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၀၇၇၂တန်ဖိုးရှိ ဓာတ်ဆီ ၁၂၂ ဒသမ ၃၇ တန်၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၄၁၀၂၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၈၃၄ ဒသမ ၂၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ် ကုန်သယ်ယူခများ

၂၀၁၉ ဖေဖော်ဝါရီလအတွင်း မန္တလေး-လားရှိုး-မူဆယ် သို့ ကုန်သယ်ယူခများမှာ ပို့ကုန်တွင် ဒုတိယပတ်မှာ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်း တစ်ပိဿာ သယ်ယူခမှာ ၆၀ ကျပ်၊ ရော်ဘာတစ်ပိဿာသယ်ယူခ ၆၃ ကျပ်ဖြင့် ဈေးကျဆင်းခဲ့ပြီး နောက်ဆုံးပတ်မှာ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်းသယ်ယူခမှာ ၆၅ ကျပ်သို့လည်းကောင်း၊ ရော်ဘာသယ်ယူခမှာ ကျပ် ၇၀သို့လည်းကောင်း ဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။

သွင်းကုန်မြေဆီသယ်ယူခမှာလည်း ဒုတိယပတ်တွင် ၃၂-၃၅ ကျပ် ရှိရာမှ နောက်ဆုံးပတ်တွင် ၃၅-၃၇ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ မူဆယ်မှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲ၊ နှမ်း၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီး၊ သခွားမွှေး၊ ကြက်သွန်နီ၊ နနွင်းတက်၊ သီဟိုဠ်စေ့၊ သကြား၊ ပဲတောင့်ရှည်၊ ပီလောပီနံအမှုန့်၊ ငရုတ်သီးခြောက်၊ ငရုတ်သီးအစို၊ ဝါဂွမ်းနဲ့ ပရဆေးကုန်ကြမ်းများ တင်ပို့ပြီးတရုတ်နိုင်ငံဘက်မှ မော်တော်ယာဥ်နဲ့ ဆိုင်ကယ်အပိုပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အခြားစက်ကိရိယာများ၊ ချည်ထည်၊အပ်ချည်ကြိုး၊ အလှကုန်၊ အားကစားပစ္စည်း၊ ပရိဘောဂပစ္စည်းနဲ့ မီးဖိုချောင်သုံးပစ္စည်းများ တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ သကြားတန်ချိန် တစ်သောင်းကျော်တင်ပို့

ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၈၄၅ သန်းတန်ဖိုးရှိ သကြား ၄၆၈၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၆၇၄ တန်၊ လွယ်ဂျယ်မှ တန် ၄၀၀၀ နဲ့ ချင်းရွှေဟော်မှ ၁၁ တန်ခွဲဖြစ်ပါတယ်။

ဖေဖော်ဝါရီ တစ်လလုံးမှာတော့ တရုတ်နိုင်ငံသို့ သကြားတန်ချိန် ၁၂၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း၊ မူဆယ် ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်း သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၉၈၀၂၀၀ ရှိပြီး တစ်ဘက်နိုင်ငံဈေးမှာ ၄၃၅၄ ယွမ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 1-3-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.66 | 0.44 | 0.77 |
| Brent Crude Futr (USD/bbl) | 66.93 | 0.62 | 0.94 |
| Gasoline Rbob Fut (Cent/gal) | 176.80 | 1.57 | 0.90 |
| Natural Gas Futr (USD/MMBtu) | 2.80 | -0.02 | -0.60 |
| Heating Oil Futr (Cent/gal) | 204.60 | 1.87 | 0.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25 -Febuary | 15.96 | 2746.40 | 1890.59 | 6472.93 | 847.00 |
| 26 -Febuary | 15.84 | 2717.31 | 1881.56 | 6515.24 | 855.00 |
| 27 -Febuary | 15.82 | 2737.81 | 1879.35 | 6498.27 | 858.00 |
| 28 -Febuary | 15.70 | 2750.15 | 1882.22 | 6519.65 | 862.00 |
| 1 - Febuary | 15.54 | 2779.69 | 1876.49 | 6496.07 | 869.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးအတက်အကျနည်း

ပြည်တွင်းငွေလဲဈေးကွက်သည် မတ်လပထမပတ်အတွင်း ဈေးနှုန်းအ တက်အကျနည်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ဖေဖော် ဝါရီ နောက်ဆုံးပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်သတ်မှတ်ခဲ့ရာမှ မတ်လပထမပတ်တွင် ၁၅၁၉ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်-တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲပြီးဆုံးမည့် သဘောတူညီချက်ကို မကြာမီလက်မှတ်ရေးထိုး နိုင်မည့်အခြေအနေဖြစ်ပေါ်လာခြင်း၊ ကမ္ဘာ့စီးပွားရေးမှာ အားနည်းနေသော်လည်း အမေရိကန်စီးပွားရေးမှာ ခိုင်မာအားကောင်းနေခြင်း၊ ကမ္ဘာ့ရေနံဈေး လျော့ကျခြင်းတို့အပြင် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍမှာဝယ်လိုအားမြင့် တက်ခြင်းကြောင့် ၁၀လအတွင်း အမြင့်ဆုံးအမှတ်သို့ ရောက်ရှိခြင်း စသည်တို့မှာ နိုင်ငံတကာနှင့်ပြည်တွင်းငွေလဲဈေးကွက် ကို သက်ရောက်မှုဖြစ်ပေါ်စေခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၄ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၃ကျပ်၊ ဝယ်ဈေး၁၅၀၈ကျပ်မှ မတ်၆ရက်တွင် ရောင်းဈေး ၁၅၀၉ ကျပ်၊ဝယ်ဈေး ၁၅၀၅ ကျပ်သို့ကျဆင်းခဲ့သော်လည်း မတ် ၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၃ကျပ်၊ ဝယ်ဈေး ၁၅၀၉ သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ထပ်မံကျဆင်းခဲ့တဲ့ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည်ဖေဖော်ဝါရီလအတွင်း စံချိန်တင်မြင့်တက်ခဲ့ရာမှ မတ်လဆန်းပိုင်းမှစတင်ကာ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်းသိရသည်။ ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၅၅၀၀ဖြင့်ရှိခဲ့ရာမှ မတ်လပထမပတ်တွင် ကျပ် ၁၀၅၃၀၀၀ သို့ရောက်ရှိလာကြောင်း သိရသည်။

“ပြည်တွင်းဈေးကွက်မှာလည်း ဒေါ်လာကအတက်အကျနည်းသွားချိန်ဖြစ်သွားတော့ ရွှေဈေးကပြန်ကျလာတယ်။ နောက်ပြီး ဈေးကအမြင့်ဆုံးထိ ထိုးတက်သွားတော့ အရောင်းအဝယ်လုပ်တဲ့သူတွေကြားမှာ စိုးရိမ်မှုတွေရှိလာပြီး သိပ်အဝယ်မလိုက်တာမျိုး၊ ရှိတဲ့ပစ္စည်းကို ကိုင်ထားတာမျိုးတွေရှိလာတော့ ဈေးကွက်သဘာဝအရ ဈေးပြန်ကျလာတာပါ။ နိုင်ငံတကာမှာလည်း ရေနံဈေးကပြန်ကျပြီး ဒေါ်လာပြန်မာလာတော့ ရွှေဈေးကိုပြန်ဆွဲချသလိုဖြစ်တာ။ နောက်လတွေမှာ ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာကတော့ ဈေးကွက်အခြေအနေရယ်၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေရယ်ကို စောင့်ကြည့်သွားရမယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၄ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၅၈၀၀၀ရှိခဲ့ရာမှ မတ်၆ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၅၆၅၀၀သို့ကျဆင်းသလိုမတ်လ၈ရက်တွင်လည်း ကျပ်၁၀၅၃၀၀၀သို့ဈေး ထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မတ်၄ရက်က ရွှေတစ်အောင်စလျှင်၁၂၈၈အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၆ ရက်တွင် တစ်အောင်စလျှင် ၁၂၈၆အမေရိကန် ဒေါ်လာသို့ကျဆင်းခဲ့သလို မတ် ၈ရက် တွင်တော့ ရွှေတစ်အောင်စဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ကာ ၁၂၉၃အမေရိကန်ဒေါ်လာဖြင့်ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ဖေဖော်ဝါရီလ စတော့အရောင်းအဝယ်ဖြစ်မှုများYSXထုတ်ပြန်

ယခုနှစ်ဖေဖော်ဝါရီလ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အတွင်း အစုရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှုနှင့် အရောင်းအဝယ်ဖြစ်မှုတန်ဖိုးကို ရန်ကုန်စတော့အိတ်ချိန်း(YSX)က မတ် ၅ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း FMI အစုရှယ်ယာအရေအတွက် ၁၆၉၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီးတန်ဖိုးအားဖြင့် ကျပ်သန်း ၁၅၀ကျော်ရှိခဲ့ကြောင်း၊ MTSH အစုရှယ်ယာအရေအတွက် ၄၈၁၁၈စောင်အရောင်းအဝယ်ဖြစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ်၁၃၉သန်းကျော်ရှိခဲ့ကြောင်း၊ MCB အစုရှယ်ယာအရေအတွက် ၉၃၅စောင်အရောင်းအဝယ် ဖြစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၆သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် FPBအစုရှယ်ယာအရေအတွက်၃၈၅၉စောင်နှင့် တန်ဖိုးအားဖြင့် ကျပ် ၈၃သန်းကျော်၊ TMHအစုရှယ်ယာအရေအတွက် ၁၀၂၉၀စောင်နှင့်တန်ဖိုးအားဖြင့် ၂၈သန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်စတော့ အိတ်ချိန်းအနေဖြင့် အများပိုင်ကုမ္ပဏီများ စာရင်းဝင်နိုင်ရေးအတွက် အသိပညာပေးလှုံ့ဆော်မှုလုပ်ငန်းများလုပ်ကိုင်နေပြီး ရန်ကုန်စတော့အိတ်ချိန်းနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကာ စာရင်းဝင်ကုမ္ပဏီများဖြစ်လာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(Listing Procedure) များနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို မတ်၈ ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ်၌ ပြုလုပ်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 1, 2019

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 84.14 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.70 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 70.93 |
| I DR | Indonesia Rupiahs | 14118.14 |
| JPY | Japan Yen | 111.77 |
| MYR | Malaysia | 4.07 |
| PKR | Pakistan Rupees | 139.70 |
| PHP | Philippines Pesos | 51.79 |
| RUB | Russia Rubles | 65.76 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1124.74 |
| LKR | Sri Lanka Rupe | 179.70 |
| THB | Thailand Baht | 31.70 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 23215.52 |

*Source:xe.com*

## World Gold Price

February- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1335 | 1333 | 1333 |
| 26 | 1331 | 1329 | 1329 |
| 27 | 1330 | 1328 | 1329 |
| 28 | 1322 | 1320 | 1319 |
| 1 | 1314 | 1312 | 1313 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-2- 2019 | 1077.50 | 1077.00 |
| 26-2- 2019 | 1074.00 | 1073.50 |
| 27-2- 2019 | 1066.50 | 1066.50 |
| 28-2- 2019 | 1067.50 | 1067.10 |
| 1-3- 2019 | 1065.50 | 1065.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.70 | 31.29 | 84.01 | 71.06 |
| 26 | 6.69 | 31.30 | 84.13 | 71.09 |
| 27 | 6.68 | 31.39 | 84.10 | 71.31 |
| 28 | 6.68 | 31.49 | 84.12 | 71.17 |
| 1 | 6.70 | 31.70 | 84.14 | 70.93 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ရေလမ်းမှ ဘိလပ်မြေအဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၁၀၅၈ တန်ဖိုးရှိ ဘိလပ်မြေ၄၈၂၈ ဒသမ ၂၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၀၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၃၂၄ ဒသမ ၂၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေ တန်ချိန် ၁၀၀ သာတင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၇၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၁ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ ၁၅၆၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၁၆၂၂၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၂၅ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၀၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီအချိန်ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်တာတွေများလာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အေသုံးလုံးက ကျပ် ၂၀၀၊ ကြံ့နှစ်ကောင်က ကျပ် ၁၀၀ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ကြံ့ဘိလပ်မြေနဲ့ အပါချီဘိလပ်မြေက ကျပ် ၁၅၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်မြန်မာ ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ်၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုပို

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်လ ၂ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၅၆၂၉၃၉ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၁၉၅၃၀ ဒသမ ၁၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၂၈၈၂ ဒသမ ၂၃၂ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၄၀၊ အီရန်နိုင်ငံမှ ၄၆၁၀ ဒသမ ၄၁၇ တန်၊ ကိုရီယားနိုင်ငံမှ ၃၄၈၆ ဒသမ ၀၉ တန်၊ မလေးရှားနိုင်ငံမှ ၁၇ ဒသမ ၂၂၄ တန်၊ နော်ဝေနိုင်ငံမှ ၅၄၂ ဒသမ ၈၆ တန်၊ ရုရှားနိုင်ငံမှ ၂၅၄၉ ဒသမ ၃၃ တန်၊ ထိုင်းနိုင်ငံမှ ၁၂၉၄ ဒသမ ၁၀၂ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၉၈၅ ဒသမ ၄၂၊ ယူအက်စ်အေမှ တန်ချိန်၄၀၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၇၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့သောအမျိုးအစားများမှာ ပိုတက်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ယူရီးယား၊ ပိုတက်ဆီယမ်နိုက်တြိတ်၊ ပိုတက်ဆီယမ် ကလိုရိုဒ်၊ ကွန်ပေါင်း(၂၄း၇း၇)၊ အော်ဂဲနစ်၊ယူရီးယား(၄၆%)၊ ကွန်ပေါင်း(၁၆း၁၆း၁၆)နဲ့အာမိုတို့ဖြစ်ပါတယ်။ယခင်သီတင်းပတ်က မြေသြဇာတန်ချိန်၇၁၅၀ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၂၃၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

ဖေဖော်ဝါရီလ ၂၃ ရက်မှ မတ်လ ၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင် မှာ တန်ချိန် ၁၄၇၄၄ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၈၃၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၄၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့တောင်ကြီး၊ မန္တလေးနဲ့မကွေးမှာ အရောင်းအေးပြီး မော်လမြိုင်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၁၅၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာသြဘာ) ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** စိုက်ပျိုးရာသီလည်း မရောက်သေးတာကြောင့် အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ မြေသြဇာဈေးတွေက ဒီတစ်ပတ်မှာငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၇၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၇၄၀၀၊ ရွက်ဖျန်းကျပ်၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မြားကမ္ဘာ(၁၅း၇း၈)က ကျပ် ၂၀၀ ဈေးမြင့်ပြီး မြားကမ္ဘာ (တရုတ်)(၁၂း၁၃)က ကျပ် ၅၀၀၊ ဆင်(၁၀း၁၀း၅)က ကျပ် ၇၀၀၊ အာမို၁၅ ပတ်လည်က ကျပ် ၂၀၀၊ ယူရီးယား (ပန်းဖူး)က ကျပ် ၅၀၀၊ ယူရီးယား (ရွှေတောင်)က ကျပ် ၁၀၀၀ ဈေးကျပြီး ကျန် မြေသြဇာများက ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီလို ဈေးကျရတာလည်း ကုမ္ပဏီဈေးကျလို့ ဈေးကျရတာလို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၃၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း ၁၀း၅ ကျပ် ၁၉၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ်၂၀၇၀၀၊တီစူပါကျပ်၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၃၀၀၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါအဝင်ပို

ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၂ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၁၉၆၂၅ တန်ဖိုးရှိ နို့ဆီ ၈၃၅ ဒသမ ၅၂၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၃၆၀ ဒသမ ၀၄၁ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၇၅ ဒသမ ၄၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ အိုကေ၊ မာရီဂိုး၊ ဒွန်းနဲ့ တီးပော့တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၄၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၈၁၃၄၀ တန်ဖိုးရှိ နို့မှုန့် ၂၃၈ ဒသမ ၈၇ တန်လည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှသာတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၂၈ တန်ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၂ မှ ၁/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၂ မှ ၂၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၀.၀၀ | ၂၂.၄၀ | (+) | ၄၇.၆၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၈၀.၀၀ | (-) | ၈၀.၀၀ |
| ၅။ | တာချီလိတ် | ၉၅၀၀.၀၀ | ၁၀၀၀၀.၀၀ | (-) | ၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၀၀.၀၀ | ၅၀.၀၀ | (+) | ၁၅၀.၀၀ |
| ၈။ | မြိတ် | ၅၈၆၅.၀၀ | ၆၀၇၅.၀၀ | (-) | ၂၁၀.၀၀ |
| | စုစုပေါင်း | ၁၅၆၃၅.၀၀ | ၁၆၂၂၇.၄၀ | (-) | ၅၉၂.၄၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၂ မှ ၁/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၂ မှ ၂၂/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၁၁၁.၃၅ | ၄၀၉၆.၉၅ | (+) | ၄၀၁၄.၄၀ |
| ၂။ | လွယ်ဂျယ် | ၈၉.၀၀ | ၂၇.၅၀ | (+) | ၆၁.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၇၄.၅၀ | ၂၀၉၃.၀၀ | (+) | ၃၈၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၈၀၀.၀၀ | ၈၀၆.၀၀ | (+) | ၉၉၄.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၁၅၀.၀၀ | (-) | ၁၅၀.၀၀ |
| ၈။ | ရိဒ် | ၂၂၇၀.၀၀ | ၁၁၀၀.၀၀ | (+) | ၁၁၇၀.၀၀ |
| ၉။ | တမူး | - | ၄၅.၀၀ | (-) | ၄၅.၀၀ |
| | စုစုပေါင်း | ၁၄၇၄၄.၈၅ | ၈၃၁၈.၄၅ | (+) | ၆၄၂၆.၄၀ |

ခင်မိုးသူ

# စနစ်သစ်ငါးတန်မွေးမြူခြင်းဖြင့် ပြည်ပဈေးကွက်တင်ပို့မှု အလားအလာကောင်း

မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှု သည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၈၉၀ခန့်ရရှိခဲ့ပြီး ဆန်စပါးကို ပထမဦးစားပေးပြီးနောက် ရေထွက်လုပ်ငန်းကဏ္ဍကို ဒုတိယဦးစားပေးဆောင်ရွက်သွားမည်ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရပါသည်။

ဧရာဝတီတိုင်း ဒေသကြီးအနေဖြင့် ဆန်စပါးကဏ္ဍကို ဦးစားပေးဆောင်ရွက်လျက်ရှိသလို မွေးမြူရေးကဏ္ဍနှင့် ငါးလုပ်ငန်းကဏ္ဍကိုလည်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် ပန်းတနော်မြို့နယ်၊ ဘုရားချောင်းမြေနုကျေးရွာတွင် Global Earth Agro & Aqua Public Co.,Ltd မှ စနစ်သစ် ငါးတန်မွေးမြူအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စီမံကိန်းပြီးဆုံးပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၁၅၀ ဝန်းကျင် ပြည်ပသို့ တင်ပို့နိုင်ရန် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရှိရပါသည်။

ယခုအခါ ယင်းစနစ်သစ် ငါးတန်မွေးမြူရေး စီမံကိန်းကို ဧက ၉၀၀ ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဘီတာအကောင်ရေတစ်သိန်း စုဆောင်းကာ ၆၀ ရာခိုင်နှုန်းရရှိပြီး တစ်နှစ်ပတ်လုံး မျိုးဖောက်နိုင်ရေးအတွက် စနစ်သစ် ငါးတန်မွေးမြူရေးလုပ်ငန်းစဉ်များအတိုင်း မျိုးဖောက်ကန်၊ အရွယ်အစားအလိုက် ငါးမွေးကန်၊ ရေဆိုးထုတ်ခြင်း၊ အောက်စီဂျင်လွှတ်ပေးခြင်း၊ အလိုအလျောက် အစာကျွေးစနစ်၊ ဖောင်ဖြင့် အစာကျွေးစနစ်တို့ဖြင့် လုပ်ကိုင်အောင်မြင်လျက်ရှိပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပကကြိုက်နှစ်သက်သောဈေးကွက်ဝင်ဈေးကောင်းရအရည်အသွေးကောင်း ငါးတန်များကို ထုတ်လုပ်ရရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

စနစ်သစ်ငါးတန် မွေးမြူရေးသည် ကန်ကြပ်မွေးမြူရေးစနစ်ကို အသုံးပြုပြီး တစ်မီတာပတ်လည်တွင် ၃၅ ကောင်နှုန်းဖြင့် စတင်မွေးမြူသည် မှစ၍ ၁၀၀ ဂရမ်အောက် ငါးများအတွက် ပြည်တွင်းထုတ် ထူးသစ် ရေပေါ်စာ နှစ်ရာခိုင်နှုန်း၊ ၁၀၀ ဂရမ်အထက် အရွယ်တက်လာပါက လေးရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ အစာ တိုးကျွေးပြီး ၁၀၀ ဂရမ်နှင့် ၂၀၀ဂရမ်ကြားတွင် ထူးသစ်ရေပေါ်စာကို တစ် ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းထိ လျှော့ကျွေးပြီး ငါး၏ကြီးထွားနှုန်းနှင့် အာဟာရပြည့်ဝသော ငါးတန်များရရှိရန်အတွက် အထူးအလေးထားဆောင်ရွက်ထားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

စနစ်သစ်ငါးတန်မွေးမြူထားသော ငါးများမှာ လေးလအကြာတွင် အရည်အသွေးကောင်းပြီး အလေးချိန် ၆၂ ကျပ်ခွဲသား အရွယ်ခန့်ရောက်ရှိပြီး နောက်ထပ်လေးလအကြာတွင် တစ်ပိဿာခန့်ရှိသော နိုင်ငံခြားဈေးကွက်အထိ တင်ပို့နိုင်သည့် ဈေးကောင်းရငါးများဖြစ်လာမည်ဟု မေးမြန်းသိရှိရပါသည်။ မွေးမြူထားသော ငါးတန်ငါးများမှာ အရည်အသွေးကောင်းသော်လည်း ကျေနပ်ဖွယ်မရှိသည့်အတွက် ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ရန် ယခုအခါ အအေးခန်းစက်ရုံ၊ အသားလွှာစက်ရုံနှင့် အခြားလိုအပ်သော နည်းပညာနှင့်ပတ်သက်သည့်စက်ရုံများအား ၉ ဧက အကျယ်ရှိ မြေဧရိယာပေါ် တွင် စီမံကိန်းချ အကောင်အထည်ဖော် ဆောက်လုပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

အအေးခန်းစက်ရုံတွင် ငါးဗိုက်မှ အတွင်းကလီစာများထုတ်၍ ကျောခွဲပြီး အေးခဲသားများကို တစ်ပိဿာလျှင် ကျပ် ၃၂၀၀နှုန်းဖြင့် ဈေးကွက်ရရှိလျက်ရှိပြီး အသားလွှာစက်ရုံမှ ငါးတစ်ပိဿာကို အသားလွှာ၍ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ပါက ငါးတစ်ပိဿာလျှင် ၃၅ ကျပ်သားခန့်ရရှိနိုင်ပြီး ၎င်း ၃၅ ကျပ်သားကို ဈေးကွက်တွင် ကျပ် ၅၀၀၀ အထိ ရရှိနိုင်ကြောင်း ငါးမွေးမြူရေးတာဝန်ခံ၏ ပြောကြားချက်အရ သိရှိရပါသည်။

အအေးခန်းစက်ရုံနှင့် အသားလွှာစက်ရုံစီမံကိန်းအောင်မြင်ပြီးမြောက်ပါက လုပ်သား ၂၀၀၀၀ ခန့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ကြောင်းနှင့် ဒေသဖွံ့ဖြိုးမှုအလားအလာကောင်းများရှိနေကြောင်း လေ့လာသိရှိရပါသည်။

Global Earth Agro & Aqua Public Co.,Ltd မှ ဆောင်ရွက်နေသည့် စနစ်သစ်ငါးတန် မွေးမြူရေးစီမံကိန်းသည် လုပ်သား ၅၀၀၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိလာနိုင်ခြင်း၊ ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ယာများကို ယခုကပင်စ၍ စနစ်တကျစီမံဆောင်ရွက်ထားရှိခြင်း၊ စည်းကမ်းတကျ ရေဆိုးထုတ်ခြင်း၊ အောက်စီဂျင် လွှတ်ပေးခြင်း၊ ငါးတန်အရွယ်အစားအလိုက် အစာကို စနစ်တကျကျွေးမွေးခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့်အပြင် အရည်အသွေးကောင်း အဟာရပြည့် ငါးတန်များရရှိခြင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက နိုင်ငံခြားဈေးကွက်ဝင် ငါးတန်များဖြစ်ခြင်းတို့အပြင် အသားလွှာပြုလုပ်၍ ဈေးကောင်းရခြင်း၊ အအေးခန်းတွင်ထည့်သွင်း၍ အေးခဲသားအဖြစ် တစ်နေ့လျှင် တန် ၂၀၀ ခန့် ထုတ်လုပ်သိုလှောင်တင်ပို့ရန် စီမံချက်ချ ဆောင်ရွက်ထားရှိမှုတို့အတွက် ၂၀၁၉ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါသည်။

Global Earth Agro & AQUA Industry လုပ်ငန်းကို ပြည်သူများအား ဖိတ်ခေါ်၍ Public Company Limitedအဖြစ် တည်ထောင်ပြီး ပါဝင်လုပ်ကိုင်စေမည်ဖြစ်ပါသည်။ ယင်းစနစ်သစ် ငါးတန်မွေးမြူရေးလုပ်ငန်းသည် ရေချိုရှိသောနေရာတိုင်းတွင် မွေးမြူနိုင်ပါသည်။

သို့ပါ၍ Global Earth Agro & Aqua Public Co.,Ltd မှ ငါးတန်မွေး မြူရေး အောင်မြင်မှုအခွင့်အလမ်း ကောင်းများ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုအပေါ် ဈေးကွက်ခိုင်မာမှုရှိခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း စသောစီးပွားရေးအခြေခံကောင်းများအား တွေ့ရှိရသဖြင့်ကုမ္ပဏီတွင် ရှယ်ယာ တန်ဖိုးသတ်မှတ်ရောင်းချပါက ငွေကြေးဆုံးရှုံးမှုမရှိ၊ အကျိုးအမြတ်သာရှိလာမည် ဖြစ်သောကြောင့် ရှယ်ယာကိုအမြန်ဆုံး ဝင်ရောက်လုပ်ကိုင်သင့်ကြောင်း တင်ပြအပ်ပါသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့နေမှုပမာဏသည်အိမ်နီးချင်းနိုင်ငံတို့၏ တင်ပို့မှု ပမာဏထက် အဆပေါင်းများစွာ နည်းပါးနေသောကြောင့် ပြည်ပတင်ပို့မှု ပမာဏမြှင့်တင်ရာတွင် သဘာဝဖမ်းဆီးရောင်းချခြင်းထက် စနစ်သစ်မွေးမြူရေးနည်းလမ်းများကို အောင်မြင်စွာ ဆောင်ရွက်ကာ တင်ပို့သင့်ကြောင်း တင်ပြလိုက်ရပါသည်။ **CONSUMER- MT**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၃-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၃၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၅၀၀ | ၅၇၀၀ | △ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၃-၂၀၁၉ US$/Ton

| အမျိုးအစား | ပေဖော်ဝါရီစတုတ္ထပတ် | မတ်လ ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၄၆.၅၀ | ၅၁၀.၀၀ | ▽ |
| RBD P.Olein | ၅၅၂.၀၀ | ၅၃၁.၅၀ | ▽ |
| RBD P.Stearin | ၅၄၂.၀၀ | ၅၂၂.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈-၃-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၁.၀၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၁၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၉၉.၆၀၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၈-၃-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 585 ဒေါ်လာနှင့် USD ဈေး ၁၅၁၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၈-၃-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## တောင်ငူမြို့တွင် ငရုပ်သီးဈေးများ ဈေးကျဆင်း

တောင်ငူမြို့ဈေးများအတွင်း ထန်းတပင်မြို့နယ် ခေါင်းရမ်းဒေသမှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများသည် စပေါ်ချိန်တွင် မိုးမျှော်(ခေါ်)ကျောက်စိမ်း ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၂၀၀ အထိရှိပြီး ကုလားအော်သီးစိမ်းမှာ တစ်ပိဿာလျှင် ကျပ် ၇၅၀၀ မှ ၈၀၀၀ အထိ ဈေးကောင်းရပါသည်။ ယခုအခါ ငရုတ်သီးစိမ်းများ ဖြိုင်ဖြိုင်ပေါ်လာသည့်အပြင် ရှမ်းပြည်နယ်ဘက်မှလည်း ဝင်ရောက်လာသဖြင့် မိုးမျှော်ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ကျပ် ၇၅၀ မှ ၈၀၀ အထိ ဈေးကျပြီး ကုလားအော်သီးစိမ်းမှာ တစ်ပိဿာလျှင် ကျပ် ၃၄၀၀ မှ ၃၇၀၀ အထိ ဈေးကျဆင်းကြောင်း၊ နောက်တစ်ပတ်တွင်လည်း ဈေးအနည်းငယ်ကျဆင်းနိုင်ကြောင်း ငရုတ်သီးစိမ်း လက်လီလက်ကားရောင်းချသူတစ်ဦးထံမှ သိရှိရပါသည်။

**သင်းသင်းအေး(တောင်ငူ)**

# တောရိုင်းတိရစ္ဆာန် တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု လျှော့ချရေးဆိုင်ရာစွမ်းရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ကြီးမြို့ Royal Taunggyi Hotel တွင် တောရိုင်းတိရစ္ဆာန် တရားမဝင် သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု လျှော့ချရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့တယ်လို့သိရပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းရဲ့ ရည်ရွယ်ချက်ကတော့ တောရိုင်းတိရစ္ဆာန်အား တရားမဝင် ဖမ်းဆီးခြင်း၊ ရောင်းဝယ်ခြင်းများနှင့် အမဲလိုက်ခြင်းများကြောင့် မျိုးသုန်းမည့်အန္တရာယ်နှင့်ကြုံတွေ့နေရသဖြင့် ပြည်သူများမှ ဝိုင်းဝန်းကာကွယ်ပေးနိုင်ရန်၊ ရောင်းဝယ်ဖောက်ကားနေမှုတွင် ပါဝင်ပတ်သက်နေကြသူများအကြောင်း၊ ရောင်းဝယ်ဖောက်ကားနေမှုကို စုံစမ်းသိရှိရပါက ဆက်သွယ်ရမည့်ဌာနများ၊ တောရိုင်းတိရစ္ဆာန်များအား သယ်ဆောင်တတ်ကြသည့် နေရာဌာနများနှင့် သယ်ဆောင်ကြပုံများအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကို သိရှိနားလည်စေရန်ဖြစ်တယ်လို့ ပြည်နယ်သစ်တောဦးစီးမှူးက ဆိုပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။ ဆက်လက်၍ The Wildlife Conservation Society(WCS) မှ ဦးကျော်သူက တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုများအကြောင်း၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)အကြောင်း၊ အင်းလေးဒေသ အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက အင်းလေးနှင့် အင်းလေးကန်နယ်မြေ၏ အကြောင်း၊ World Wildlife Fund(WWF) မှဒေါက်တာစံပယ်မင်းက မြန်မာနိုင်ငံ နယ်စပ်ဒေသများရှိတောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု အခြေအနေများအကြောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး ဦးနေဝင်းကတောရိုင်းတိရစ္ဆာန်တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှု အပေါ် အရေးယူ ဆောင်ရွက်နေမှုများအကြောင်း၊ ပြည်နယ်အခွန်ဦးစီးမှူးက အကောက်ခွန်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ဥပဒေနှင့် တားဆီးမှုဖမ်းဆီးမှုများအကြောင်း၊ ပြည်နယ်ဥပဒေရုံးမှ ဥပဒေအရာရှိက တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာလုပ်ထုံး/လုပ်နည်းများအကြောင်း၊ WCF မှ ဒေါ်မြသီတာအောင်က တောရိုင်းတိရစ္ဆာန် တရားမဝင် ကုန်သွယ်မှုတွင် ဖမ်းဆီးရရှိမှုလမ်းကြောင်းများအကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြတယ်လို့သတင်းရရှိပါတယ်။

ထို့ပြင် တက်ရောက်လာသူများ၏ သိရှိလို၍ မေးမြန်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာစောင်များ၊ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြတယ်လို့ဆိုပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ သို့ တက်ရောက်ခဲ့သူ ၇၅ ဦးခန့်ရှိတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

## ပခုက္ကူခရိုင်အတွင်း ထောပြုံ (ယော) အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ယောဒေသထွက် ထောပြုံ (ထောပတ်ပဲအဖြူ)မှာ ယခင်တစ်ပတ်ထက် ဈေးမြင့်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ယောထောပြုံတစ်တင်းလျှင် ကျပ် ၃၈၆၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၃၈၃၀၀-၃၉၀၀၀-၃၉၃၀၀-၄၀၅၀၀ ဖြင့် အိတ် ၂၀၀ မှ ၃၀၀ ခန့်၊ ထောပြုံကျွန်း တစ်တင်းလျှင် ကျပ် ၃၈၀၀၀-၃၈၃၀၀-၃၈၈၀၀ ဖြင့်အိတ် ၅၀ မှ ၁၅၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၂၅၅၀၀-၂၅၆၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ပဲစင်းငုံနီ အဟောင်း တစ်တင်းလျှင် ကျပ် ၂၁၂၀၀-၂၅၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဈေးများမှာ ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၄၁၀၀ ဖြင့် အိတ် ၅၀ မှ ၇၀ ကြား၊ ကုလားပဲ ဝါလုံးကြီး တစ်တင်းလျှင် ကျပ် ၂၄၆၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၇၅၀၀-၂၈၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲပုပ်ကျွန်းတစ် တင်းလျှင် ၁၉၀၀၀ ကျပ် ဖြင့် အိတ် ၅၀ ခန့်၊ စွန်တာနီကျွန်းတစ်တင်းလျှင် ၁၉၇၀၀-၁၉၈၀၀ ကျပ်ဖြင့် အိတ် ၅၀ ခန့်၊ ပဲလွန်းပြာသစ် တစ်တင်းလျှင် ကျပ် ၁၉၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲကြီးဖြူ တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပြောင်းဖူးစေ့ (စီပီ) တစ်တင်းလျှင် ကျပ် ၇၅၀၀-၇၆၀၀-၇၀၀၀ ဖြင့် အိတ် ၅၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းနက်(ဂွ)တစ်တင်းလျှင် ကျပ် ၅၉၀၀၀-၆၁၀၀၀ ဖြင့် အိတ် ၅၀ မှ ၃၀၀ ကြားနှင့် နှမ်းနက်စမုံ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ မှ ၈၉၀၀၀ ဖြင့် အိတ် ၁၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရသိရသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ရိုးရာ ပဒုမ္မာကြာချည်များ အင်းလေးဒေသ၌ ကြာပိတ်များရက်လုပ်၍ ဂျပန်ဈေးကွက်သို့တင်ပို့

သဘာဝပေါက်ပင်တစ်မျိုးဖြစ်သော ပဒုမ္မာကြာပင်မှ ကြာပင်နုတ်လုပ်ငန်း၊ ကြာချည်ဆွဲလုပ်ငန်းနှင့် ကြာဖက်ခူးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ကျုံး၊ ရှမ်းရွာကုန်း၊ ကန်ဘောင်၊ တမာချောင်၊ ရွာသစ်၊ ငလင်ပန်းနှင့် ဆင်ယာဥ်ဦးကျေးရွာစသည့် စုစုပေါင်းကျေးရွာ ခုနစ်ရွာမှ အလုပ်သမားများနှင့် လုပ်ငန်းရှင် ၁၀၀ ခန့်သည်ရှေးပုဂံခေတ်က တိုင်တည်ရှိခဲ့သော သမိုင်းဝင် စလင်းဝက်သည်းကန်တော်ကြီးမှ ပဒုမ္မာကြာရိုးများဖြင့် ကြာချည်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရန် ယခုအခါ လုပ်ငန်းခွင်ဝင်နေကြပြီဖြစ်ရာ ဝင်ငွေကောင်းလျက်ရှိကြောင်း ကြာချည်ဆွဲလုပ်ငန်းရှင်များထံမှ သိရပါသည်။

ကြာမျိုးစိတ်များ မျိုးသုဉ်းမသွားစေရန် ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ကြာချည်ဆွဲ၊ ကြာပင်နုတ်လုပ်ငန်းကို သုံးလခန့်နားကြရကြောင်း သိရသည်။ ယခုမတ်လဆန်းတွင် ကြာချည်လုပ်ငန်းအတွက် လုပ်ငန်းဝင်နေကြပြီဖြစ်ရာ ကြာပင်နုတ်သူနှင့် ကြာချည်ဆွဲသူတစ်ဦးလျှင် တစ်နေ့တာလုပ်အားခအဖြစ် ကျပ် ၄၀၀၀ အနည်းဆုံးရရှိကြောင်း သိရပြီး လုပ်ငန်းအဝယ်သွက်မှုပေါ် မူတည်၍ လုပ်အားခမှာ အချိန်နှင့်တစ်ပြေးညီ အပြောင်းအလဲရှိကြောင်းကိုလည်းသိရသည်။

ကြာဖက်များကို စလင်း၊ ဆင်ဖြူကျွန်းနှင့် အော်ဒါမှာသော မြို့များရှိဈေးကြီးများသို့ စားသောက်ကုန်များထုတ်ရန် တင်ပို့ရကာ စလင်းမြို့မှထုတ်လုပ်သော မြန်မာ့ရိုးရာ ကြာချည်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသသို့ ပို့ရသည်။ အင်းလေးဒေသမှ ယင်းကြာချည်များကို စက်ယက်ကန်းဖြင့် ရက်လုပ်ပြီး ကြာပိတ်အုပ်အဖြစ် ဂျပန်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနေပြီး စလင်းဒေသထွက်ကုန် ကြာချည်တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၀ ဖြင့် ဈေးကွက်တွင် ဝယ်လိုအားရှိကာ ဈေးကွက်ခိုင်မာလျက်ရှိနေပါသည်။ ပဒုမ္မာကြာရိုးမှ ကြာချည်များဖြင့် အဆင့်မြင့်ကြာပိတ်များ ထုတ်လုပ်ရန် စလင်းမြို့တွင် ခေတ်မီယက်ကန်းစင်နှင့် နည်းပညာလိုအပ်လျက်ရှိကြောင်း ကြာချည်လုပ်ငန်းရှင်များထံမှ သိရပါသည်။

စလင်းမြို့ ဖြူစင်မေတ္တာပရဟိတအဖွဲ့နှင့် ချိတ်ဆက်ပြီး ကြာချည်ပိတ်အုပ်အလိုက် ဂျပန်ဈေးကွက်သို့ တင်ပို့နိုင်ရန် ကြိုးပမ်းနေကြောင်း သတင်းရရှိပါသည်။

**ခင်မြနွယ် MYANTRADE (TIR)**

## အမြင့်ဈေးဖြစ်နေသည့် တောင်ငူဒညင်းသီးဈေးကွက်

တောင်ငူမြို့ ဒညင်းအဝယ်ဒိုင်များသို့ မွန်ပြည်နယ် မော်လမြိုင်ဒေသမှ ထွက်ရှိသော ဒညင်းသီးများဝင်ရောက်လျက်ရှိပြီး ပေါ်ဦးပေါ်စဖြစ်သည့်အတွက် ဒညင်းသီးအကြီး ၁၀၀ လုံးလျှင် ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀၊ အလတ် ၁၀၀ လုံးလျှင် ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ အသေး ၁၀၀ လုံးလျှင် ကျပ် ၆၀၀ မှ ၈၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး တောင်ငူမြို့နှင့် မိုင် ၂၀ ကွာဝေးသော ကရင်ပြည်နယ် သံတောင်ကြီး၊ ဘောဂလိ၊ သပြေညွှန့်၊ တောပြာကြီးဒေသတို့မှ ထွက်ရှိသော ဒညင်းသီးများသည် မတ်လနှင့် ဧပြီလများတွင် ထွက်ပေါ်မည်ဖြစ်၍ တောင်ပေါ်ဒညင်း သီးများ ဖြိုင်ဖြိုင်ထွက်ရှိလာပါက ဒညင်းသီးဈေးကျနိုင်ဖွယ်ရှိကြောင်း တောင်ငူမြို့ ဒညင်းသီးရောင်းဝယ်သူတစ်ဦးထံမှ သိရှိရပါသည်။

**ကျော်ကျော်(တောင်ငူ)**

## တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

ယခုတစ်ပတ် အင်းစိန်မြို့နယ်၊ တညင်းကုန်း လက်ကားဈေးကြီးသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ ဝင်ရောက်မှုရှိနေကြောင်း သိရှိရပါတယ်။ ထိုသို့ဝင်ရောက်ရာတွင် လက်ကားဈေးနှုန်းများအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာ ကျပ် ၃၅၀ မှ ၅၀၀ အတွင်း၊အာလူးတစ်ပိဿာ ကျပ် ၆၀၀ မှ ၆၅၀အတွင်း၊ ကြက်သွန်နီ (မြစ်သား) တစ်ပိဿာ ကျပ် ၉၅၀ မှ ၉၀၀ အတွင်း ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ကျပ် ၁၀၀၀ အတွင်း၊ ချင်းတစ်ပိဿာ ကျပ် ၁၃၀၀ မှ ၁၅၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) တစ်ပိဿာကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥ(နီ) တစ်ပိဿာ ကျပ် ၁၂၀၀၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၃၅၀ မှ ၄၀၀ အတွင်း၊ ရွှေဖရုံသီး (တစ်လုံး) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဘူးသီး (တစ်လုံး) ကျပ် ၂၅၀ မှ ၆၀၀ အတွင်း၊ ခရမ်းသီး (တစ်လုံး)ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပုရာသီး (တစ်လုံး) ကျပ် ၈၀ မှ ၁၂၀ အတွင်း၊ ဖရဲသီး (Size သေး) (တစ်လုံး)ကျပ် ၁၀၀၀၊ ဖရဲသီး (Sizeကြီး) ကျပ်၃၀၀၀ မှ ၄၀၀၀ အတွင်း၊ မုန်လာဥ(ဖြူ) (စီး)ကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ ဆလပ်ရွက်(စီး) ကျပ်၇၀ မှ ၈၀ အတွင်း၊ ကန်စွန်းရွက်(တရုတ်)(စီး) ကျပ်၁၇၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၄၀ မှ ၆၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၁၅၀ မှ ၁၇၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရှိရပါတယ်။ ဈေးနှုန်းများအနေနှင့် ကုန်ဝင်များပါက ဈေးကျပြီး ကုန်ဝင်နည်းပါက ဈေးတက်ကြောင်း၊ အရွယ်ကြီး၊ သေးပေါ် မူတည်၍လည်း ဈေးနှုန်းများကွာခြားမှုရှိကြောင်း သိရှိရပါတယ်။ တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ မှော်ဘီမြို့နယ်အတွင်းရှိ ညောင်နှစ်ပင်ကျေးရွာနှင့် ကြာကန်စုကျေးရွာအတွင်းရှိတောင်သူအများစုမှ လာရောက်ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။

**ထားလှိုင် (ရန်ကုန်)**

## မရမ်းသီးဈေးနှုန်း ကျဆင်းလျက်ရှိ

တောင်ငူမြို့ ညောင်ပင်လေးဈေးတွင် မရမ်းသီးအစိမ်း ပေါ်စက ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၀၀ မှ ၂၅၀ ကျပ်အထိ ဝယ်ယူရပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ မှ ၂၃၀၀၀ အထိ ဈေးပေါက်ပါသည်။ ယခု မရမ်းသီးဖြိုင်ဖြိုင်ပေါ်ချိန်တွင် တစ်ဆယ်ကျပ်သားဝယ်လျှင် ကျပ် ၃၀၀၊ ၂၀ ကျပ်သားဝယ်လျှင် ကျပ် ၅၀၀ ဖြစ်ပြီး တစ်ပိဿာလျှင် ကျပ် ၂၃၀၀ မှ ၂၅၀၀ အထိ ဈေးကျသွားပါသည်။ နောက်တစ်ပတ်လျှင် ဈေးများထပ်ကျဆင်းနိုင်သည်ဟု မရမ်းသီးရောင်းချသူ ဈေးသည်တစ်ဦးထံမှ သိရှိရပါသည်။

**သင်းသင်းအေး(တောင်ငူ)**

# ကုန်သွယ်မှုလျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ပို့ကုန်သွင်းကုန်ရုံး ကျိုင်းတုံ

ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကုန်သွယ် မှုလျာထားချက်မှာ ပို့ကုန် သုည ဒသမ ၇၅၀ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၂၅၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာ ၂ သန်းဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလပို့ကုန်လျာထားချက်မှာ သုည ဒသမ ၀၈၀ ဒေါ်လာသန်းဖြစ်ပြီး ဆောင်ရွက်နိုင်မှုမှာ သုည ဒသမ ၁၄၉ ဒေါ်လာသန်းဖြစ်ပါသည်။ သွင်းကုန်လျာထားချက်မှာ သုည ဒသမ ၀၇၀ ဒေါ်လာသန်းဖြစ်ပြီး ဆောင်ရွက်နိုင်မှုမှာ သုည ဒသမ ၁၁၂ ဒေါ်လာသန်းဖြစ်ကာ ကုန်သွယ်မှုပမာဏ လျာထားချက်မှာ သုညဒသမ ၁၅၀ ဒေါ်လာသန်းဖြစ်၍ ဆောင်ရွက်နိုင်မှုမှာ သုည ဒသမ ၂၆၁ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ရာခိုင်နှုန်းအားဖြင့် ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းမှာ ၁၇၄ ရာခိုင်နှုန်းဖြစ်သဖြင့် လျာထားချက်ထက်ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းရက်များတွင် ကုန်သွယ်ဖက်တရုတ်နိုင်ငံ၌ နှစ်သစ်ကူး နွေဦးပွဲတော်များကျင်းပနေခြင်းကြောင့် ကုန်သွယ်မှုမှာ အနည်းငယ် လျော့နည်းခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ်မှစ၍ ရော်ဘာများ ပိုမိုတင်နိုင်ခဲ့မှုနှင့်အတူ ကုန်သွယ်မှုကိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် သုံးနှစ်ခန့် တင်ပို့နိုင်ခဲ့ခြင်းမရှိသော လူသားဆံပင်ကိုလည်း ဖေဖော်ဝါရီလအတွင်း ပြန်လည်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံးအနေဖြင့် ပို့ကုန်အသာစီးရရှိရေးအတွက် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသော အမယ်သစ်ပို့ကုန်များတိုးချဲ့တင်ပို့နိုင်ရေးနှင့် ဒေသတွင်းဈေးကွက်ဝယ်လိုအားရှိသော သွင်းကုန်ပစ္စည်းများ တိုးတက်တင်သွင်းနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။

**ကျော်သူဝင်း (မာတာ)**

# ၂၀၁၉ ဇန်နဝါရီလအတွင်း ၁ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည့် ထိုင်းနယ်စပ်ကုန်သွယ်ရေး

ထိုင်းနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ဇန်နဝါရီလ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) အပါအဝင် ဘတ် ၁၁၉ ဒသမ ၅ ဘီလီယံရရှိခဲ့ပြီး အလားတူကာလထက် ၁ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ Transit Trade တွင် စီးပွားရေးလုပ်ငန်းရှင်များချိတ်ဆက်ပြီး နိုင်ငံတွင်းမှ ဖြတ်သန်းသွားသော ကုန်စည်များ တန်ဖိုးပါဝင်ကြောင်း နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Adul Chotirisakorn မှ ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ဘတ် ၆၃ ဒသမ ၄ ဘီလီယံဖြစ်ပြီး ယခင်နှစ် အလားတူကာလထက် ၄ ဒသမ ၃၄ ရာခိုင်နှုန်း လျော့နည်းခဲ့ခြင်း၊ သွင်းကုန်တန်ဖိုးမှာ ဘတ် ၅၆ ဒသမ ၁ ဘီလီယံဖြစ်ပြီး ယခင်နှစ် အလားတူကာလထက် ၉ ဒသမ ၈၅ ရာခိုင်နှုန်း ပိုမိုခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကုန်သွယ်မှုပိုငွေမှာ ဘတ် ၇ ဒသမ ၃၃ ဘီလီယံ ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံနှင့် ကုန်သွယ်မှုအခြေအနေမှာ မလေးရှားနှင့် ဘတ် ၄၇ ဒသမ ၇၁ ဘီလီယံ၊ လာအိုနှင့် ဘတ် ၁၇ ဒသမ ၁ ဘီလီယံ၊ မြန်မာနှင့် ဘတ် ၁၅ ဒသမ ၈ ဘီလီယံ၊ ကမ္ဘောဒီးယားနှင့် ဘတ် ၁၄ ဒသမ ၄ ဘီလီယံ ဖြစ်ပြီး စုစုပေါင်း ဘတ် ၉၅ ဒသမ ၁ ဘီလီယံရှိ ကြောင်း သိရှိရပါသည်။

စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်နိုင်ငံတောင်ပိုင်းတို့နှင့် Transit Trade ဆောင်ရွက်မှုမှာ ဘတ် ၂၄ ဒသမ ၄ ဘီလီယံ ဖြစ်ကြောင်း၊ ပို့ကုန်မှာ ဘတ် ၁၀ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်မှာ ဘတ် ၁၃ ဒသမ ၉ ဘီလီယံ ဖြစ်သဖြင့် ကုန်သွယ်မှုလိုငွေ ဘတ် ၃ဒသမ ၃၃ ဘီလီယံ ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်နှင့် တရုတ် ကုန်သွယ်ရေး တင်းမာနေမှုအကြား ဘတ်ငွေခိုင်မာမှု၊ ကမ္ဘာ့စီးပွားရေး မသေချာ မရေရာမှုများက နယ်စပ်ကုန်သွယ်ရေးအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရန် အစိုးရနှင့် Young Entrepreneur Network Development Programme (YEN-D) တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား အားပေးရန်အတွက် သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း၊ တစ်နိုင်ငံချင်း၏ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို နားလည်စေရန် ဆွေးနွေးပို့ချကြောင်း သိရှိရပါသည်။

**ခိုင်(တာချီလိတ်)**

**Sources: Bangkok Post**

# ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ-ထိုင်းနယ်စပ် မောတောင်မြို့


မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် (မောတောင်မြို့)သည် လက်ရှိမြန်မာနိုင်ငံမှ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် မူတည်ပြီး ခွဲခြားထားသည့်ကဏ္ဍကြီး သုံးရပ်အနက်မှ ဝန်ဆောင်မှုကဏ္ဍကြီးအောက်ရှိ ကုန်သွယ်ရေး ကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍ(ခရီးသွားဝန်ဆောင်မှု)များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို သုံးသပ် တွေ့ရှိရပါတယ်။

**ကုန်သွယ်ရေးကဏ္ဍ**

မောတောင်ကုန်သွယ်ရေးစခန်းအား နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးစခန်းများဖွင့်ရန် လိုအပ်သည့်အချက်များနှင့် ကိုက်ညီမှုရှိ/မရှိ လေ့လာဆန်းစစ် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကာ ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်မှ ယနေ့အထိကုန်သွယ်မှုပမာဏများသည် လျာထားချက်များအပေါ် နှစ်စဉ်အလိုက်တိုးတက်လာသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

တန်ဖိုး - ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|---|
| ၁ | ၂၀၁၃-၂၀၁၄ | ၀.၀၉၃ | ၁.၈၉၅ | ၁.၉၈၈ |
| ၂ | ၂၀၁၄-၂၀၁၅ | ၀.၀၈၁ | ၀.၅၈၂ | ၀.၆၆၃ |
| ၃ | ၂၀၁၅-၂၀၁၆ | ၀.၄၀၁ | ၂.၁၁၁ | ၂.၅၁၂ |
| ၄ | ၂၀၁၆-၂၀၁၇ | ၂.၂၇၄ | ၀.၉၆၅ | ၃.၂၃၉ |
| ၅ | ၂၀၁၇-၂၀၁၈ | ၅.၀၂၀ | ၂.၃၉၉ | ၇.၄၁၉ |
| ၆ | ၂၀၁၈ | ၃.၃၂၈ | ၂.၆၄၉ | ၅.၉၇၇ |
| ၇ | ၂၀၁၈-၂၀၁၉ (ဖေဖော်ဝါရီလအထိ) | ၅.၇၀၇ | ၄.၃၉၈ | ၁၀.၁၀၅ |
| | စုစုပေါင်း | ၁၆.၉၀၄ | ၁၄.၉၉၉ | ၃၁.၉၀၃ |





မောတောင်ကုန်သွယ်ရေးစခန်း၏ အဓိကတင်ပို့သည့် ပို့ကုန်ပစ္စည်းမှာ ရေထွက်ကုန်ပစ္စည်း ဖြစ်ပြီး လယ်ယာထွက်နှင့် သစ်တောထွက်ပစ္စည်း များလည်း တင်ပို့မှုရှိပြီး သွင်းကုန်တင်သွင်းမှု အနေဖြင့် အဓိကတင်သွင်းကုန်ပစ္စည်းမှာ တစ်ပိုင်တစ်နိုင် ITC ကတ်ဖြင့် မော်တော် ဆိုင်ကယ် များဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ သစ်သီး(အစို)များနှင့် မီးဖိုချောင်သုံးသီးနှံများ တင်သွင်းမှုရှိကြောင်း တွေ့ရှိရပါတယ်။

**ပို့ဆောင်ရေးကဏ္ဍ(ခရီးသွားဝန်ဆောင်မှု)**

မောတောင်ဒေသ၏ လမ်းပန်းဆက်သွယ်မှုအနေဖြင့် မြိတ်အများပိုင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ထုံခါ-သံဖြူ-မောတောင် လမ်း (၄၈/၂) မိုင် ကတ္တရာလမ်းခင်းခြင်းမှာရာနှုန်း ပြည့်နီးပါးပြီးစီးနေပြီဖြစ်ရာ ကုန်သွယ်မှုသာမက ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများပါ တိုးတက်ကောင်းမွန်လာကြောင်းကို တွေ့ရှိရပါတယ်။ မောတောင်ဒေသ၏တစ်ဖက်တွင် ထိုင်းနိုင်ငံ၏ ပရာကျွတ်မြို့တည်ရှိပါတယ်။ မြန်မာနိုင်ငံ၏ မြိတ်မြို့နှင့် ထိုင်းနိုင်ငံ၏ပရာကျွတ်မြို့တို့သည် ပထဝီအနေအထားအရ အနောက်ဘက်အက် ဒမန်ပင်လယ်နှင့် အရှေ့ဘက်ပင်လယ်တို့အား နယ်နိမိတ်ချင်း ဆက်သွယ်ထိစပ်နေသောမြို့များဖြစ်ပါတယ်။

ယခုအခါ မြိတ်မြို့နှင့်အနီးပတ်ဝန်းကျင်ရှိ ကျွန်းများဖြစ်သည့် နှစ်ဘက်လှကျွန်းခေါ် (Smart Island)၊ ကရင်လူမျိုးများနှင့် ဆလုံလူမျိုးများ နေထိုင်သည့် ဒုံးကျွန်း၊ ဒုံးရေတံခွန်နှင့် တခြား သာယာလှပသည့် ကျွန်းများသို့ ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားသား ခရီးသွားများကိုပါ မြိတ်မြို့မှ နေ့ချင်းပြန်ပို့ဆောင်ပေးလျက်ရှိသော အဆင့်တန်းမြင့်သည့် ဝန်ဆောင်မှုများဖြင့် ခရီး သွားဝန်ဆောင်မှုလုပ်ငန်းများသည်လည်း မြောက်မြားစွာ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။




**မြိတ်မြို့အနီးပတ်ဝန်းကျင်ရှိ ကျွန်းပတ်ခရီးစဉ်ပြေးဆွဲပေးနေသည့် နေရာများ။**

မောတောင်ဒေသ၏ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာသည်နှင့်အညီ ၎င်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ ယခုအခါ မြိတ်မြို့နှင့် ၁၂၃ မိုင် ကွာဝေးသည့် မောတောင်မြို့ မှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံရှိ ပရာကျွတ်ခရီခမ်းခရိုင်သည် ထိုင်းနိုင်ငံရဲ့ အကျဉ်းမြောင်းဆုံးသော ကမ်းရိုးတန်းဒေသဖြစ်ပြီး ခရိုင်အတွင်းရှိ သာယာလှပသည့်ကမ်းခြေ၊ Shopping Center များ၊ ငါးပြတိုက်၊ မျောက်တောင်၊ဘုန်းကြီးမဲဘုန်းတော်ကြီးရုပ်တုနှင့် ရေပေါ်ဈေး စသည့်နေရာများအပြင် တခြားထူးခြားဖွယ်ရာနေရာများသို့ သွားရောက်လည်ပတ်နိုင်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး အရှေ့ပင်လယ်မှ နေထွက်တာကိုခံစားပြီး အနောက်ဘက်အက်ဒမင်ပင်လယ်မှ နေဝင်သွားသည်ကို နေ့တစ်နေ့တည်းမှာတင် ကြည့်ရှုခံစားနိုင်တော့မှာဖြစ်ပါတယ်။

ထို့အပြင် ထိုင်းဘုရင်၏ နွေရာသီစံနန်းတည်ရှိသည့် ဟွာဟင်မြို့သည်လည်း ပရာကျွတ်ခရီခမ်းခရိုင်အတွင်းမှာ တည်ရှိပါတယ်။ ပါရာကျွတ်မြို့နှင့် ဟွာဟင်မြို့၏ အကွာအဝေးမှာ ၉၀ ကီလို မီတာ ရှိပြီး ပါရာကျွတ်မြို့နှင့် ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဗန်ကောက်မြို့နှင့် အကွာအဝေးမှာ ကီလိုမီတာ ၂၀၀ သာဝေးကွာပြီး၊ နှစ်နိုင်ငံ နယ်စပ်ဂိတ်ဖြစ်သည့် စင်ခွန်ဂိတ်အား အဆင့်မြှင့်တင်နိုင်ရေးအတွက် အီတာလျံထိုင်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် CIQ Project လုပ်ငန်းဆောင်ရွက်ပြီးစီးပါက နောင်လာမည့် နှစ်များတွင် မောတောင်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ၄ နာရီနီးပါး ခရီးဖြင့် အချိန်တိုအတွင်း သွားရောက်လည်ပတ်နိုင်တော့မှာဖြစ်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းများနှင့် ခ ရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့် တစ်ပြိုင်နက်နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများသည်လည်း မြန်မာကျပ်ငွေအပြင် နိုင်ငံခြားငွေများမှာလည်း နှစ်စဉ်အလိုက်တိုးတက်လာတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

**စောရန်နိုင် (မောတောင်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မတ်လ ၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများ အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၁ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဂျမေကာနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၃၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဟောင်ကောင်၊ နီပေါ၊ သီရိလင်္ကာ၊ ဘရာဇီး၊ ကနေဒါ၊ အီဂျစ်၊ အီတလီ၊ ကူဝိတ်၊ ရုရှား၊ တောင်အာဖရိကနှင့် ယူကရိန်းစသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၄ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများ အတိုင်းပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကင်ညာ၊ နော်ဝေ၊ ပိုလန်၊ ဆွီဒင်၊ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် ဒိန်းမတ်စသည့် နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၄၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ မတ်လ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၃၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်းတို့အသီးသီး ဈေးနှုန်းများမြင့်တက်ခဲ့ကာ ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် မတ်လ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကာတာ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဟောင်ကောင်၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဘရာဇီး၊ ကနေဒါ၊ အီဂျစ်၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်၊ ရုရှား၊ တောင်အာဖရိကနှင့် ယူကရိန်းစသည့်နိုင်ငံများအပါအဝင် ၅၀ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ပိုလန်၊ ဒိန်းမတ်၊ ချီလီ၊ စပိန်၊ ဆွစ်ဇာလန်၊ နော်ဝေနှင့် ပီရူး စသည့်နိုင်ငံတို့ အပါအဝင် ၁၁ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၅၀ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၁၀ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ကာ ကျန်ရှိသော အာဆီယံသုံးနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး - အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၀ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၈ | ၀.၈၄ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မတ် ၄ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့်လည်းကောင်း၊ ဧည့် မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၂ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်နှင့် ဧည့်မထ ၂၅ မှတ်၊ ပေါင်းဆန်အမျိုးအစားဆန်နှင့် ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၂၅ မှတ်ဆန်များမှာ ဈေးကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဧည့်မထ ၅ မှတ် ဆန်ဈေးနှုန်းများ အနည်းငယ်ဈေးတက်ခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာဈေး အနည်းငယ်မြင့်တက်ခဲ့ပြီး ပေါင်းဆန်အမျိုးအစားများမှာ ဈေးနှုန်း တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းပို့ကုန်လုပ်ငန်းများမှာ ယခုနှစ် ဆန်တင်ပို့မှု အလားအလာတွင် တန်ချိန်ကိုးသန်းမှ ၉ ဒသမ ၅ သန်းသာရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ ဆန်အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုလိုက်သည့်အတွက် ဖိလစ်ပိုင် ဈေးကွက်သည် ထိုင်းဆန်လုပ်ငန်းများ၏ အဓိကအားထားရာ ဖြစ်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုဖြေလျော့ရေး ဥပဒေကို အတည်ပြုပြဌာန်းခဲ့ပြီးဖြစ်၍ ယခုနှစ်ဆန်တင်သွင်းမှုသည် စံချိန်တင်အမြင့်ဆုံးအဖြစ် တန်ချိန်လေးသန်းအထိ ရောက်ရှိလာနိုင်ကြောင်း သိရှိရပါသည်။ ထို့ပြင် ဖိလစ်ပိုင်သွင်းကုန်လုပ်ငန်း AgriNurture Inc (ANI) နှင့် ဗီယက်နမ်အကြီးဆုံး ဆန်ပို့ကုန်လုပ်ငန်း Vinafood II တို့အကြား ဆန်စာချုပ်မှတစ်ဆင့် ယခုနှစ်တွင် ဆန်ပမာဏများစွာတင်သွင်းမည်ဟု ANI ၏ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ AgriNurture Inc က Inquirer သတင်းဌာနသို့ အတည်ပြုပြောကြားခဲ့သည်ကို သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှုမှာ အနည်းငယ်ကျဆင်းလာခဲ့ပြီး တရုတ်ဈေးကွက်သည် ဥရောပသမဂ္ဂပြီးနောက် ကမ္ဘောဒီးယားဆန်ကို အများဆုံးဝယ်ယူနေသည့် ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်ကြောင်း သိရှိရပါသည်။ အီးယူ၏အခွန်သက်ရောက်မှုကြောင့် ပြည်ပမှ ဆန်အမှာနည်းလာပြီး ကမ္ဘာဒီးယားနိုင်ငံ၏ လက်တွေ့ကြုံတွေ့နေရသည့် အခြေအနေများကြောင့် ဆန်တင်ပို့မှု အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ဆန်လုပ်ငန်းအနေဖြင့် အီးယူအပြင် အခြားဈေးကွက် များရှာဖွေရမည်ဖြစ်ကြောင်း၊ ဆန်တင်ပို့မှု၌ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ထုတ်လုပ်မှုစရိတ်များ လျှော့ချရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်း၏ ဒုတိယဥက္ကဋ္ဌ Hun Lak က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည် နယ်တွင်ပြုလုပ်သည့် The 2nd China Myanmar Economic Corridor Forum သို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါဖိုရမ်တွင် ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ဆန်တန်ချိန် လေးသိန်း တရားဝင် တင်ပို့ရန် ဆွေးနွေးထားပြီး မြန်မာနိုင်ငံမှ ရောင်းသူနှင့် တရုတ်နိုင်ငံမှ ဝယ်ယူသူကုန်သည်များအကြား စာချုပ်ဖြင့် တရားဝင်လိုင်စင်လျှောက်ထားပြီး အခွန်ပေးဆောင်၍သာ ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းမှ ထုတ်ပြန် ခဲ့သည်ကို သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်နှင့် ဆန်ကွဲများ တရားဝင်တင်ပို့မှုကို အားပေးမည်ဖြစ်ပြီး တရားမဝင်တင်ပို့မှုများကို ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတရုတ်အပါအဝင် အခြားသောဈေးကွက်ရှိ နိုင်ငံများသို့တင်ပို့နိုင်မှုမှာ ယခင်နှစ်ထက်နှိုင်းယှဉ်ပါက များစွာလျော့နည်းနေပြီး ယခုဘဏ္ဍာနှစ် ဆန်တင်ပို့မှု အလားအလာမှာ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် တစ်သန်းခန့် ကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ခန့်မှန်းထားသည်ကို သိရှိရပါသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ ဆန်သစ်များ ရန်ကုန်ဈေးကွက်အတွင်းသို့ အများအပြားဝင်ရောက်လာသော်လည်း အရောင်းအဝယ်ကျဆင်းနေသည့် အခြေအနေဖြစ်နေကြောင်း ဝါးတန်းဆန်စပါးကုန်စည်ဒိုင်ဥက္ကဋ္ဌက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ပေါ်ဆန်းဆန်များ အသစ်ပေါ်ချိန်ဖြစ်ပြီး ဈေးမြင့်တက်နေသော်လည်း အရောင်းအဝယ်အေးနေကြောင်း၊ ယခုအခါ ဘိုကလေး ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၆၀၀၀ မှ ၃၇၀၀၀ ကြား၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၁၀၀၀ မှ ၅၃၀၀၀ ကြား ပေါက်ဈေးရှိပြီး၊ ဇီယာ(ရှယ်) ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ မှ ၂၁၈၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မတ် ၇ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၃၀၀ သန်း၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၆၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၃ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၄ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မတ်လ ၄ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာသုည ဒသမ ၅၀ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံ မြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီ ဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါ သည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၄ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၅ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၀ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၅ | ၀.၉၈ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁.၃.၂၀၁၉ | စည် | ၅၇.၂၂ |
| ၂ | ၄.၃.၂၀၁၉ | စည် | ၅၆.၅၉ |
| ၃ | ၅.၃.၂၀၁၉ | စည် | ၅၆.၅၆ |
| ၄ | ၆.၂.၂၀၁၉ | စည် | ၅၆.၂၂ |
| ၅ | ၇.၃.၂၀၁၉ | စည် | ၅၆.၆၆ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၄ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်း လဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

စံချိန်တင်မြင့်တက်ခဲ့သော ရွှေဈေးနှုန်းများသည် ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၇ ရက်အထိ နှစ်ပတ်အတွင်း ၁၆ ပဲရည်အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်သုံးသောင်းကျော် ပြန်လည်ကျဆင်းကြောင်း မန္တလေးမြို့ ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

မန္တလေး ရွှေဈေးကွက်အတွင်း ဖေဖော်ဝါရီလ ၂၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၈၇၅၀၀ ဖြင့် စံချိန်တင် အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ရာမှ မတ် ၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၅၁၀၀၀ သို့ပြန်လည်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ရွှေဈေးနှုန်းများ ပြန်လည်ကျဆင်းလာသည့်အတွက် ရွှေဆိုင်များတွင် ရွှေပြန်လည်ဝယ်ယူသူ များပြားလာကြောင်း ရွှေကုန်သည်များထံမှ သိရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်း ဆက်တိုက် မြင့်တက်ခဲ့သည့်အတွက် လိုက်ပါမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာသည့်အတွက် ပြည်တွင်းရွှေဈေးမှာလည်း ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း မန္တလေးတိုင်း၊ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ပြည်တွင်းရွှေဈေးနှုန်း စချိန်တင်အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်က ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၃၄၅ ဒေါ်လာ သို့ရောက်ရှိခဲ့ပြီး မတ် ၇ ရက်တွင် ၁၂၈၆ ဒေါ်လာသို့ပြန်လည် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးပေါ် မူတည်၍ ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ International Sugar Organization (ISO) website တွင် ဖော်ပြချက်စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံ တို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ ဖြစ်ကြပြီး သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံ တို့ဖြစ်ကြပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 6-Mar-19 | 12.43 cts/lb | 13.01 cts/lb | 340.60 $/T | 15.45 cts/lb |
| 5-Mar-19 | 12.69 cts/lb | 13.03 cts/lb | 345.70 $/T | 15.68 cts/lb |
| 4-Mar-19 | 12.64 cts/lb | 13.03 cts/lb | 344.50 $/T | 15.63 cts/lb |
| 1-Mar-19 | 12.92 cts/lb | 13.03 cts/lb | 348.05 $/T | 15.79 cts/lb |
| 28-Feb-19 | 13.08 cts/lb | 13.02 cts/lb | 351.35 $/T | 15.94 cts/lb |
| 27-Feb-19 | 13.03 cts/lb | 13.00 cts/lb | 354.35 $/T | 16.07 cts/lb |
| 26-Feb-19 | 12.94 cts/lb | 13.00 cts/lb | 351.60 $/T | 15.95 cts/lb |
| 25-Feb-19 | 13.12 cts/lb | 12.99 cts/lb | 354.80 $/T | 16.09 cts/lb |
| 22-Feb-19 | 13.39 cts/lb | 12.98 cts/lb | 363.65 $/T | 16.49 cts/lb |
| 21-Feb-19 | 13.29 cts/lb | 12.93 cts/lb | 360.20 $/T | 16.34 cts/lb |
| 20-Feb-19 | 13.46 cts/lb | 12.90 cts/lb | 363.25 $/T | 16.48 cts/lb |
| 19-Feb-19 | 13.33 cts/lb | 12.85 cts/lb | 362.00 $/T | 16.42 cts/lb |
| 18-Feb-19 | 13.21 cts/lb | 12.82 cts/lb | 360.25 $/T | 16.34 cts/lb |
| 15-Feb-19 | 13.09 cts/lb | 12.80 cts/lb | 356.90 $/T | 16.19 cts/lb |
| 14-Feb-19 | 12.54 cts/lb | 12.76 cts/lb | 344.35 $/T | 15.62 cts/lb |
| 13-Feb-19 | 12.44 cts/lb | 12.78 cts/lb | 346.80 $/T | 15.73 cts/lb |
| 12-Feb-19 | 12.77 cts/lb | 12.83 cts/lb | 334.35 $/T | 15.17 cts/lb |
| 11-Feb-19 | 12.62 cts/lb | 12.85 cts/lb | 332.90 $/T | 15.10 cts/lb |
| 8-Feb-19 | 12.74 cts/lb | 12.88 cts/lb | 339.15 $/T | 15.38 cts/lb |
| 7-Feb-19 | 12.79 cts/lb | 12.91 cts/lb | 341.75 $/T | 15.50 cts/lb |
| 6-Feb-19 | 12.96 cts/lb | 12.92 cts/lb | 346.05 $/T | 15.70 cts/lb |
| 5-Feb-19 | 12.89 cts/lb | 12.94 cts/lb | 345.95 $/T | 15.69 cts/lb |
| 4-Feb-19 | 12.91 cts/lb | 12.97 cts/lb | 345.75 $/T | 15.68 cts/lb |
| 1-Feb-19 | 12.69 cts/lb | 12.97 cts/lb | 343.25 $/T | 15.57 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် (၄) နိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျှမ်းမျှ သကြား တန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့် ဖြစ်သည့်အတွက် တန်ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၂၈-၂-၂၀၁၉) ရက်နေ့ တွင် အမေရိကန်ဒေါ်လာ ၃၅၁ ဒသမ ၃၅ ပေါက်ဈေးရှိခဲ့ရာမှ ဆက်လက်ကျဆင်းလာခဲ့ပြီး (၆-၃-၂၀၁၉ ) ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဒသမ ၆၀ ဖြစ်ပေါ် ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၇ ရက်နေ့ အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၂.၂၀၁၉ | ၁၀၅၉၅၀၀ | ၁၃၂၁ |
| ၂ | ၂.၂.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၃၁၈ |
| ၃ | ၃.၂.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၃၁၈ |
| ၄ | ၅.၂.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၂ |
| ၅ | ၆.၂.၂၀၁၉ | ၁၀၆၅၀၀၀ | ၁၃၁၄ |
| ၆ | ၇.၂.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၀၇ |
| ၇ | ၈.၂.၂၀၁၉ | ၁၀၇၁၅၀၀ | ၁၃၁၁ |
| ၈ | ၉.၂.၂၀၁၉ | ၁၀၇၆၀၀၀ | ၁၃၁၅ |
| ၉ | ၁၀.၂.၂၀၁၉ | ၁၀၇၄၀၀၀ | ၁၃၁၅ |
| ၁၀ | ၁၁.၂.၂၀၁၉ | ၁၀၇၆၀၀၀ | ၁၃၀၇ |
| ၁၁ | ၁၃.၂.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၁၁ |
| ၁၂ | ၁၄.၂.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၀၆ |
| ၁၃ | ၁၅.၂.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၁၇ |
| ၁၄ | ၁၆.၂.၂၀၁၉ | ၁၀၇၆၀၀၀ | ၁၃၂၂ |
| ၁၅ | ၁၇.၂.၂၀၁၉ | ၁၀၇၆၅၀၀ | ၁၃၂၂ |
| ၁၆ | ၁၈.၂.၂၀၁၉ | ၁၀၈၀၀၀၀ | ၁၃၂၅ |
| ၁၇ | ၂၀.၂.၂၀၁၉ | ၁၀၈၇၅၀၀ | ၁၃၄၅ |
| ၁၈ | ၂၁.၂.၂၀၁၉ | ၁၀၈၂၅၀၀ | ၁၃၃၄ |
| ၁၉ | ၂၂.၂.၂၀၁၉ | ၁၀၇၇၅၀၀ | ၁၃၂၃ |
| ၂၀ | ၂၃.၂.၂၀၁၉ | ၁၀၇၇၅၀၀ | ၁၃၂၈ |
| ၂၁ | ၂၄.၂.၂၀၁၉ | ၁၀၇၆၅၀၀ | ၁၃၂၈ |
| ၂၂ | ၂၅.၂.၂၀၁၉ | ၁၀၇၅၅၀၀ | ၁၃၃၀ |
| ၂၃ | ၂၆.၂.၂၀၁၉ | ၁၀၇၀၅၀၀ | ၁၃၂၇ |
| ၂၄ | ၂၈.၂.၂၀၁၉ | ၁၀၇၀၀၀၀ | ၁၃၂၅ |
| ၂၅ | ၁.၃.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၁၀ |
| ၂၆ | ၂.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၂၇ | ၃.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၂၈ | ၄.၃.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၈ |
| ၂၉ | ၅.၃.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၈၈ |
| ၃၀ | ၆.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၈၆ |
| ၃၁ | ၇.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 6.94 %၊ Year on Year Inflation 6.14 % ရှိသည်ကိုလည်းလေ့လာသိရှိရပါသည်။ ဆက်တိုက်ကျဆင်းခဲ့သော အမေရိကန်ဒေါ်လာဈေးနှုန်းများသည် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းအရ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ၁၅၀၈ ကျပ်သို့ ကျဆင်းလာခဲ့ပြီး မတ်လပထမပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ သည်ကို တွေ့ရှိရပါသည်။

ဒေါ်လာဈေးသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၈ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၈ ကျပ်သို့ကျဆင်းလာခဲ့ပြီး နှစ်ပတ်အတွင်း တစ်ဒေါ်လာလျှင် ၃၀ ကျပ်ခန့်အထိ ကျဆင်းခဲ့ရာမှာ မတ် ၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ဒသမ ၆ ကျပ်၊ မတ် ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ်၊ မတ် ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၇ ဒသမ ၉ ကျပ်၊ မတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ဒသမ ၉ ကျပ်၊ မတ် ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၈ ဒသမ ၄ ကျပ်ဖြစ်ပေါ်ခဲ့ပြီး မတ်လ ပထမပတ်တွင် တစ်ဒေါ်လာလျှင် ၁၀ ကျပ်ခန့် ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ပြင်ပဒေါ်လာဈေးကွက်တွင် အရောင်းအဝယ်မှာ ပုံမှန် ဖြစ်ပေါ်နေပြီး မတ် ၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၈ ကျပ်၊ မတ် ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်၊ မတ် ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၂ ကျပ်၊ မတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၂ ကျပ်၊ မတ် ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၇ ရက်အထိ နေ့အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၉ ခုနှစ်၊ မတ် ၁ ရက်နေ့မှ မတ် ၇ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁-၃-၁၉ | ၄-၃-၁၉ | ၅-၃-၁၉ | ၆-၃-၁၉ | ၇-၃-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၁၁.၆ | ၁၅၁၉.၀ | ၁၅၁၇.၉ | ၁၅၁၆.၉ | ၁၅၁၈.၄ | ၀.၄၅ | ↑ |
| ၂ | Thai Baht | THB | ၃၁.၇၄၅ | ၃၁.၈၄၀ | ၃၁.၈၁၀ | ၃၁.၈၉၀ | ၃၁.၇၈၅ | ၀.၁၃ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၃ | ၁.၃၅၅ | ၁.၃၅၅ | ၁.၃၅၈ | ၁.၃၅၇ | ၀.၃၀ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၀၇၃ | ၄.၀၇၇ | ၄.၀၇၆ | ၄.၀၉၃ | ၄.၀၈၈ | ၀.၃၇ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၁၅ | ၁၄၁၃၀ | ၁၄၁၂၀ | ၁၄၁၄၀ | ၁၄၁၄၀ | ၀.၁၈ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၇၀၆ | ၆.၇၀၀ | ၆.၇၀၂ | ၆.၇၀၈ | ၆.၇၀၅ | -၀.၀၁ | ↓ |
| ၇ | Indian Rupee | INR | ၇၀.၉၅၀ | ၇၀.၈၅၅ | ၇၀.၆၅၃ | ၇၀.၅၃၄ | ၇၀.၀၃၄ | -၁.၂၉ | ↓ |
| ၈ | Japanese Yen | JPY | ၁၁၁.၉၀၀ | ၁၁၁.၈၈၀ | ၁၁၁.၉၄၈ | ၁၁၁.၈၃၃ | ၁၁၁.၇၂၉ | -၀.၁၅ | ↓ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၀ | ၁.၄၁၃ | ၁.၄၁၃ | ၁.၄၂၁ | ၁.၄၂၀ | ၀.၇၁ | ↑ |
| ၁၀ | Euro | EUR | ၀.၈၈၀ | ၀.၈၈၂ | ၀.၈၈၂ | ၀.၈၈၄ | ၀.၈၈၄ | ၀.၄၅ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၅ | ၀.၇၅၆ | ၀.၇၅၉ | ၀.၇၆၀ | ၀.၇၆၀ | ၀.၆၆ | ↑ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ်လ ၁ ရက်နေ့တွင် တစ်ဒေါ်လာ ၁၅၁၁ ဒသမ ၆ ကျပ်ရှိခဲ့ရာမှ မတ်လ ၇ ရက်နေ့တွင် ၁၅၁၈ ဒသမ ၄ ကျပ်သို့ပြန်လည်မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်း သုည ဒသမ ၄၅ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းငွေဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ပြည်တွင်း ဒေါ်လာနှင့်ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ် စောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးပုံစံကို ပိုမိုကောင်းမွန်ခိုင်မာအောင် တည်ဆောက်နိုင်စေရန် အတွက် အမြော်အမြင်ကြီးမားစွာဖြင့် ထိန်းကျောင်းဆောင်ရွက်နိုင်ရန်၊ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၏ အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် လျှော့ချနိုင်ရေး ကြိုတင်မျှော်မှန်း၍ စီမံဆောင်ရွက်ထားသင့်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် လာအိုနိုင်ငံသည် ယခင်နှစ်က တရုတ်ဈေးကွက်သို့ သကြားတန်ချိန် ၅၅၀၀၀ သာတင်ပို့ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် တစ်သိန်းအထိ တိုးမြှင့် တင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။ နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်ရန်နှင့် လာအိုသကြားလုပ်ငန်းများအတွက် နိုင်ငံခြားဈေးကွက် ရှာဖွေပေးနိုင်ရန် လာအို အစိုးရသည် ကုန်စည်များအတွက် ဈေးကွက်ဖွင့်ပေးရေး တရုတ်အစိုးရထံ မကြာသေးမီက တိုက်တွန်းထားကြောင်း သိရှိရပါသည်။

လာအို စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီး၊ လာအို-တရုတ် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌ Khemmani Pholsena က လာအိုအစိုးရ၏ ပန်ကြားချက်ကို တရုတ်ကုန်သွယ်ရေးဝန်ကြီး ဌာနထံ အမှာပါးပေးရန် တရုတ်ကိုယ်စားလှယ်အဖွဲ့အား ယခင်တစ်ပတ်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ လာအိုတောင်သူများအနေဖြင့် သကြားပိုမိုထုတ်လာနိုင်စေရန် ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်နိုင်ရန် တရုတ်အစိုးရထံ တောင်းဆိုခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ပိတ်ဆို့မှုကြောင့် စားနပ်ရိက္ခာဖူလုံရေး အခက်တွေ့နေသော အီရန်သို့အနည်းဆုံး ငါးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယ၏သကြားတင်ပို့မှု ဖြစ်လာဖွယ်ရှိကြောင်း၊ အိန္ဒိယလုပ်ငန်းရှင်များသည် သကြားကြမ်းတန်ချိန် တစ်သိန်းခွဲကို အီရန်သို့ မတ်လနှင့် ဧပြီလအတွင်းတင်ပို့ရန် စာချုပ် ချုပ်ဆိုထားကြောင်း သိရှိရပါသည်။ အီရန်အစိုးရကုန်သွယ်ရေး ကော်ပိုရေးရှင်း (GTC) သည် လာမည့်လများအတွက် ကုန်စည်လုံလောက်စေရန် သကြားဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်သည် အီရန်ကို နိုင်ငံတကာငွေကြေးလည်ပတ်မှုစနစ်မှ ကန့်သတ်ထားပြီး ပိတ်ဆို့မှု၌ ရေနံရောင်းချရာတွင် အမေရိကန်ဒေါ်လာ အသုံးမပြုရေးလည်း ပါဝင်ပြီး အီရန်သည်ရူပီးငွေဖြင့် အိန္ဒိယသို့ ရေနံရောင်းချရန် သဘောတူထားပြီး ရရှိသောရူပီးများကို အိန္ဒိယကုန်စည်များ ဝယ်ယူရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အီရန်သည် ပုံမှန်အားဖြင့် ကမ္ဘာ့သကြားထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံမှ သကြားကို ဝယ်ယူလေ့ရှိပြီး အီရန်နိုင်ငံ၌ ပြည်တွင်းထုတ်လုပ်မှုမှ သကြားဝယ်လိုအား ဖြည့်ဆည်းနိုင်ခြင်းမရှိ၍ အိန္ဒိယနိုင်ငံမှ ၂၀၁၉ ခုနှစ်အတွင်း သကြားတန်ချိန် လေးသိန်းအထိ ဝယ်ယူဖွယ်ရှိကြောင်း၊ သကြားတင်ပို့မှုကြောင့် ပမာဏများနေသော အိန္ဒိယသကြားလက်ကျန် လျော့ကျလာနိုင်သော်လည်း ယခုနှစ်တွင် ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော ကမ္ဘာ့သကြားဈေးကိုထိခိုက်စေဖွယ်ရှိကြောင်း သိရှိရပါသည်။ အီရန်သည် ၂၀၁၈-၂၀၁၉ ဈေးကွက်နှစ်အတွင်း သကြားတန်ချိန် ၅ သိန်းကျော် တင်သွင်းမည်ဟု မျှော်လင့်ကြောင်း အပြည်ပြည်ဆိုင်ရာ သကြားလုပ်ငန်းအဖွဲ့ချုပ် (ISO) က ခန့်မှန်းထားသည်ကို သိရှိရပါသည်။ အီရန်နိုင်ငံ၏ သကြားလိုအပ်ချက်မှာ တန်ချိန် ၂ ဒသမ ၅၄ သန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် နှစ်သန်းဝန်းကျင်သာရှိ၍ ပြည်တွင်း ထုတ်လုပ်မှုသည် အီရန်နိုင်ငံ၏ သကြားလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ကြောင်း ISO က ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်း မှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၅ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၄၈၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၉၇-၄၀၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၆၀-၅၇၁ ဖြစ်ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး တရုတ်နှင့် အမေရိကန်နိုင်ငံများတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၉ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၄၇ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၅ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၈ ဒေါ်လာဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရ

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မတ် ၁ | မတ် ၄ | မတ် ၅ | မတ် ၆ | မတ် ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

ပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၄ ဒသမ ၆၃ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လပထမပတ်အတွင်း သကြားဈေးနှုန်းမှာ အတက်အကျ အပြောင်းလဲများ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်**

နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project- TIP) ကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez၊ ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID ) မှ ကိုယ်စားလှယ် Mr. Tom Coward၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးတို့ကလည်း အသီးသီးအမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် International Trade Centre – ITC မှ အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez wdkhu (Myanmar Trade and Investment Project- TIP) စီမံကိန်း အကောင်အထည်ဖော်ရေးသဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ စီမံကိန်းကို မြန်မာနိုင်ငံတွင် ကုန်သွယ်မှုယှဉ်ပြိုင်နိုင်မှုနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန (UK Department for International Development - DFID) ၏ ရန်ပုံငွေပံ့ပိုးမှုနှင့် နိုင်ငံတကာကုန်သွယ်ဗဟိုဌာန (International Trade Center - ITC) ၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအသီးသီးမှ အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိ သူများ၊ နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန အမှုဆောင်ဒါရိုက်တာ Ms. Arancha Gonzalez နှင့် ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှု

မယ်စဲ့ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၉ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၁၇၅ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဖေဖော်ဝါရီလ လျာထားချက်အနေဖြင့် ပို့ကုန် သုည ဒသမ ၀၇၀ သန်း၊ သွင်းကုန် သုည ဒသမ ၀၁၀ သန်း စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် သုည ဒသမ ၀၈၀ သန်းဖြစ်ပြီး လျာထားချက်ထက်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုအခါ တစ်ဖက်နိုင်ငံမှ ငရုတ်သီးခြောက် ပိုမိုဝယ်လိုအား မြင့်တက်မှုကြောင့် ပို့ကုန်အနေဖြင့် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ သွင်းကုန်အနေဖြင့်လည်း အချိုမှုန့်၊ ကော်ဖီမစ်(Birdy)နှင့် Cleaning Liquid များ အများဆုံးတင်သွင်းခဲ့ပါသည်။ ပွင့်လင်းရာသီရောက်သဖြင့် ဆောက်လုပ်ရေးသုံးဖြစ်သော ဘိလပ်မြေတင်သွင်းမှု ပိုမိုလာမည်ဟု မျှော်မှန်းရပါသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကုန်သွယ်နိုင်စေရေးအတွက် နှစ်နိုင်ငံနယ်စပ်ဈေးအား ၂၀၁၉ ခုနှစ်အတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ထိုင်း နိုင်ငံအစိုးရဘက်မှ ဆောင်ရွက်လျက်ရှိပါသည်။

**အောင်စိုး**

**စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်**

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဆက်တိုက်ပြန်တက်လာသော ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ဖေဖော်ဝါရီလပထမပတ်မှ မတ်လပထမပတ်အထိ တစ်လအတွင်း တစ်လီတာလျှင် ၄၅ ကျပ်ခန့် မြင့်တက်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ်လ ၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၃၀၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင်ကျပ် ၉၄၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၄၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၃၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဟောင်ကောင်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | မတ်လ ၁ | မတ်လ ၄ | မတ်လ ၅ | မတ်လ ၆ | မတ်လ ၇ | မတ်လ ၁ | မတ်လ ၄ | မတ်လ ၅ | မတ်လ ၆ | မတ်လ ၇ |
| ၁ | မြစ်ကြီးနား | ၃၈၃၄ | ၃၈၃၄ | ၃၈၃၄ | ၃၈၃၄ | ၃၈၃၄ | ၄၄၄၂ | ၄၄၄၂ | ၄၄၄၂ | ၄၄၄၂ | ၄၄၄၂ |
| ၂ | လားရှိုး | ၃၇၀၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၃ | ကျိုင်းတုံ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ |
| ၄ | တောင်ကြီး | ၃၆၅၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၃၇၅၀ | ၄၃၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၄၅၀ | ၄၄၅၀ |
| ၆ | ဘားအံ | ၃၄၈၈ | ၃၅၃၃ | ၃၅၃၃ | ၃၅၃၃ | ၃၅၃၃ | ၄၃၂၀ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၆၅ |
| ၇ | မော်လမြိုင် | ၃၈၇၀ | ၃၈၉၂ | ၃၉၃၇ | ၃၉၃၇ | ၃၉၃၇ | ၄၃၆၅ | ၄၃၆၅ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၈ | ထားဝယ် | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၉ | မြိတ် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၆၉၀ | ၃၆၉၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၁၈၅ | ၄၁၈၅ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၁၈၂ | ၄၁၈၂ | ၄၁၈၂ | ၄၁၈၂ | ၄၁၈၂ |
| ၁၁ | ပုသိမ် | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၂ | စစ်တွေ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ |
| ၁၄ | မုံရွာ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၄၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၃၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၆၅၀ | ၃၆၅၀ |
| ၁၇ | မကွေး | ၃၅၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၂၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၁၈ | ပြည် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၄၅ | ၃၆၄၅ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၉ | ပဲခူး | ၃၃၉၀ | ၃၄၃၀ | ၃၄၃၀ | ၃၄၃၀ | ၃၄၃၀ | ၄၂၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၀ | ပျဉ်းမနား | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ |
| ၂၁ | နေပြည်တော် | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၃၆၄၅ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ | ၄၃၄၃ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

**စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်**

ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်လ ၃ မှ ၆ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁.၃.၂၀၁၉ | ၄.၃.၂၀၁၉ | ၅.၃.၂၀၁၉ | ၆.၃.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၂ | ဧယာ | ၁၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၆၀၀ | ၂၁၆၀၀ | ၂၁၆၀၀ | ၂၁၆၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၁၂၀၀ | ၂၁၁၀၀ | ၂၁၁၀၀ | ၂၁၂၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၃၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၄၅၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီးလုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ်လပထမပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁.၃.၂၀၁၉ | ၄.၃.၂၀၁၉ | ၅.၃.၂၀၁၉ | ၆.၃.၂၀၁၉ | ၇.၃.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၀၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၁ | နေပြည်တော် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic



TOSHIBA
Leading Innovation >>>
TCM Partners Co.,Ltd
Partners Creation,
THE FUTURE IS NOW
https://web.facebook.com/TCMToshibaCarrierinMyanmar/
EXCELLENCE
EXPANSION
EXPERIENCE
SMMS e
SUPER MODULAR MULTI SYSTEM
Air Conditioning for large buildings
INDOOR UNITS —18 types 112 models*
Carrier-Toshiba authorized distributor
Contact Tel: (+95)9-7878-78811
www.facebook/Toshiba Carrier/TCM-Air Conditioning Distribution




GLOBAL FIRE ALARM CO., LTD
No.870,MaharBawga Street, Ward-8, Mayangone Township, Yangon.
E-mail: info@globalfirealarm.com, Phone (+95) 925 925 5514, 978 003 2977
Available Services
Material Supply
Consultation Services
Design Services
Installation Services
Maintenence Services
Inspection Services
CONVENTIONAL & ADDRESSABLE FIRE ALARM EQUIPMENT
Sprinkler System
Hydrant, Dry Riser, Wet Riser, Hose Reel System
Fire Pumps
Grooved Fittings
Kitchen Hood
FM 200 & NOVEC 1230
Vesda System
Fire Protection is only what we belong to
MATERIALS SERVICES MANPOWER


TERMINAL
Terminal Petrol Filling Station
1.Terminal 201 (လေတပ်အနီး၊ ပြည်လမ်း၊ မင်္ဂလာဒုံ) ၁၂၄၀၊ ရန်ကုန်-ပြည်လမ်း၊ BOC မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်။ Ph : 09-977838201, 09-977838621
2.Terminal 202 (အကွက်အမှတ် (၁၇၁၊က)၊ မြေတိုင်းရပ်ကွက် (၁)၊ အမှတ်(၃) လမ်းမကြီး၊ အိုးအိမ်မှတ်တိုင်၊ မင်္ဂလာဒုံမြို့နယ်) Ph : 09-977838202, 09-977838622
3.Terminal 203 (မြေတိုင်းရပ်ကွက်အမှတ် (သကတ-(ခ) တိုးချဲ့)၊ မြေကွက်အမှတ် (၁၈၁၊A)၊ လှိုင်သာယာမြို့နယ်) Ph : 09-977838203, 09-977838623
4.Terminal 204 (ကိုးမြိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၄၀၊ C)၊ သဒ္ဒါရကုံကွင်း၊ ဦးပိုင်အမှတ် (၄၄ ခ+၄၅ ခ)၊ ရင်းတိုက်ကွင်းကျေးရွာ၊ တိုက်ကြီးမြို့နယ်) Ph : 09-977838204, 09-977838624
5.Terminal 205 (မင်းဓမ္မလမ်းနှင့် ကျိုက်ပိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်) Ph : 09-977838205, 09-977838625
6.Terminal 206 (အမှတ် (၃၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ခရေလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်) Ph : 09-977838206, 09-977838626
7.Terminal 208 (ဆင်ကျုံးကွင်းအမှတ် (၈) ဦးပိုင်အမှတ် (ခ၊၃၇၊ င၊၃၇၊ စ၊၃၇၊ ဆ၊၃၇) ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်) Ph : 09-977838208, 09-977838628
8.Terminal 501 (ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရေလျှံကြီးကျေးရွာအုပ်စု၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း) Ph : 09977838501
9.Terminal 101 (ရာဇဌာနီလမ်း နှင့် ဥတ္တရသီရိလမ်းထိပ်၊ နေပြည်တော်) Ph : 09-977838101, 09-977838620
" Terminal ဆိုင်များတွင်
လူကြီးမင်းတို့ လိုအပ်သော စက်သုံးဆီများကို
ဂါလန်(၅၀) အထက်မှာယူပါက
ရန်ကုန်မြို့တွင်းပို့ဆောင်ခ မယူဘဲလိုက်လံပို့ဆောင်ပေးနေပါပြီ "
" TRUST THE QUALITY, TRUST TERMINAL "
Hot Line : 09 977 838 023


SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (၂၀၁၉)

## အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့်

# 'စိတ်ချယုံကြည် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆီ'

| ရီလင်းထွင့် (မုံရွာ) |

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ယဉ်ကျေးမှုအဆင့်မြင့်မားတဲ့ နိုင်ငံတိုင်းဟာ ပြည်သူကိုအလေးအနက်ထားလေ့ရှိကြပါတယ်။ မှုခင်းကျင့်ဝတ်မှာလည်း အပြစ်ရှိတဲ့သူတွေကို ဖမ်းမိဖို့ထက် အပြစ်မဲ့တဲ့သူတွေကို ပြစ်ဒဏ်မပေးမိဖို့ဆိုတဲ့ အချက်ရှိတာတွေ့ရပါတယ်။ အပြင်မှာဖြစ်ရပ်မှန်ဖြစ်တဲ့အတွက် ဇာတ်လမ်းတွေထဲမှာ ဓားစာခံကို မထိခိုက်အောင် ကာကွယ် ကယ်တင်ပေးတာတွေ၊ ကမ္ဘာစစ်အတွင်းက ကျန်ခဲ့တဲ့စစ်သားတွေရဲ့ အရိုးစုတွေရရှိရေးရှာဖွေ အမှတ်တရပြုလုပ်ပေးတာတွေက လူသားအချင်းချင်း လူ့အခွင့်အရေးကို မဆုံးရှုံးရအောင် ကာကွယ်ပေးရမယ်ဆိုတဲ့ကျင့်ဝတ်ကို အလေးထားကြခြင်းဖြစ်ပါတယ်။ အဲဒီလူဆိုတဲ့ စားသုံးသူတွေကို မထိခိုက်အောင် ဘယ်လို ကာကွယ်ပေးရမလဲဆိုပြီး ကုန်စည်များ ဝန်ဆောင်မှုများကို သုံးစွဲနေကြတဲ့ ပြည်သူတွေကို ဝယ်သူ သတိအမြဲရှိ၊ ရောင်းသူ သတိအမြဲရှိဆိုတဲ့ သတိပေးမှုကနေ အခြေခံအခွင့်အရေးတွေ ရပိုင်ခွင့်ရှိတယ်ဆိုတဲ့ စားသုံးသူ အခွင့်အရေးဆိုင်ရာအချက်အလက်တွေကို အမေရိကန်သမ္မတ John F Kennedy က ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်မှာ ကျင်းပတဲ့ လွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။ ဒီလို စားသုံးသူအခွင့်အရေးနဲ့ ပတ်သက်ပြီး ကမ္ဘာမှာ ပထမဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်လို့ မတ်လ ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ World Consumer Rights Day (WCRD) အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၈၅ ခုနှစ်ကစပြီး နှစ်စဉ် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြပါတယ်။ စားသုံးသူအားလုံး၏ အခြေခံအခွင့် အရေးများကို မြှင့်တင်နိုင်ပြီး အလေးထား ကာကွယ်ပံ့ပိုးပေးနိုင်မှုများ တိုးတက်လာစေရန် ရည်ရွယ်၍ နှစ်စဉ်ဦးတည်ချက် ဆောင်ပုဒ်များ သတ်မှတ်ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာ စားသုံးသူများအဖွဲ့အစည်း Consumer International (CI) က ကမ္ဘာလုံးဆိုင်ရာ စားသုံးသူလှုပ်ရှားမှုများကို ဦးဆောင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အထိမ်းအမှတ်အခမ်းအနားများ လှုပ်ရှားမှုများဆောင်ရွက်လျက်ရှိကြပါတယ်။

ယခုနှစ် WCRD(2019)ရဲ့ဆောင်ပုဒ်ကတော့ Trusted Smart Products ဟုသတ်မှတ်ထားပါတယ်။ 'စိတ်ချယုံကြည် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆီ'လို့ သတ်မှတ်ရတဲ့ အကြောင်းရင်းကတော့ ယနေ့ကမ္ဘာပေါ်မှာ လုပ်ဆောင်မှုတိုင်းနီးပါးဟာ အင်တာနက်နဲ့မကင်းတော့တဲ့ အခြေအနေကို ရောက်ရှိနေတဲ့အချိန်ဖြစ်တဲ့အတွက် အဆင့်မြင့်နည်းပညာသုံး ဒစ်ဂျစ်တယ်ထုတ်ကုန်တွေကို သုံးစွဲရလျက်ရှိနေပါတယ်။ ဒီလိုထွန်းကားလာနေတဲ့ နည်းပညာကနေ စားသုံးသူတွေအနေနဲ့ လုံခြုံစိတ်ချရတဲ့ သုံးဖို့လွယ်ကူအဆင်ပြေစေမယ့် စိတ်ကျေနပ်မှုရှိစေတဲ့ ထုတ်ကုန်တွေ ဝန်ဆောင်မှုတွေရရှိဖို့ လိုအပ်လျက်ရှိပါတယ်။ တစ်နေ့ထက်တစ်နေ့ ပိုမြန်လာ၊ ပိုအဆင့်မြင့်လာတဲ့ခေတ်ကြီးမှာ ကိုယ်ရေးသတင်း အချက်အလက်ပေါက်ကြားတာတွေ၊ ဘဏ်အကောင့် Password ခိုးပြီး ငွေခိုးထုတ်ခံရတာတွေ၊ ကွန်ပျူတာ ဆော့ဝဲလ်တွေနဲ့ လက်တည့်စမ်းဖျက်စီးတာတွေ၊ သုံးစွဲဖို့ရှင်းလင်းလွယ်ကူမှုမရှိတာတွေ၊ တာဝန်ယူမှု မရှိတာတွေ ကြုံတွေ့နေရတဲ့အတွက် ဒီကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့မှာ ကမ္ဘာတစ်ဝန်းလုံး အသိအမှတ်ပြုစေဖို့ အခွင့်အလမ်းတစ်ခုဖြစ်တဲ့အတွက် ယခုဆောင်ပုဒ်ထုတ်ပြန် ဖော်ထုတ်ရခြင်းဖြစ်ကြောင်း သိရပါတယ်။

ယနေ့ခေတ်က ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်နေတဲ့အတွက် WCRD(2017)မှာလည်း 'Building a Digital World World Consumers can Trust' စားသုံးသူတွေ ယုံကြည်စိတ်ချနိုင်ဖို့ ဒစ်ဂျစ်တယ်ကမ္ဘာတည်ဆောက်စို့ဟု သတ်မှတ်ထုတ်ပြန်ပြီး အင်တာနက်လိုင်းရရှိမှု မညီမျှမှုကို လျှော့ချပြီး အားလုံးသုံးစွဲနိုင်မယ့်အခွင့်အရေး အတူရအောင် ဆောင်ရွက်ပေးရေး၊ အွန်လိုင်းကနေ ဈေးဝယ်ကြတဲ့အခါမှာလည်း လိမ်ညာမှုတွေ ကုန်ပစ္စည်းအတုတွေ ကြုံတွေ့ရပြီး ဆိုင်လိပ်စာ သေချာဖော်ပြထားခြင်း မရှိလို့နစ်နာမှုတွေကို စားသုံးသူအခွင့်အရေး အကာအကွယ်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

သမိုင်းကြောင်းပြန်ကြည့်ရင် ဆက်သွယ်ရေးနည်းပညာများ မထွန်းကားခင် ရှေးခေတ်က စာပို့ငှက်များဖြင့် သတင်းပေးပို့ဆောင်ရွက်ခြင်း၊ လူဖြင့်ပို့ဆောင်ရေးယာဉ်ဖြင့်ပို့ခြင်းတို့သာ ဆောင်ရွက်နိုင်ခဲ့ရာမှ သွားစရာမလိုသည့်ကြေးနန်းစနစ်မှ အစပြုကာ ၁၉၅၀ ပြည့်နှစ်လွန်မှ ရုပ်မြင်သံကြားများ စတင်ပေါ်ပေါက်လာပြီး ၁၉၅၆ ခုနှစ်တွင် တယ်လီဖုန်းစတင်တီထွင်သူ ဂရေဟမ်ဘဲလ်ဟု မှတ်သားခဲ့ရပြီး ယနေ့မျက်မှောက်ကာလသည် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည့် အိုင်စီတီနည်းပညာနယ်ပယ်ကြီးဖြစ်နေသည်ကို တွေ့ရပါသည်။ ၁၇၆၀ နောက်ပိုင်းတွင် လက်ဖြင့်ကုန်စည်များ ထုတ်လုပ်သည့်စနစ်မှ စက်ဖြင့်ထုတ်လုပ်သည့် စနစ်ကို ပြောင်းလဲလာသည်ကို ပထမစက်မှုတော်လှန်ရေး၊ ၁၉ ရာစုနှောင်းပိုင်းတွင် ကုန်ပစ္စည်း အမြောက်အမြားကို တစ်ပြိုင်နက်ထုတ်လုပ်နိုင်သည့် စက်ကိရိယာများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ နည်းပညာဆိုင်ရာတိုးတက် ပြောင်းလဲလာသည့် ဒုတိယစက်မှုတော်လှန်ရေး၊ ၁၉၆၉ ခုနှစ်နောက်ပိုင်းတွင် ချူကလီးယားစွမ်းအင်နှင့် စက်ရုပ်နည်းပညာများ ကွန်ပျူတာများ ပေါ်ပေါက်လာသည့် တတိယစက်မှုတော်လှန်ရေး၊ ယခုမျက်မှောက်ကာလတွင် အသိဉာဏ်အတုများ၊ စက်ရုပ်များ၊ ဇီဝနည်းပညာများ၊ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို စက်မှုတော်လှန်ရေး အဆင့် (၄) 4th Industrial Revolution ဟု သတ်မှတ်၍ ခေတ်စနစ်နှင့်အညီကူးပြောင်းမှုဖြစ်နေကြောင်း တွေ့သိရပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုလုပ်ငန်းနှင့် နည်းပညာဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်မည့် အဆင့်မြင့်နည်းပညာထုတ်ကုန်တွေ၊ လူသုံး၊ အိမ်သုံး လုပ်ငန်းသုံး ကျောင်းသုံး Smart Products တွေဖြစ်သည့် ကွန်ပျူတာများ၊ သတင်းသိုလှောင်ထိန်းချုပ်သည့်စနစ်များ၊ မိုဘိုင်းဖုန်းအမျိုးမျိုး၊ လုံခြုံရေး ကင်မရာများ၊ အီလက်ထရောနစ် တံခါးသော့၊ အသိဉာဏ်တု အချက်ပေးစနစ်များ၊ ဘက်စုံသုံးနိုင်သည့် ဒစ်ဂျစ်တယ်နာရီများကို ထုတ်လုပ်သုံးစွဲ လျက်ရှိနေသည်။ အများပြည်သူအားလုံးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုနယ်ပယ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်မှုနယ်ပယ်များတွင်လည်း မှတ်ဉာဏ်အတုစနစ်၊ အာရုံခံစားသည့်စနစ်၊ လက်ဗွေစနစ်များဖြင့် ထိန်းချုပ်နိုင်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်နေပြီဖြစ်သည်ကိုတွေ့ရသည်။ အရွယ်ရောက်သူများသာမက ကလေးသူငယ်များအတွက်လည်း ဒစ်ဂျစ်တယ် ပတ်ဝန်းကျင်ကို ထိတွေ့နေရပြီဖြစ်ရာ Online Game ကစားခြင်း၊ သီချင်းဗီဒီယို Download လုပ်ခြင်း၊ လူမှုကွန်ရက်အသုံးပြုခြင်းတို့ သုံးစွဲရာတွင် ဆိုးကျိုးနဲ့မကြီးပြင်းစေဘဲ ကောင်းကျိုးအခြေခံကောင်းတွေကိုသာ ဖြစ်ပေါ်စေသည့် အခွင့်အရေးရရှိစေဖို့ နိုင်ငံအသီးသီးက ကိုယ့်နိုင်ငံနဲ့ကိုက်ညီတဲ့ ထိန်းချုပ်မှုတွေ၊ တားမြစ်မှုတွေ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း ပြောင်းလဲတိုးတက်နေတဲ့ခေတ်နှင့် အညီလိုက်ပါဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းလျက်ရှိရာ မြန်မာနိုင်ငံ၏ စီးပွားရေး မူဝါဒအရ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးအရ ယှဉ်ပြိုင်နိုင်ရန် တိုင်းပြည်စီးပွားရေးကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် E-government, E-commerce, E-community စနစ်တွေဆောင်ရွက်နေသလို Digital Economy ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဖွဲ့စည်းကာ ဒုတိယသမ္မတက နာယကအဖြစ် နိုင်ငံတော်အစိုးရက ဦးဆောင်ပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရပါသည်။ လက်ရှိဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ စွမ်းဆောင်ရည်မြင့်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်ပြီး တိုင်းပြည်၏ ဝင်ငွေပိုမိုရှာဖွေနိုင်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး၏ ၈၀ ရာခိုင်နှုန်းအထက်သည် Smart Phone များ သုံးစွဲနေခြင်းဖြစ်ပြီး အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့်နှုန်းတစ်ခုဖြစ်၍ အခွင့်အရေးအားသာချက်တစ်ခုဖြစ်ကြောင်း သိရပါသည်။ Online Shopping လုပ်ငန်း ဆောင်ရွက်သူများအတွက် Market place by Myanmar Post ဟု မြန်မာ့စာတိုက်လုပ်ငန်း၏လုပ်ငန်းသုံးဝန်ဆောင်မှု Epost system သည် အနီးဆုံးစာတိုက်ကနေ ပစ္စည်းများပို့ပေးခြင်း၊ ငွေကောက်ခံပြီး ရောင်းသူ၏ ဘဏ်စာရင်းထဲကိုထည့်ပေးခြင်း ဆောင်ရွက်ပေးကြောင်း သိရပါသည်။ ဒစ်ဂျစ်တယ်စနစ်ကို တွင်ကျယ်စွာအသုံးပြုနိုင်သည့် နိုင်ငံသားများ ဖြစ်ပြီး နည်းပညာကို ကောင်းစွာအသုံးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် မြို့ပေါ်နှင့်ကျေးလက် အင်တာနက်ရရှိနိုင်မှု ကွာဟနေခြင်းကိုလျှော့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရပါသည်။ ဌာနဆိုင်ရာ အသီးသီးကလည်း ဒစ်ဂျစ်တယ်နည်းပညာတွေ အသုံးပြုပြီး စားသုံးသူပြည်သူတွေအတွက် မိုးလေဝသသတင်းတွေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်တွေ၊ ဈေးကွက်ဈေးနှုန်းတွေ၊ အခွန်ပေးဆောင်မှုတွေ၊ ကုမ္ပဏီမှတ်ပုံတင်တာတွေကို လွယ်ကူစွာဆောင်ရွက်နိုင်ဖို့ ပြုလုပ်ပေးလျက်ရှိပါသည်။ စားသုံးသူရေးရာဦးစီးဌာနကလည်း ဝယ်ယူသုံးစွဲထားသည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူများအနေဖြင့် ကျေနပ်မှုမရှိပါက လွယ်ကူလျင်မြန် စိတ်ချလုံခြုံစွာဖြင့် တိုင်ကြားနိုင်စေရန် DOCA Myanmar Phone Application ကို ဆောင်ရွက်ပေးထားပါသည်။ အီလက်ထရောနစ်ထုတ်ကုန်များနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ သိရှိရေးအတွက်ကိုလည်း သင်တန်းများပေးလျက်ရှိသည်ကိုတွေ့ရပါသည်။ မြန်မာစားသုံးသူများရဲ့ အခွင့်အရေးကို အလေးထားကာကွယ်ပံ့ပိုးမှုများ တိုးတက်လာစေရန်အတွက် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူးပြီး ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၆ ခုနှစ်က စတင်ကျင်းပပြုလုပ်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်မှာ World Consumer Rights Day 2019 အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ စိတ်ချယုံကြည် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆီ ဆိုသည့် စားသုံးသူအကာအကွယ်ပေးမှုကို မြန်မာနိုင်ငံကလည်း လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ပါသည်။

# မူဆယ်(၁၀၅)မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှတရုတ်သို့ ဖရဲတင်ပို့မှုလျော့ကျ

ယခုတစ်ပတ်မူဆယ် (၁၀၅) မိုင်ကုန်စည် ဒိုင်မှ တရုတ်သို့ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကြားသီး၊ ဖရဲဖြူသီး၊ အဝိုင်းကြားသီး၊ အစေ့မဲ့ဖရဲတို့ တင်ပို့ခဲ့သလို သခွားအနေဖြင့် ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက်သခွား (ဝူခုံး)အသီးများ တင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှု လျော့နည်းလာပေမယ့် သခွား တင်ပို့မှုပြောင်းလဲခြင်းမရှိပုံမှန် တင်ပို့လျက်ရှိပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၃ ရက်အတွင်း ဖရဲ ၁၅၇၅ စီး၊ တန်ချိန် ၁၈၆၄၁ ဒသမ ၅ တန်၊ သခွား ၁၅၀၇ စီး၊ တန်ချိန် ၈၁၈၁၈ ဒသမ ၅ တန်၊ ဖရုံ ၉ စီး တန်ချိန် ၉၆ တန်၊ ထိုင်ဝမ်ဆီးသီး ၁ စီး၊ တန်ချိန် ၂ တန်တင်ပို့ရောင်းချခဲ့ကြကြောင်း မူဆယ်(၁၀၅) မိုင်သစ်သီးဝလံကုန်စည်ဒိုင်စာရင်းအရသိရပါတယ်။ ယခုတစ်ပတ်အတွင်း ဖရဲအဖြူသီးမှာ ဈေးအနိမ့်ရပြီး အစေ့မဲ့ဖရဲမှာ ဈေးအမြင့်ရခဲ့သလို သခွားမွှေးသီးနှံထဲမှာရွှေ သခွားက ဈေးအနိမ့်ရခဲ့ကာ ပိုက်ကွက်သခွားက ဈေးအမြင့်ဆုံးရခဲ့ပါတယ်။

ဈေးနှုန်းများအနေဖြင့် ဖရဲသီးနှံအနိမ့်ဈေး မှာ တစ်တန်လျှင် ၅၀၀ ယွမ်၊ မြန်မာငွေ ကျပ် ၁၁၀၆၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးမှာ ယွမ် ၄၈၀၀၊ မြန်မာငွေကျပ် ၁၀၆၂၀၀၀ ဖြစ်ခဲ့သလို သခွားသီးနှံ အနိမ့် ဈေးမှာ တစ်တန်လျှင် ယွမ် ၂၀၀၀၊ မြန်မာငွေကျပ် ၄၄၂၅၀၀ ဖြစ်ပြီး သခွားအမြင့်ဆုံးဈေးမှာ ယွမ် ၆၅၀၀၊ မြန်မာငွေ ကျပ် ၁၄၃၈၀၀၀ ဖြစ်ခဲ့ပါတယ်။ ဖရုံသီးအနိမ့်ဈေးမှာ တစ်တန်လျှင် ယွမ် ၂၀၀၊ မြန်မာငွေကျပ် ၄၄၃၀၀၊ အမြင့်ဈေးမှာ ယွမ် ၁၀၀၀၊ မြန်မာငွေကျပ် ၂၂၁၃၀၀၊ ထိုင်ဝမ် ဆီးသီးအနိမ့်ဈေးတစ်တန်ယွမ် ၆၀၀၊ မြန်မာငွေ ကျပ် ၁၃၂၇၀၀ ဖြစ်ပြီး အမြင့်ဈေးမှာ ယွမ် ၂၅၀၀၊ မြန်မာငွေကျပ် ၅၅၃၀၀၀ တို့ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်းငွေဈေးနှုန်းမှာ တစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၅ ကျပ် ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**စုစုသာ**

**(မောဝ်ရွှေလီကုန်သွယ်မှုဇုတ်ဌာန)**

# သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ် အထူးစီးပွားရေးဇုန် သုံးခုနှင့် သီလဝါအထူးစီးပွားရေးဇုန်ကို စံပြနမူနာယူရေး

| မောင်လွင်ပြင် |

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်ကြီး သုံးခုအကောင်အထည်ဖော်ရန် အစီအစဉ်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါအထူးစီးပွားရေးဇုန်၊ ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် အထူးစီးပွားရေးဇုန်တို့ ဖြစ်သည်။ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်သည် သီးပွင့်နေပြီဖြစ်၍။ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်ထားသော သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်က ၄၉ ရာခိုင်နှုန်း၊ မြန်မာက ၅၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားကြသည်။ ယင်းအထူးစီးပွားရေးဇုန်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၁၀၅ ခု ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားကြသည် သိရ၏။ လက်ရှိလည်ပတ်နေသည့် စက်ရုံပေါင်း ၆၅ ရုံ ရှိနေပြီဟုလည်း သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် တွဲလျက်တည်ရှိသည်။ သယ်ယူပို့ဆောင် ကုန်တင်ကုန်ချဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တွဲလျက်ရှိသည်မှာ သဘာဝကျသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများကို တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည်။ ပထမအဆင့် အပိုင်း (၁)အနေဖြင့် တရုတ်နိုင်ငံက ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ စတင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေပြီဖြစ်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းအား အပိုင်းလိုက်တစ်ဆင့်ချင်း ဆောင်ရွက်ရခြင်းသည်လည်း ဝေဖန်သုံးသပ်ထောက်ပြနေကြသော တရုတ်ကြွေးမြီထောင်ချောက် မမိစေရေး ရှောင်တိမ်းသည့် အနေဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်၏။ ယင်းစီမံကိန်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံက အများဆုံးရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပိုင်ဆိုင်မှုကို တရုတ်က ၇၀ ရာခိုင်နှုန်း၊ မြန်မာက ၃၀ ရာခိုင်နှုန်းရှိမည် သဘောတူထား၏။ တရုတ်နိုင်ငံ CITIC Group ကုမ္ပဏီသည် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် တင်ဒါအောင်ထားပြီး စီမံကိန်း မူဘောင်သဘောတူညီချက်လည်း လက်မှတ်ရေးထိုးပြီးကြောင်းသိရသည်။ ယင်းရေနက်ဆိပ်ကမ်းအတွက် အကြိုဆန်းစစ်လေ့လာခြင်း EIA (သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ချက်) နှင့် SIA (လူမှုရေးထိခိုက်မှုလေ့လာဆန်းစစ်ချက်) များ ဆွေးနွေးညှိနှိုင်းလုပ်ဆောင်နေကြောင်းလည်း သိရသည်။ ကျောက်ဖြူရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးအတွက်လည်း အထူးအရေးပါနေသည်။ တရုတ်-မြန်မာစီးပွားရေး စင်္ကြံလမ်းကြောင်းတစ်ခုဖြစ်သော အရှေ့မြောက်-အနောက်တောင် စီးပွားရေးစင်္ကြံလမ်းသည် ယူနန်ပြည်နယ်၊ ကူမင်းမြို့မှစတင်ပြီး မူဆယ်-မန္တလေးတို့ကိုဖြတ်ကာ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အဆုံးသတ်မည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် တရုတ်နိုင်ငံ၏ အိန္ဒိယသမုဒ္ဒရာထွက်ပေါက် တံခါးတစ်ချပ်ဖြစ်မည်။ အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းပြီး အာဖရိက၊ ဥရောပနိုင်ငံများသို့ တရုတ်ကုန်စည်များ၊ မြန်မာ့ထုတ်ကုန်များ တင်ပို့မည်ဖြစ်သည်။

ထားဝယ် အထူးစီးပွားရေးဇုန် အနေအထားကတော့ အကောင်အထည်ဖော်ရေး နှေးကွေးနေသည့် အခြေအနေရှိသည်။ သို့သော် ယင်းအထူးစီးပွားရေးဇုန် အမြန်ပေါ် ပေါက်ရေး ပူးပေါင်း ဆောင်ရွက်ကြမည့် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံတို့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသည် ကြားသိရ၏။ ထားဝယ် အထူးစီးပွားရေးဇုန်အတွက် JCC (Joint Coordination Committee) အစည်းအဝေးအပေါ် အခြေခံပြီး JHC (Joint Higher Committee) အစည်းအဝေးကို လိုအပ်လျှင် ခေါ်ယူညှိနှိုင်း ဆောင်ရွက်မည်ဟုလည်းသိရ၏။ ယခုအခါ ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် အထူးစီးပွားရေးဇုန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ထားဝယ်-ထီးခီး နှစ်လမ်းသွားကားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းကို Time Frame ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။ ထားဝယ် စီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် ဂျပန်၊ ထိုင်း၊ မြန်မာ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည် ခန့်မှန်းရသော်လည်း ရင်းနှီးမြှုပ်နှံရာတွင် မည်သည့်ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်မည်လဲ ညှိနှိုင်းနေကြဆဲ ဖြစ်သည်။ ဂျပန်နိုင်ငံသည် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးတွင် ရာခိုင်နှုန်းများများ ရင်းနှီးမြှုပ်နှံခွင့်ရရေး စိတ်ဝင်တစားရှိနေသည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါ အထူးစီးပွားရေးဇုန် သုံးဇုန် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် 'မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့'ကို ဖွဲ့စည်းထားသည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဖြစ်သည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁/၂၀၁၉ ကို ဖေဖော်ဝါရီ ၂၈ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌက တိုးတက်မှုနှေးကွေးနေသည့် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မှု ကိစ္စများအကြောင်း အလေးပေးဆွေးနွေးပြောကြားခဲ့သည်။ ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အားနည်းနေသေးသည်ကို တွေ့ရသည်။ သို့သော် ထားဝယ်စီးပွားရေးဇုန်မှ ထီးခီးသို့ ဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ခြင်း၊ ထိုင်းနိုင်ငံ NEDA နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ TOR (Terms of Reference) မူကြမ်းညှိနှိုင်းနိုင်ခဲ့သည်။ တိုးတက်မှုကို မြင်တွေ့ရပြီဖြစ်ကြောင်း၊ တိုးတက်မှု နှေးကွေးနေသည့် အပိုင်းသည် ကနဦးစီမံကိန်းများ ရှေ့မဆက်နိုင်သေးခြင်းဖြစ်ကြောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အစိုးရချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအပိုင်း များရှိသကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီ ITD နှင့် ညှိနှိုင်းဆောင်ရွက်ရသည့် အပိုင်းများလည်းရှိကြောင်း၊ ကနဦးစီမံကိန်းများ နှေးကွေးနေသည့်အတွက် မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆောင်ရွက်ရမည့် သဘောရှိကြောင်း၊ စီမံကိန်းများ အမြန်အကောင်အထည်ဖော်နိုင်ရေး JCC ညှိနှိုင်းအစည်းအဝေးများ ခေါ်နိုင်ရေးညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဖွဲ့စည်းထား သည့် SPV(Special Purpose Vehicle) အခန်းကဏ္ဍ ပိုမိုရှင်သန် တက်ကြွစွာ ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်များကို ဥက္ကဋ္ဌ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့၏။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌသည် ဒေါက်တာမြင့်ဆန်း ဖြစ်၏။ ၎င်းတို့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့သည် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်း တင်ပြခဲ့သည်ဟု သိရ၏။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌက အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရာတွင် ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံ ရှုမြင်သုံးသပ်ညှိနှိုင်းဆောင်ရွက်ရမည်။ ဆောင်ရွက်ဆဲ၊ အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းရာတွင် နှစ်ဦးနှစ်ဖက်မျှတသည့် အကျိုးရလဒ်များရရှိ အောင် ညှိနှိုင်းရမည်။ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီလည်း ဖြစ်ဖို့လိုမည်။ ကြုံတွေ့နေရသည့် မြေယာဆိုင်ရာကိစ္စများနှင့် အခြားကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးရမည်။ အထူးစီးပွားရေးဇုန်များဟူသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန် အရေးပါသည်။ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းတစ်ခုလည်း ဖြစ်သည်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဥပဒေနှင့်အညီ ဝန်ဆောင်မှုများလည်း ပေးနိုင်ရမည်။ သီလဝါအထူးစီးပွားရေးဇုန်သည် အထူးစီးပွားရေးဇုန် အားလုံးတွင် စံပြနမူနာပုံစံတစ်ခုဖြစ်သည်။ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်ကို နမူနာယူပြီး အခြားအထူး စီးပွားရေးဇုန်များ၊ စက်မှုဇုန်များသည် ကမ္ဘာ့အဆင့်မီပြီး တိုးတက်လာစေရန် အမြဲတမ်းလေ့လာပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်စေသည်။ စသည်ဖြင့်ပြောကြားခဲ့ပါကြောင်းမှတ်သားဖွယ် တင်ပြလိုက်ရပါသည်။

**Source : (MOC Website/ ကြေးမုံသတင်းစာ ၁. ၃. ၂၀၁၉ ရက်စွဲပါ)**

**(စာရေးသူ၏အာဘော်သာဖြစ်သည်)**



# ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အကြောင်း

[ နိုင်ဦး (DOCA) ]

၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်တွင် အမေရိကန်သမ္မတဖြစ်သူ ဂျွန်အက်(ဖ်)ကနေဒီက "စားသုံးသူတွေဆိုတာ ကျွန်တော်တို့အားလုံးပါဝင်ပါတယ်။ အဲဒီစားသုံးသူတွေဆိုတာဟာကမ္ဘာပေါ်မှာ စီးပွားရေးအရ အင်အားအကြီးဆုံးအုပ်စုတစ်စု၊ အစိုးရဘက်ကရော၊ ပုဂ္ဂလိကဘက်ကပါ စီးပွားရေးနှင့် ပတ်သက်လို့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်မှန်သမျှရဲ့ ကောင်းမွေ၊ ဆိုးမွေကိုခံစားရတဲ့သူတွေပါ။ အဲဒီစားသုံးသူတွေဟာ အဲ့ဒီလောက်ကိုအရေးကြီးတဲ့အုပ်စုပေါ့၊ ဒါပေမဲ့ အဲဒီလူတွေရဲ့အသံကိုကျတော့ နားမထောင်ဘဲ ေးနေကြပါတယ်။ မေ့နေကြပါတယ်"ဟု အမေရိကန်ကွန်ဂရက်တွင် ပြောကြားခဲ့ပါသည်။ အမေရိကန်သမ္မတဂျွန်အက်(ဖ်)ကနေဒီသည် စားသုံးသူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မတ်လ ၁၅ ရက်နေ့ကို ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုနေ့ကျရောက်တိုင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားများကို စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မတ်လ ၁၅ ရက်နေ့ကျရောက်တိုင်း ကမ္ဘာ့စားသုံးသူများနေ့ အခမ်းအနားကို စားသုံးသူပြည်သူများ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရေးအတွက် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် 'စိတ်ချယုံကြည်၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များဆီ (Trusted Smart Products)'ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

စားသုံးသူများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးနေမှုများ၊ ကူညီပေးနေမှုများကို တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်အချို့က လျစ်လျူရှုနေမှုများကို ထင်ထင်ရှားရှား သိမြင်အောင်ပြောဆိုခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းရှင်အချို့သည် စားသုံးသူများရှိမှ လုပ်ငန်းများအောင်မြင်နိုင်သည်ကို မေ့လျော့နေကြပြီး စားသုံးသူများ၏ ရပိုင်ခွင့်ဖြစ်သော စားသုံးသူများ၏ အခြေခံအခွင့်အရေးများကို အလေးမထားဘဲ မိမိအကျိုးအမြတ်ရရှိရေးအတွက်သာ ရှေးရှုဆောင်ရွက်လျက်ရှိကြပေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

မနေ့က ကျွန်တော့်အိမ်ရှိသားနှင့်သမီးတို့က ငြင်းခုံနေကြသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးစလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေးအသုံးပြုသည့် ပစ္စည်းနှစ်မျိုးကိုပြောပြပါတဲ့ဟု စကားနိုင်လုနေသည်။ ဘာအဖြေများပေးမလဲဟု ကျွန်တော်နားစွင့်နေမိသည်။ အမေးခံရသော သားငယ်သည် အချိန်အတန်ကြာ စဉ်းစားသော်လည်း သူ့ညီမမေးသော မေးခွန်းအားမဖြေနိုင်၍ အရှုံးပေးတယ်။ နင့်အဖြေပြောဟုပြောသံကို ကြားရသည်။ သမီးငယ်မှ မသေမချင်းမှတ်ထား ထီးနှင့်အနွေးထည်ဟု ဖြေလိုက်သည်။ သားငယ်မှ ဘာဆိုင်လို့လည်းဟု ပြန်မေးသံကိုလည်း ကြားရသည်။ သမီးငယ်မှဆိုင်တာပေါ့ နွေရာသီမှာနေပူတော့ အပူဒဏ်သက်သာအောင်၊ အလှအပပျက်စီးမှာစိုး၍ ထီး မဆောင်းကြဘူးလား၊ မိုးရာသီတွင် မိုးမစိုအောင်၊ နာမကျန်းမဖြစ်အောင် ထီး မဆောင်းကြဘူးလား၊ ဆောင်းရာသီတွင် အအေးဒဏ်ခံနိုင်အောင်၊ ခန္ဓာကိုယ်နွေးနွေးထွေးထွေးဖြစ်အောင် အနွေးထည် မဝတ်ကြဘူးလားဟုပြန်ပြောမှ သားငယ်သည် မကျေမနပ်ဖြင့် ဟုတ်သလိုလိုရှိသားဟု ပြန်ပြောသံကို ကြားရသည်။ ကျွန်တော်လည်း သားငယ်နှင့်သမီးငယ်တို့၏ ကြံကြံဖန်ဖန်စကားနိုင်လုနေသည်ကို ကြားရ၍ ကျေနပ်မိသည်။ စားသုံးသူရေးရာဦးစီးဌာန၏ လိုဂိုဖြစ်သည့် အပြာရောင်ထီးတစ်ချောင်း၏အောက်မှာ လူကြီးလူငယ်များစွာကို အကာအကွယ်ပေးနေသည့် ပုံလေးအားသွား၍ မြင်မိသည်။ ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနသည် အမှတ်တံဆိပ်ပါအတိုင်း မြန်မာနိုင်ငံအတွင်းရှိပြည်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စစ်ဆေး ပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေနိုင်ကြမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူများ၏ စားသုံးသူရေးရာအခွင့်အရေးများ ပိုမိုရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ စိတ်ကျေနပ်မှုရရှိစေသော၊ အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မား၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲနိုင်ရန် နှစ်စဉ်မတ်လ ၁၅ ရက်ရောက်တိုင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို နှစ်စဉ်ကျင်းပ၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်းစားသုံးသူရေးရာဦးစီးဌာနမှဦးစီး၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပထမအကြိမ် အခမ်းအနားကို ၂၀၁၆ ခုနှစ် မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ မန္တလေးမြို့၊ မြို့တော်ခန်းမတွင်လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်တွင် နေပြည်တော်တွင် လည်းကောင်း ကျင်းပခဲ့ပြီး စတုတ္ထအကြိမ်ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အောင်မြင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အာဆီယံနိုင်ငံများ၏ ကောင်းမွန်၍ အောင်မြင်မှုရရှိသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတိုင်း မြန်မာနိုင်ငံရှိ ပြည်သူများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများ၊ လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ငွေကြေးဆုံးရှုံးနစ်နာမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ကို ပြဋ္ဌာန်း၍ ဥပဒေနှင့်အညီအကာအကွယ်ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စားသုံးသူများကို ပိုမိုကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူကာကွယ်ရေး ဥပဒေသစ်ကိုရေးဆွဲလျက်ရှိရာ မကြာမီပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယခင်ကကုန်စည်ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများ၏ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှု မရှိခြင်းကြောင့် စားသုံးသူပြည်သူအမြောက်အမြားသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိသော ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ရောဂါဆန်းများ၊ သေကြေဒဏ်ရာရရှိမှုများကို အလူးအလဲ ခံစားခဲ့ရသည်။ အခြားဖွံ့ဖြိုးပြီး နိုင်ငံများရှိ စားသုံးသူပြည်သူများကဲ့သို့ အခွင့်အရေးမရကြ၊ တိုင်တန်းရန်နေရာမရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို သိလျက်နှင့် ရင်စည်းခံစားခဲ့ကြရသည်။ ယခုမူစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တစ်နိုင်ငံလုံး လွှမ်းခြုံကာ အချိန်ယူ အသိပညာပေးဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ နစ်နာဆုံးရှုံးမှုများကိုဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် စားသုံးသူများ၊ စားသုံးသူအခွင့်အရေးအရရရှိမည့် အကျိုးခံစားခွင့်များ၊ ကုစားပိုင်ခွင့်များကို ပိုမိုသိရှိလာကြသည်။ စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ပါဝင်လာကြသည်။ နစ်နာဆုံးရှုံးမှုများကိုအချိန်နှင့်တစ်ပြေးညီတိုင်တန်းလာကြသည်။ စားသုံးသူအကာအကွယ်ပေးရေးအတွက် အလေ့အကျင့်ကောင်းများ ပိုမိုရရှိလာကြသည်။ စားသုံးသူအခွင့်အရေးများကို ပိုမိုနားလည်လာကြသည်။

**စားသုံးသူအခွင့်အရေးများအစ**

ကမ္ဘာပေါ်တွင် ရှေးယခင်က လက်ခံကျင့်သုံးခဲ့ကြသော Caveat Emptor ( ဝယ်ယူသော ပစ္စည်းကောင်းမကောင်းစစ်ဆေးကြည့်ရှုရန်မှာ ဝယ်ယူသူ၏ တာဝန်သာဖြစ်သည်) သို့မဟုတ် Let The Buyer Beware (ဝယ်သူများသာ သတိပြုရန်)စသည့် ဥပဒေသများသည် စားသုံးသူအကာအကွယ်ပေး ရေးကို စိုးမိုးချုပ်ကိုင်ထားခဲ့ကြသည်။ တစ်နည်းဆိုရလျှင် စားသုံးသူများသည် မမျှတသည့်ကုန်စည်များနှင့် လိမ်လည်ရောင်းချသည့် ကုန်စည်များ၏ အကျိုးသက်ရောက်မှုများကို မိမိထိခိုက်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရန်အခွင့်အရေးမရကြပေ၊ ဝယ်ယူခြင်းမပြုမီ (သို့မဟုတ်) အသုံးပြုခြင်းမပြုမီကြည့်ရှုစစ်ဆေးသည့် အလေ့အကျင့်များ ပြုလုပ်ခွင့်မရရှိကြပေ၊ ကုန်သွယ်ကုန်ငန်းရှင်များ၏ စိတ်ကြိုက်ရောင်းချသော ပစ္စည်းများကိုသာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝယ်ယူသုံးစွဲခဲ့ကြရသည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုပိုမိုများပြားလာခြင်းကြောင့် သက်ဆိုင်ရာအစိုးရများက စားသုံးသူ အခွင့် အရေးရရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းထုတ်ပြန်ကာ တားမြစ်လာကြသည်။ သို့သော် လုံးလုံးလျားလျား အောင်မြင်မှုများ ရရှိမှုနည်းပါးခဲ့သည်။ စားသုံးသူပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ကုန်စည်ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသူများသည် ရိုးသားသောစားသုံးသူများကို Media လုပ်ငန်းများအသုံးပြု၍ လိမ်လည်လှည့်ဖြား ရောင်းချနေမှုများ ကိုဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်သည်။ စားသုံးသူအခွင့်အရေးများအား အပြည့်အဝရရှိစေရေးအတွက် အကာအကွယ်ပေးမည့် ထိရောက်လုံလောက်သော စည်းမျဉ်း၊ ဥပဒေများမရှိသဖြင့် စားသုံးသူနှင့် ထုတ်လုပ်သူများကြားတွင် ပြဿနာများပိုမိုကြီးထွားကျယ်ပြန့်လာပါသည်။

ထို့ကြောင့်ပင် စားသုံးသူများစားသုံးသူအခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ကုန်စည်ထုတ်လုပ်သူ၊ လုပ်ငန်းရှင်တို့၏ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုပြုမှုမှကာကွယ်ရန် ၁၉၀၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ကွန်ဂရက်မှ အစားအသောက်နှင့် ဆေးဝါးသီးသန့်အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေခဲ့သည်။ သို့သော် ကုန်စည်ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များသည် ပန်းပန်လျက်ပင်ဖြစ်သည်။ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ခံစားနေဆဲပင်ဖြစ်သည်။ သို့သော် အက်ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ အရှိန်လျော့သွားကြသည်။ အခြားနိုင်ငံများမှလည်း အမေရိကန်ပြည်ထောင်စုတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော အစားအသောက်နှင့် ဆေးဝါးသီးသန့်အက်ဥပဒေကို အတုယူကာ မိမိနိုင်ငံများတွင်ပြဋ္ဌာန်းကျင့်သုံးလာကြသည်။

**စာမျက်နှာ (၂၃)သို့**

**စာမျက်နှာ (၂၂) ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ . . . . . အဆက်**

၁၉၆၀ ခုနှစ်တွင် စားသုံးသူ အကာအကွယ်ပေးခြင်းများသည် ဥရောပနှင့် မြောက်အမေရိကတို့တွင် စတင်ခဲ့သည်။ ထိုကာလအတွင်း အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးများသည် ကမ္ဘာ့စီးပွားရေးကို ချုပ်ကိုင်လွှမ်းမိုးနိုင်ရန် ဦးတည်ဆောင်ရွက်လာကြသည်။ ထို့ကြောင့်ပင် စားသုံးသူများသည် ၎င်းတို့ရရှိမည့်အခွင့်အရေးများနှင့် နစ်နာဆုံးရှုံးမှုများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားလာကြသည်။ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူအကြား မျှတသည့် စည်းမျဉ်းစည်းကမ်းများကို အစိုးရမှထုတ်ပြန်ခဲ့ကြသည်။ ၁၉၇၀ ခုနှစ်တွင် နိုင်ငံတကာအဆင့်အထိ ပျံ့နှံ့ရောက်ရှိသွားကြသည်။ စားသုံးသူအကာအကွယ်ပေးရေး နယ်ပယ်တွင် ကမ္ဘာ့ ကုလသမဂ္ဂ အမျိုးသားရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့်ဥပဒေပြဋ္ဌာန်းခြင်းများကို လေ့လာဆန်းစစ်မှုပြုရန် စီးပွားရေးနှင့် လူမှုရေးကောင်စီမှ အထွေထွေအတွင်းရေးမှူးချုပ်ထံ မေတ္တာရပ်ခံခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂမှ စီးပွားရေး နှင့်လူမှုရေးကောင်စီသည် နိုင်ငံတကာ ပြည်သူများ၏ စားသုံးသူအခွင့်အရေးများအား အကာအကွယ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးဘေးကင်းလုံခြုံမှုနှင့် စားသုံးသူများကောင်းကျိုးရရှိစေရန် ဆောင်ရွက်နိုင်သည့် အရေးကြီးသည့် အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုလာခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်တွင် အမေရိကန်ပြည်ထောင်စုကွန်ဂရက်တွင် သမ္မတဂျွန်အက်(ဖ်)ကနေဒီက စားသုံးသူတို့၏ အခြေခံအခွင့်အလမ်းများကို တရားဝင်အသိအမှတ်ပြု လက်မှတ်ရေးထိုးခဲ့ခြင်းသည် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအတွက် မှတ်တိုင်တစ်ခု ဖြစ်စေခဲ့သည်။ အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ လက်မှတ်ရေးထိုးခဲ့သည့် မတ်လ ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုနေ့ ရောက်တိုင်း Consumer International မှ ဦးဆောင်၍ ကမ္ဘာပေါ်ရှိ ၎င်း၏ပင်မအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်စားသုံးသူအဖွဲ့အစည်းများမှ ကမ္ဘာ့စားသုံးသူများ၏ အခွင့်အရေးများကို အလေးဂရုပြုကာ မြှင့်တင်သည့် အနေဖြင့်စတင် ကျင်းပပြုလုပ်ခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်သည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် အထွေထွေအတွင်းရေးမှူးချုပ်ထံ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များ၊ အသေးစိတ်သုံးသပ်ချက်များနှင့်အတူ အထွေထွေလမ်းညွှန်ချက်(၁)စုံ ပြုစုတင်ပြရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့မေတ္တာရပ်ခံခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်မူကြမ်းအား ကမ္ဘာ့ကုလသမဂ္ဂ (ECOSOC) သို့တင်ပြခဲ့သည်။ ၁၉၈၄ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် ကမ္ဘာ့ ကုလသမဂ္ဂမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်များအား လက်ခံရန်ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့်ဥပဒေပြဋ္ဌာန်းမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေးနိုင်ရန်ကုလသမဂ္ဂ၏ အထွေထွေညီလာခံမှ ၁၉၈၅ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဆုံးဖြတ်ချက်အမှတ် ၃၀/၂၄၈ဖြင့် စားသုံးသူအကာအကွယ်ပေးရေးအတွက်ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များဖြစ်သည့် "United Nations Guidelines For ConsumerProtection " ကို ချမှတ်နိုင်ခဲ့သည်။ ထိုလမ်းညွှန်ချက်များတွင် စားသုံးသူအကာအကွယ်ပေးခြင်းနှင့် ပတ်သက်၍ စားသုံးသူများ၏ အခြေခံလိုအပ်ချက်များ ပြည့်စုံစေနိုင်မှု (Basic needs)၊ လုံခြုံစိတ်ချစွာဖြင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေနိုင်မှု (Safety )၊ သတင်းအချက်အလက်ပြည့်စုံစွာ ရရှိနိုင်စေမှု (Information )၊ လွတ်လပ်စွာ ရွေးချယ်နိုင်စေမှု (Choice)၊ နစ်နာဆုံးရှုံးမှုများအတွက် ပြောဆိုတင်ပြကြားနာနိုင်စေမှု( Representation )၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးရရှိနိုင်စေမှု ( Redress )၊ စားသုံးသူကိစ္စရပ်များ သင်ယူလေ့လာနိုင်မှု (Consumer education) ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကို ရရှိစေနိုင်မှုစသည့် စားသုံးသူအခွင့်အရေး(၈)ချက်ကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအစည်းအဝေးမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် နိုင်ငံအသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေးမူဝါဒနှင့် ဥပဒေပြဋ္ဌာန်းချက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ကူညီပံ့ပိုးမှုများဆောင် ရွက်ပေးရန် အများဆန္ဒဖြင့် လက်ခံဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ပင် ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူတို့၏ အခွင့်အရေးများကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်ချက်အရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ အရှိန်အဟုန် မြှင့်တင်လာကြသည်။ စည်းမျဉ်းစည်းကမ်းဥပဒေများ ပြဋ္ဌာန်းကာ ဆောင်ရွက်လာကြသည်။ ၁၉၉၉ ခုနှစ် ဇူလိုင်လ ၂၆ ရက် တွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၉၉၉/၇ ဖြင့် ထပ်မံတိုးချဲ့ အတည်ပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၇၀/၁၈၆ ဖြင့်လမ်းညွှန်ချက်များကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားသုံးသူများ၏အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် လမ်းညွှန်ချက်များကိုခေတ်ကာလနှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ပေးလျက်ရှိပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လူတို့၏ နေထိုင်စားသောက်မှုပုံစံများလည်း ပြောင်းလဲလာကြပါသည်။ လူတို့သည် အစားအသောက်များကို လွယ်ကူစွာ စားသုံးလာကြသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း လူတို့၏လိုအပ်ချက်များနှင့်အညီ အလွယ်တကူအသင့်စား စားသောက်ကုန်ပစ္စည်းများကို တာရှည်ခံစေရန်၊ အနံ့အရသာနှင့်ပြည့်စုံစေရန်၊ မျက်စိပသာဒရှိစေရန်တို့ကိုသာ ဦးစားပေး၍ ဈေးနှုန်းသက်သာသော တရားမဝင်ဓာတုဆေးဝါးများ၊ ခွင့်မပြုဓာတုဆိုးဆေးများကို လျှင်လျှင်သုံးကာအသုံးပြုထုတ်လုပ်လာကြသဖြင့် ပြည်သူများသည် အရွယ်မတိုင်မီ ရောဂါဆန်းများဖြစ်ပွားခြင်း၊ နာတာရှည်ဖြစ်ခြင်း၊ သေကြေပျက်စီးခြင်းများကြုံတွေ့လာရပြီး လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးကာနိုင်ငံတော် ဘက်ဂျက်များလည်းထိခိုက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကိုပါ ထိခိုက်လာသည်ထိ ဖြစ်လာသည်ကိုတွေ့ရှိရသည်။

ထိုသို့စီးပွားရေးလုပ်ငန်းရှင်အချို့၏ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဟူသော သဘောဖြင့် မိမိတိုးတက်ကြီးပွားရေးအတွက်သာ ဦးတည်ပြီး ပြည်သူများဘေးအန္တရာယ်ဖြစ်ပွားမှု၊ သေကြေပျက်စီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို ဥပေက္ခာပြုကာ ထုတ်လုပ်လာကြသဖြင့် စားသုံးသူ ပြည်သူများအတိဒုက္ခရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေလာနိုင်သည်။ အန္တရာယ်ဖြစ်လာသဖြင့် စားသုံးသူပြည်သူများကိုအကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံအသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများပြဋ္ဌာန်းကာ ဆောင်ရွက်လာကြပါသည်။

ကမ္ဘာပေါ်တွင် စားသုံးသူတို့အတွက် ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုပြုမှုကို ကာကွယ်ရန်အတွက်မည်သို့ပင် စည်းမျဉ်းစည်းကမ်းဥပဒများ မည်သို့ပင်ပြဋ္ဌာန်းသည်ဖြစ်စေ လုပ်ငန်းရှင်များ၊ စားသုံးသူများကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဝန်ကြီးဌာနတစ်ခု၊ ဦးစီးဌာနတစ်ခုတည်းဖြင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်မည့်အစား သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ဟန်ချက်ညီညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမှသာလျှင် အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ခုဖြစ်သည်။ စားသုံးသူများ၊ ကုန်စည်ထုတ်လုပ်၊ တင်ပို့တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူအားလုံးသည် မိမိနိုင်ငံသားများဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီကျွန်းကိုင်းမှီပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုလျက်ရှိနေကြသည်။ စားသုံးသူရှိမှ လူသုံးအိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မည်။ လုပ်ငန်းများတိုးချဲ့နိုင်မည်။ အလုပ်နေရာများ ခန့်ထားပေးနိုင်မည်။ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်မည်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့အတူပင် အဆိုပါ လူသုံးအိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများရှိမှ စားသုံးသူများ အစစအရာရာ အဆင်ပြေချောမွေ့မည် ဖြစ်သည်။ သို့ဖြစ်၍ လုပ်ငန်းရှင်များသည် မိမိ၏မိသားစုသုံးစွဲရဲသည့် ပစ္စည်းများကိုသာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသင့်သည်။

**စာမျက်နှာ (၂၅)သို့**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း-၀၁ ၂၅၄၀၂၄** | **ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇** | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၁၁-၃-၂၀၁၉ မှ ၁၇-၃-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းနှင့်စပ်လျဉ်း၍ ခရီးထွက်ရတတ်သည်။ လုပ်ငန်းသစ်များ တိုးချဲ့ရန် အခွင့်အရေးပေါ်ပေါက်သော်လည်း၊ အကောင်အထည်ဖော်ရန်ကြန့်ကြာနေမည်။ ပညာရေးကြိုးစားအားထုတ်မှုများကောင်း၍ အောင်မြင်မှုရနေမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ ကျန်းမာရေးအနေဖြင့် မတော်မဆ ထိခိုက်ဒဏ်ရာရတတ်သော သဘောရှိခြင်းကြောင့် အနေ၊ အစား၊ အသွားအလာ သတိထားသင့်သော ကာလဖြစ်သည်။ **ယတြာ။ ။မိမိအိမ် ဘုရားတွင် သာသနာပွဲလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရရန်ရှိသောငွေကြေးများ မမျှော်လင့်ဘဲရတတ်သည်။ ဆရာသမားအကြီးအကဲ၏ အကူအညီရတတ်သည်။ လက်အောက်ငယ်သားအလုပ်သမားများကြောင့် လုပ်ငန်းများ နှောင့်နှေးတတ်သည်။ လုပ်ငန်းများ မတိုးချဲ့သင့်သေးပါ။ ပညာရေးလျော့နည်းတတ်သည်။ အိမ်ထောင်ရေးတွင် တွေဝေမှုများရှိနေတတ်သည်။ ကျန်းမာရေးချူချာတတ်သည်။ ကျန်းမာရေးကြောင့် ငွေကြေးအကုန်အကျများမည်။ **ယတြာ။ ။သျှင်သီဝလိရဟန္တာမြတ်အား သစ်သီးကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** စိတ်တည်ငြိမ်မှု အားနည်းနေမည်။ အာရုံစူးစိုက်၍ မရဖြစ်တတ်သည်။ ကားဝပ်ရှော့ လုပ်ငန်းအဆင်ပြေငွေဝင်ကောင်းနေမည်။ ကျွမ်းကျင်သော ပညာရှင်များ၏ အကူအညီဖြင့် လုပ်ငန်းများ လည်ပတ်မှုအား ကောင်းနေမည်။ ပညာရေးကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်လိမ့်မည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ ကျန်းမာရေးအနေဖြင့် အပူအစပ်များစားသောက်မှုကြောင့် ကျန်းမာရေး ချို့ယွင်းတတ်ပါသည်။ **ယတြာ။ ။ခရီးသွားသူအား ခရီးစရိတ်လှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** တွေဝေနေရမည့်အချိန်အခါ မဟုတ်ပါ။ ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်၍ လုပ်ငန်းများ လုပ်ကိုင်လျှင် အောင်မြင်မှုရတတ်သည်။ ဘာသာရေးလုပ်ဆောင်မှုအားနည်းနေမည်။ လုပ်ငန်းများတွင် ဝေခွဲမရ၊ ဆုံးဖြတ်ချက်ချရန်ခက်ခဲသော အခြေအနေကြုံရတတ်သည်။ ပညာရေးသင့်တင့်နေမည်။ အိမ်ထောင်ရေး၊ အချစ်ရေးတို့တွင် အဖုအထစ်များ ရှိနေတတ်သည်။ ကျန်းမာရေး ဂရုစိုက်သင့်သည်။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါတို့ ဖြစ်တတ်သည်။ **ယတြာ။ ။ရေများများလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းများ တိုးချဲ့ရန်အခွင့်အလမ်းမသင့်သေးပါ။ လုပ်ငန်းများကိုပြင်းပြင်းထန်ထန်လုပ်နိုင်မှအဆင်ပြေမည်။ လက်အောက်ငယ်သားများကြောင့် သောကရောက်ရတတ်သည်။ ပညာရေးတိုးတက်နေမည်။ ငယ်ရွယ်သူများ အိမ်ထောင်ကျတတ်သည်။ ကျန်းမာရေးအနေဖြင့် အညံ့တွင် ဖြစ်နေမည်။ ဂရုစိုက်ပါ။ **ယတြာ။ ။သီဟိုဠ်ညွှန့်လှူပါ။**



**သောကြာသားသမီးများအတွက်** စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းများကို အထူးရှောင်ကြဉ်ပါ သို့မဟုတ်ပါက နစ်နာမှုများကြုံတွေ့ရတတ်သည်။ ငွေကြေးအခက်အခဲများနှင့်ကြုံရတတ်သည်။ လူမျိုးခြားနှင့် ဆက်ဆံ၍စီးပွားရေးလုပ်ပါက အောင်မြင်မည်။ ပညာရေးကောင်းမွန်နေမည်။ အချစ်ရေး သိပ်အဆင်မပြေတတ်ပါ။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့်သွေးတိုးရောဂါ ခံစားရမှုရှိနေတတ်သည်။ **ယတြာ။ ။ သဲလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများနှင့်စပ်လျဉ်း၍ စိုးရိမ်သောကရောက်ရတတ်သည်။ ရရန်ရှိသော ငွေကြေးများ အလွယ်တကူမရတတ်ပါ။ စိတ်သွားတိုင်းကိုယ်မပါ၊ နှောင့်နှေး ကြန့်ကြာမှုများကြုံမည်။ ပညာရေး၊ အိမ်ထောင်ရေး အေးချမ်းသုခရှိမည်။ မိဘ၊ အကြီးအကဲတို့၏ ကျန်းမာရေး ဂရုစိုက်သင့်သည်။ ရပ်ဝေးခရီးသွားရန် စီစဉ်ပြီးမှ စိတ်ပျက်စရာ ကြုံ၍မသွားဖြစ်ရှိမည်။ ဝင်ငွေ၊ ထွက်ငွေ မမျှသော ကာလဖြစ်နေတတ်ပါသည်။
**ယတြာ။ ။နဂါးရုံဘုရားအား ဆွမ်း၊ သစ်သီး၊ နို့ကပ်ပါ။**

# ဖေဖော်ဝါရီလအတွင်း ရော်ဘာတန်ချိန်နှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၉ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၉၈၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစားတန်ချိန် ၄၀ နဲ့ MSR -20 အမျိုးအစား ၃၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS- 3 အမျိုးအစား ၈၄၈ တန်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်မှ တင်ပို့မှုများမှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60% DRC အမျိုးအစား ၈ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစားတန်ချိန် ၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဖေဖော်ဝါရီလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၇၉ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ ၇၃၆၅ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇန်နဝါရီလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၃၉၉၅ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်မှ မတ်လ ၂ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၃၉ သန်းတန်ဖိုးရှိ ရော်ဘာ ၄၄၅၃ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၂၁၁၅ တန်နဲ့ MSR -20 အမျိုးအစားတန်ချိန် ၂၁၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၄၂၈ တန်ကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ RSS-1 အမျိုးအစားတန်ချိန် ၂၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR -20 အမျိုးအစား ၁၉၆ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၂၈၂ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၂၀၂ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဖေဖော်ဝါရီလအတွင်း ရေကြောင်းမှ ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၃၄ သန်းတန်ဖိုးရှိ ရော်ဘာ ၁၃၈၄၂ တန်ကျော် တင်ပို့ခဲ့ပြီး ဇန်နဝါရီလတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၄၇၀ လျော့ကျခဲ့ကြောင်း သိရပါတယ်။

ဖေဖော်ဝါရီလအတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ ရော်ဘာအမျိုးအစားစုံ ၂၁၂၀၇ တန်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာဈေးမှာ ယခင်တစ်ပတ်ဈေးထက် RSS အမျိုးအစားသာမက MSR ဈေးလည်း တစ်တန်ကို ဒေါ်လာ ၅၀ မြင့်တက်လာတယ်လို့ သိရပါတယ်။ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ စီ ဈေးတတ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဂျပန်ညာမောင်းကားလေးသာ အရောင်းဝယ်များပြီး ပြည်တွင်းဆင်ကားအချို့အနည်းငယ်သာအဝယ်ရှိ

ယခု မတ်လပထမပိုင်း ရက်သတ္တပတ်အတွင်း ရန်ကုန်မြို့ကားဈေးကွက်မှာ ယခင်လကကဲ့သို့ပင် ဂျပန် ညာမောင်းကားလေးများ အထူးသဖြင့် သိန်း ၂၀၀ ပတ်လည် ညာမောင်းကားလေးများ အဝယ်လိုက်ပြီး သိန်း ၂၅၀ အထက် ပြည်တွင်း တပ်ဆင် အက်(စ်)ကေဒီကားများထဲတွင် လူကြိုက်များကားအချို့သာ အဝယ်အနည်းငယ်ရှိကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ကျပ်သိန်း ၁၅၀ နှင့် သိန်း ၂၀၀ အကြား ညာမောင်းကားလေးများဖြစ်သည့် ဟွန်ဒါဖစ်၊ ဘယ်လ်တာ၊ ပရိုဘောက်၊ ဆူဇူကီးဆွမ်၊ ဗက်၊ ဒီမီယိုစသည့် စီးလွယ် ရောင်းလွယ်ကားလေးများ အဝယ်များလာကာ အရောင်းရ တွင်ကျယ်နေကြောင်း သိရသည်။

လတ်တလောကာလသည် နွေရာသီအစဖြစ်သလို ကျောင်းပိတ်ရာသီကာလလည်းဖြစ်သဖြင့် ဈေးကွက်ထဲ အဝင်အထွက်နည်းသော်လည်း ရန်ကုန်လိုင်စင်ကားလေးများနှင့် နယ်လိုင်စင်ကားလေးများ အရောင်းအဝယ်ဖြစ်ကြောင်း၊ အမြင့်ကားဈေးကွက်ထဲတွင် ဗန်းဂုတ်နှင့် အာလ်ဖတ်၊ ဟာရီယာ၊ လန်ခရူဇာတို့လည်း အနည်းငယ်အရောင်းအဝယ်ရှိကြောင်း၊ ကျောင်းပိတ်ရာသီအစဖြစ်ကာ သင်္ကြန်ကာလမတိုင်မီ အထိ ပုံမှန် အရောင်းအဝယ်ရှိနိုင်ကြောင်း၊ အလတ်တန်းကားများဖြစ်သည့် တိုယိုတာဝှ်ရှ်၊ ကလူဂျာ၊ ဟွန်ဒါ ဖစ်ရှာတဲလ်၊ ခရောင်း စသည့်ကားများလည်း အဝယ်ရှိလာကြောင်း၊ အဓိက ရောင်းရသည်မှာ ဂျပန်ညာမောင်းကားများသာဖြစ်ပြီး ဈေးချင်းတူပြီး အသစ်စီးရသည့် တရုတ်၊ ကိုရီးယားကားများ အဝယ်ရှားပြီး ကုန်တင်ကားများထဲတွင် ယင်းအတိုင်းပင် ဂျပန်ကားလိုက်ထရပ်ကားများသာ ရွေးချယ်ကြကြောင်း၊ ဒါ့ကြောင့် ဂျပန်ကားများသာ ဈေးကွက်ရှိသည် ပြောရမှာဖြစ်ကြောင်း ဝါရင့် ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

အဓိကအားဖြင့် ရန်ကုန်ကားဈေးကွက်မှာ မကြာမီ လာတော့မည်ဆိုသော်လည်း ပေါ်မလာနိုင်သေးသည့် ‘ရန်ကုန်ကိုတာ ခွဲတမ်း’ လိုင်စင်စနစ် တစ်ရပ် ပေါ်ပေါက်မလာသေးသဖြင့် ဘရန်းနယူးကားများလည်း ဈေးကွက်အေး၊ အရောင်းအဝယ်အေးကာ ရန်ကုန်လိုင်စင်ကားများ အဓိကဈေးပါးလာကာ နယ်လိုင်စင်ဂျပန်ညာမောင်းကားများ၊ ဂျပန်လိုက်ထရပ်ကားများ နံပါတ်ထွက်ပြီး ကားဟောင်းအုပ်စုများ သာဈေးကွက်ရှိနေရခြင်းဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်းများက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၃) | H | ၃၇၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဆပ်ဆဒ် (၂၀၁၀) | စတိ | ၂၆၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ပရိုဘောက် (၂၀၁၂) | HH | ၂၆၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဝှရှ် (၂၀၀၃) | J | ၂၆၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ခရောင်း (၂၀၀၃) | | ၂၄၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ် (GE-6) (၂၀၀၉) | G | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဒီမီယို (၂၀၁၀) | F | ၁၅၈ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ရက်တစ် (၂၀၁၀) | K | ၂၁၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀ နှစ်) | - | ၁၂၅ သိန်း | ကားကောင်း |

စာမျက်နှာ (၂၃) ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ . . . . . အဆက်

မိမိ၏မိသားစု အန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ဆောင်ရွက်သင့်သည်။ စေတနာသည် အလျှားအနံမရှိသော်လည်း အသွားအပြန်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးယခင်ကတည်းကပင် စားသုံးသူအကာအကွယ်ပေးရေးအတွက် တွဲဖက်မစားသင့်သော အစားအစာများအကြောင်း၊ နွယ်မြက်သစ်ပင်များ၏ အာနိသင်အကျိုးအပြစ်များအကြောင်းကို ပြည်သူများအား အသိပေးခဲ့ပါသည်။ သို့သော် ပြည်သူလူထုများ ထဲထဲဝင်ဝင် မရောက်မှုကြောင့်လည်းကောင်း၊ တိကျသေချာပြည့်စုံသော အချက်အလက်များမပါရှိ၍လည်းကောင်း၊ ဥပဒေသဘောသက်ရောက်မှုမရှိခဲ့၍လည်းကောင်း၊ ပြည်သူလူထုအများစု သိရှိမှုအားနည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ခေတ်နှင့်အညီ စားသုံးသူများအား အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စာသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)ကို ပြည်ထောင်စုလွှတ်တော်အမှတ် (၁၀)ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူများအား အပြည့်အဝကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အန္တရာယ်ကင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသည်ကမ္ဘာ့ ကုလသမဂ္ဂအထွေထွေညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် ၁၉၈၅ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဆုံးဖြတ်ချက်အမှတ်(၃၀/၂၄၈)ဖြင့် ချမှတ်ခဲ့သော စားသုံးသူအခွင့်အရေးများကဲ့သို့ပင် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်ရှိသော ပြည်သူများအားလုံး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိ စေရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ စားသုံးသူရေးရာ ဦးစီးဌာနရှိ ဝန်ထမ်းများသည်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ပညာပေးဟောပြောဆွေးနွေးခြင်း၊အသိပညာပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကွင်းဆင်းစစ်ဆေးအရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)အရ စားသုံးသူများရရှိမည့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ထိုအခွင့်အရေးများနှင့် ပတ်သက်၍ မိမိကိုယ်တိုင်သိရှိပါက မိမိ မိသားစု ဆွေမျိုးသားချင်း၊အိမ်နီးချင်းများသို့ပါ အသိပေးဖြန့်ဝေပေးပါမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်နိုင်မည်ဖြစ်ပါသည်-

**ကုန်စည်နှင့်ဝန်ဆောင်မှုကိုဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေခြင်း** (Right to Safety)

လူ့အသက်နှင့် ကျန်းမာမှုတို့ကို ခြိမ်းခြောက်အန္တရာယ်ပေးနိုင်သော ကုန်စည်များ၊ ထုတ်လုပ်မှုဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများမှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပေသည်။ အချို့သောလုပ်ငန်းရှင်များသည် နိုင်ငံတကာသတ်မှတ်ချက်များနှင့်မကိုက်ညီသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုအားထုတ်လုပ်ခြင်းဖြင့် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိ/မရှိကို အလေးမထားဘဲ ကိုယ်ကျိုးရှာအမြတ်ထုတ်နေကြပါသည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ရန်အတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာလိုက်နာရမည့် အသိပေးမှုများအား လိုက်နာခြင်းဖြင့် စားသုံးသူများ၏အသက်၊ ကိုယ်ခန္ဓာနှင့် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်ခြင်းမရှိအောင် ပြုလုပ်ပေးထားခြင်းသည်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်းအတွက်ပေးသင့်သော အခွင့်အရေးပင် ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများအားစိတ်ကြိုက်ရွေးချယ်နိုင်ခွင့်** (Right to Choice)

ကျေနပ်နှစ်သိမ့်မှုဖြစ်စေနိုင်သော အရည်အသွေးအာမခံနိုင်စွမ်းနှင့် ရောင်းဝယ်မှုဖြစ်စဉ်တွင် ပြောဆိုကတိပြုထားသည့် ဈေးနှုန်းများ၊ စည်းကမ်းချက်များ၊ အာမခံပေးမှုများအတိုင်း ဝယ်ယူစဉ်နှင့် ဝယ်ယူပြီးနောက်ပိုင်းတို့တွင် စားသုံးသူများမှ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူ၏အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှု၏မှန်ကန်ပြည့်စုံသောသတင်းအချက်အလက်များရရှိစေခြင်း** ( Right to Information)

မှန်ကန်သောရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များရရှိနိုင်ခြင်းနှင့် ရိုးသားမှုမရှိသော သို့မဟုတ်မှန်ကန်မှုမရှိသော ကြော်ငြာခြင်းနှင့် တံဆိပ်တပ်ဆင်ခြင်းတို့မှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်ပါသည်။စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်များ ရောင်းချရာတွင် မှားယွင်းသည့်တင်ပြမှုများ၊ အလွန်အမင်းချဲ့ကားပြောဆိုမှုများ ပါဝင်နေသောကြော်ငြာများ၊ အညွှန်းတံဆိပ် တပ်ဆင်ခြင်းများသည် စားသုံးသူများအကြား နစ်နာဆုံးရှုံးမှုများနှင့် နားလည်မှုလွဲမှားစေခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးတစ်ခုအနေဖြင့်ဖော်ပြသော သတင်းအချက်အလက်များနှင့် ဖော်ပြမှုအညွှန်းများသည် မှန်ကန်ပြီးပြည့်စုံရမည့် အခွင့်အရေးသည်လည်း စားသုံးသူ၏အခွင့် အရေးပင်ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့်နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပါဝင်ကြားနာခြင်းရရှိစေရန်** (Right to Heard)

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော မကျေနပ်မှု၊ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အရေးဆို တိုင်တန်းနိုင်ခွင့်၊ စားသုံးသူများ၏ အကျိုးရှိမှုအတွက် ခံစား ထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြနိုင်ခွင့်၊ သင့်လျော်သော အကာအကွယ်ပေးမှုများရရှိနိုင်ခွင့်သည်လည်း အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်သည့်အသိပညာများ၊ အခွင့်အရေးနှင့်အချက်အလက်များကိုသိရှိလေ့လာခွင့်ရရှိစေရန်** (Right to Consumer Education)

စားသုံးသူဆိုင်ရာ အခြေခံအခွင့်အရေးများနှင့် တာဝန်ရှိမှုများကိုသိရှိနိုင်စေခြင်း၊ ၎င်းတို့ကို မည်သို့အသုံးပြုနိုင်သည်ကို ကောင်းမွန်စွာသိရှိပြီး ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ယုံယုံကြည်ကြည်ရွေးချယ် ဝယ်ယူနိုင်စေခြင်း၊ ထုတ်လုပ်ရောင်းချသူများမှ ၎င်းတို့၏ကုန်ပစ္စည်းများကို အသုံးပြုသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များအား စာသုံးသူများနားလည်အောင် ပြောဆိုရောင်းချခြင်းများရရှိစေရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် အသိပညာများရရှိနိုင်စေခြင်း ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍စားသုံးသူ၏အခြေခံလိုအပ်ချက်များပေါ်တွင်စိတ်ကျေနပ်မှုရရှိစေခြင်း** (Right to Satisfaction of basic needs)

စားသုံးသူများသည် မိမိအမှန်တကယ်အသုံးပြုရန် သို့မဟုတ် စားသုံးရန်အတွက် ဝယ်ယူအသုံးပြုရာ၌ ဝယ်ယူသည့်ပစ္စည်းသည် စားသုံးသူလိုအပ်ချက်အတိုင်း ဖြစ်စေရေးသည် စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ ဥပမာ-ထမင်းပေါင်းအိုးတစ်လုံးဝယ်ယူရာ၌ မီးကြိုး၊ အရန်ပစ္စည်းများ၊ အထောက်အကူပစ္စည်းများပါဝင်သည်ဟု ဖော်ပြထားသော်လည်း အမှန်တကယ်ဝယ်ယူ အသုံးပြုသောအခါ မီးကြိုးများ၊ အရန်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ မပါဝင်၍ ထပ်မံဝယ်ယူအသုံးပြုရခြင်းသည် စားသုံးသူထံမှ မတရားခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ၎င်းအပြင် ထိုထမင်းပေါင်းအိုး၏အခြားတံဆိပ်များနှင့်အရည်အသွေးဈေးနှုန်းကွာရခြင်းအားနည်းချက်ကိုပါ ပြောပြပေးရမည်။ သို့မှသာ စိတ်ကျေနပ်မှုရရှိမည်ဖြစ်ပါသည်။

**ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့်ဖြစ်ပေါ်လာသောဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ကုစားခွင့်ရရှိစေခြင်း** (Right to Remedies)

စားသုံးသူသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာ၌ လုပ်ငန်းရှင်များမှ သဘောတူညီချက်နှင့်အညီ ပေးအပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊ မှားယွင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများပေးသဖြင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက လုပ်ငန်းရှင်မှ စားသုံးသူအား လျော်ကြေးပေးခြင်း၊ ပစ္စည်းအစားထိုးပေးခြင်းနှင့် စားသုံးသူမှတရားမျှတသော တောင်းဆိုမှုအတိုင်းရရှိစေခြင်းဖြစ်ပါသည်။

**ကျန်းမာဝပြောသည့်ပတ်ဝန်းကျင်ကောင်းတွင်ရှင်သန်နိုင်ခွင့်ရရှိစေခြင်း** (Right to a Healthy Environment)

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုကိုရရှိပြီး ကျန်းမာချမ်းသာစွာဖြင့် လူနေမှုဘဝကို ဖြတ်သန်းပိုင်ဆိုင်ခွင့်ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ဤသို့ပိုင်ဆိုင်ခွင့်ရရှိရန်မှာ စားသုံးသူကိုယ်တိုင်ရော မိမိ၏မိသားစုများအတွက်ပါ အန္တရာယ်ကင်းသော ကုန်စည်ဝန်ဆောင်မှုများကိုရွေးချယ်၍ စားသောက်သုံးစွဲရန် သင့်/မသင့် ဝေဖန်ပိုင်းခြားသိရှိနိုင်မှသာ ဖြစ်နိုင်ပေမည်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများဖြစ်သည့် ၅၁ သန်းကျော်သော ပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး စားသုံး သူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် စေတနာထားကာ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများအား နေပူပူ၊ မိုးရွာရွာ စားသုံးသူအကာအကွယ်ပေးရေး ထီးကလေးဖြင့် မိုးထားပေးချင်ပါသည်။ စားသုံးသူအခွင့်အရေးများနှင့်ပတ်သက်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများသာမကသံသယရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ တွေ့ရှိရပါကလည်း မိမိတို့နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနများတွင် တိုင်ကြားနိုင်ပြီး တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားအား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

# ၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယကုန်ကြမ်းသကြားများကို အီရန် ဝယ်ယူ

ကုန်သွယ်မှု သတင်းအရင်းအမြစ်များ၏ အဆိုအရ အိန္ဒိယကုန်သည်များသည် ယခုနှစ် မတ်လနှင့်ဧပြီလတို့တွင် ကုန်ကြမ်းသကြားများကို အီရန်သို့စတင်တင်ပို့မည်ဖြစ်ကြောင်း၊ အီရန်အနေဖြင့် အမေရိကန်၏ အရေးယူပိတ်ဆို့မှုကြောင့် စားနပ်ရိက္ခာလုံလောက်မှုရှိစေရေး ရင်ဆိုင်ဖြေရှင်းနေရပြီး ယခုကဲ့သို့အိန္ဒိယသကြားများအား တီဟီရန်သို့ တင်ပို့ရောင်းချခြင်းသည် ၅ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။



အမေရိကန်၏ အရေးယူပိတ်ဆို့မှု အရရေနံရောင်းရငွေအား အမေရိကန်ဒေါ်လာဖြင့် လွှဲပြောင်းပေးချေခွင့်အပါအဝင် ကမ္ဘာ့ဘဏ္ဍာရေးစနစ်အသုံးပြုခွင့်မှ အီရန်နိုင်ငံအား ပိတ်ပင်တားဆီးထားသည့်အတွက် အီရန်သည် အိန္ဒိယသို့ ၎င်း၏ရေနံများအား ရူပီးဖြင့် ရောင်းချရန် သဘောတူညီထားခဲ့ကြောင်း၊ ယင်းရူပီးများကို အဓိကအားဖြင့် အီရန်နိုင်ငံအတွင်း၌ မထုတ်လုပ်နိုင်သည့် အိန္ဒိယကုန်စည်အမယ်များ ဝယ်ယူရန်ကိုသာ အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

ကုန်သွယ်ရေး တာဝန်ရှိသူများက အိန္ဒိယကုန်သွယ်ရေးအဖွဲ့များသည် ယခုနှစ် မတ်လနှင့် ဧပြီလအတွင်း အီရန်သို့ ကုန်ကြမ်းသကြားတန်ချိန် ၁၅၀၀၀၀ တင်ပို့ရန်အတွက် တစ်တန်လျှင် FOB ဈေး အမေရိကန်ဒေါ်လာ ၃၀၅-၃၁၀ နှုန်းတို့ဖြင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားထားကြောင်း၊ အီရန်အနေဖြင့် ရေနံဖိုးရငွေများအား သကြားနှင့် အခြားစားသောက်ကုန်များ ဝယ်ယူရန်အတွက် အသုံးပြုရန် စိတ်ဝင်စားနေကြောင်း၊ အများအားဖြင့်မူ အီရန်သည် ဘရားဇီးမှ သကြားများကို ဝယ်ယူလေ့ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ချက်သမ္မတနိုင်ငံ စီးပွားရေးပြုပြင် ပြောင်းလဲမှုနှင့် မြန်မာနိုင်ငံအတွက် သင့်တော်မည့်နည်းလမ်းများ မျှဝေဆွေးနွေး




ချက်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး Mr. Martin Tlapa သည် ချက်သမ္မတနိုင်ငံ စီးပွားရေးပြုပြင် ပြောင်းလဲမှု အချိန်ကာလအတွင်း တွေ့ကြုံရသည့် စိန်ခေါ်မှုအခက်အခဲများနှင့် ဈေးကွက် စီးပွားရေးစနစ်တီထွင်မှု၊ ယှဉ်ပြိုင်မှုများနှင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်မှုရှိသော အခွင့်အလမ်းများအပါအဝင် ချက်နိုင်ငံ၏အတွေ့အကြုံများကို မျှဝေပေးနိုင်ရန်အတွက် "Economic Transition: The Czech Experience and its Relevance For Myanmar"ဟောပြောပွဲကို မတ် ၇ ရက်က မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲအတွင်း Mr. Martin Tlapa က မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်သင့်ပြီး ပြည်တွင်းဈေးကွက်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံခြားကုန်သွယ်ရေးမြှင့်တင်မှု၊ ပြည်သူများ၏ အမြင်ကျယ်မှုတို့ လိုအပ်ပြီး သတင်းအချက်အလက်နည်းပညာများ နှီးနှောဖလှယ်၍ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတကာ စီးပွားရေးကို အမီလိုက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးမိတ်ဖက်ရှာဖွေမှုလိုအပ်ခြင်း၊ အစိုးရ၏ပံ့ပိုးပေးမှုနှင့်အတူ စနစ်များ အားကောင်းရန် လိုအပ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် လိုအပ်ပြီး အခွင့်အလမ်းများကိုရယူကာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဒု-ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက "ချက်သမ္မတနိုင်ငံနဲ့မြန်မာနိုင်ငံက တော်တော်လေး တူညီပါတယ်။ ကွန်မြူနစ်နိုင်ငံကနေ ဈေးကွက်စီးပွား ရေးအခြေပြုအရင်းရှင်နိုင်ငံကို ပြောင်းလဲခဲ့တဲ့ အတွေ့အကြုံ ဖြတ်သန်းခဲ့ရတာတွေကို ပြန်လည်မျှဝေတာပါ။ မြန်မာနိုင်ငံအတွက် အတုယူနိုင်ဖို့ ပြောသွားတာကတော့ လူသားတွေ လုပ်ကိုင်နေရတာဖြစ်တဲ့အတွက် ချက်ချင်း ပြောင်းလဲသွားတာမျိုး မဖြစ်နိုင်ဘူး၊ စိတ်ရှည်သည်းခံဖို့ နောက်ပြီး အခုပြုပြင်ပြောင်းလဲမှုက ဘယ်တော့မှ ရပ်သွားတာမျိုးမရှိဘူး။ နိမ့်ချည်မြင့်ချည် သွားနေရတယ်။ ထက်မြက်တဲ့လူငယ်တွေအများကြီးရှိတဲ့ မြန်မာနိုင်ငံအနေနဲ့လည်း အလားအလာအများကြီး ရှိတယ်လို့ သူက ပြောသွားတယ်"ဟု ဆိုသည်။

ချက်သမ္မတနိုင်ငံသည် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်နေသော နိုင်ငံများအနက် တစ်နိုင်ငံလည်း ဖြစ်သည်။ **သန်းထိုက်အောင်**

## မီးပွိုင့်လမ်းဆုံမဟုတ်သည့် လူကူးမျဉ်းကျားနေရာများထဲမှ အရေးကြီးနေရာများတွင် warning flasher များ တပ်ဆင်သွားမည်

မီးပွိုင့်လမ်းဆုံမဟုတ်သည့် လူကူးမျဉ်းကျားနေရာများထဲမှ အရေးကြီးသည့်နေရာများတွင် warning flasher များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့တော်အတွင်းမှာ မော်တော်ယာဉ်အစီးရေ တိုးတက်လာပြီး ယာဉ်ကြောကြပ်တည်းမှုတွေလည်း ဖြစ်ပေါ်လာပါတယ်။ အဲဒါကို လူကူးမျဉ်းကြားနေရာတွေမှာ မီးနီ၊ မီးစိမ်းစနစ်တပ်မယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှု ပိုများလာနိုင်ပါတယ်။ အဲဒါကြောင့် လမ်းဆုံမဟုတ်တဲ့ လူကူးမျဉ်းကြားလို နေရာတွေမှာ မြေပြင်ကွင်းဆင်း စစ်ဆေးပြီး အရေးကြီးနေရာတွေကို warning flasher တွေ တပ်ဆင်သွားမှာပါ"ဟု စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောသည်။

မီးပွိုင့်တပ်ဆင်မှု၊ အရှိန်ထိန်း မှိတ်တုတ်မီးဝါ (warning flasher) များ၊ မျဉ်းများဆေးဆွဲရမည့် နေရာများကို YCDC က ဆောင်ရွက်ပေးရပြီး လမ်းပန်းဆက်သွယ်ရေးဌာနနှင့် မော်တော်ယာဉ်ဌာနတို့မှ Survey ဆင်းကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း အဓိကကျသော မီးပွိုင့်လမ်းဆုံနေရာ ၂၀ တွင် လူကူးမီးနီ၊ မီးစိမ်းစနစ် တပ်ဆင်ပေးထားပြီး ယင်းအချက်ပြမီးစနစ်သည် ကွန်ထရိုးစနစ်ဖြင့် ချိတ်ဆက်အသုံးပြုထားခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်းတွင်လည်း လူကူးမျဉ်းကျား ၃၂၅ ခု ရေးဆွဲဆောင်ရွက်ပေးထားပြီး ဆေးရုံ၊ ကျောင်း၊ ဈေးအနီးနှင့် လူကူးမျဉ်းကျား ၂၆ နေရာတို့တွင် အရှိန်ထိန်း မှိတ်တုတ်မီးဝါကိုပါ တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ **ချောစု**

## မင်္ဂလာမောင်နှံများအတွက် မင်္ဂလာဆောင်အကြိုဓာတ်ပုံ အခမဲ့ရိုက်ကူးနိုင်မည့် Wedding Fair For 2019 ပြပွဲ ကျင်းပမည်




မင်္ဂလာမောင်နှံများအတွက် မင်္ဂလာဆောင်အကြိုဓာတ်ပုံ (Pre Wedding Photo) အခမဲ့ ရိုက်ကူးနိုင်မည့် Wedding Fair For 2019 ပြပွဲကို မတ် လ ၃၀ နှင့် ၃၁ ရက်တို့တွင် Rose Garden ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို Myanmar Wedding Talk မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မင်္ဂလာဆောင်မည့် မောင်နှံများ တစ်နေရာတည်းတွင် One Stop Service ဝန်ဆောင်မှုရရှိစေရန် ရည်ရွယ်၍ ယခုနှစ်အတွက် ပထမဆုံး Wedding Fair အဖြစ် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲလုပ်ရတာက မင်္ဂလာမောင်နှံတွေ၊ ဘာစီစဉ်ရမှန်းမသိတဲ့ သူတွေအတွက် တစ်နေရာတည်းမှာ ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတွေရရှိအောင်လို့ ရည်ရွယ်ပြီး ပြုလုပ်ပေးတာပါ။ မနှစ်ကနဲ့ မတူတဲ့ ဝတ်စုံတွေကိုလည်း ဖန်တီးပေးထားပါတယ်။ ပွဲမှာ ပါဝင်အားပေးတဲ့သူတွေအတွက်ကိုလည်း အာရှနိုင်ငံတစ်ခုကို ခရီးထွက်ခွင့်နဲ့ ပြည်တွင်းက ကမ်းခြေတွေကို ခရီးသွားခွင့်တွေ ရရှိအောင် ကံစမ်းမဲအစီအစဉ်တွေ လုပ်ပေးထားပါတယ်"ဟု Wedding Fair ပွဲတွင် ပါတနာအဖြစ် ပါဝင်သူ Aroma မှ ကိုစိန်လင်းက ပြောသည်။

သူကပဲဆက်ပြီး "ဒီနှစ်မှာလည်း အရင်နှစ်ကလိုပဲ Pre Wedding Free ရိုက်ခွင့်ရမယ့် အစီအစဉ်ကို လုပ်ပေးထားပါတယ်။ အဲဒီအစီအစဉ်မှာ ပါဝင်ချင်သူတွေ အနေနဲ့လည်း Myanmar Weddin Talk ရဲ့ ဖေ့စ်ဘွတ်ခ်ပေ့ချ်မှာ ဝင်ပြီးတော့ ဖောင်တင်လို့ရပါတယ်။ ဈေးကွက်အနေအထားအရ ပြည်ပက ဝင်ရောက်ထိုးဖောက်တာတွေရှိပေမယ့် ပြည်တွင်းကသူတွေ ပူးပေါင်းလုပ်ကိုင်မယ်ဆိုရင် သူတို့ထိုးဖောက်လို့ ရမှာမဟုတ်ပါဘူး။ အဲဒါကြောင့် တစ်စိတ်တစ်ဒေသနေရာကနေ ပါဝင်ခွင့်ရတဲ့ ဒီပွဲမှာ အကောင်းဆုံး ကြိုးစားထားပါတယ်။ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲကို မနက် ၉ နာရီမှ ည ၉ နာရီအထိ နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး မင်္ဂလာခန်းမများစီစဉ်ပေးခြင်း၊ မင်္ဂလာမောင်နှံများအတွက် ဟန်းနီးမွန်းများ၊ မင်္ဂလာပွဲအစီအစဉ်အတွက် အခြားသောဝန်ဆောင်မှုများ၊ အလှဆင်ကား ဝန်ဆောင်ခြင်းများ၊ ရေခဲရုပ်တုနှင့် ပန်းအလှဆင်ခြင်း ဝန်ဆောင်မှုများကိုလည်း ပြုလုပ်ပေးမည်ဖြစ်ပြီး လာရောက် စုံစမ်းအပ်နှံသူ မင်္ဂလာမောင်နှံများအတွက် International နှင့် Asian Menu များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

## Visa မှ မြန်မာနိုင်ငံ Country Manager သစ်အဖြစ် အတွေ့အကြုံရင့် ဝန်ထမ်းတစ်ဦးအား ခန့်အပ်



ဒစ်ဂျစ်တယ် ငွေပေးချေမှုလုပ်ငန်းကုမ္ပဏီ Visa မှ မြန်မာနိုင်ငံအတွက် Country Manager အဖြစ် Mrs. Lillian Wang အား ပြောင်းလဲခန့်အပ်လိုက်ကြောင်း မတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

Mrs. Lillian Wang သည် ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုလုပ်ငန်းများတွင် လုပ်သက် အတွေ့အကြုံသက်တမ်း နှစ် ၂၀ ကျော် ရှိသူဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစတင်ကာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများအတွက် Visa Consulting and Analytics ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ အရှိန်အဟုန်မြင့် ဈေးကွက်အတွင်းမှာ Visa ရဲ့ လုပ်ငန်းတာဝန်များကို ဦးစီးထမ်းဆောင်ဖို့ အင်မတန်စိတ်လှုပ်ရှားပါတယ်။ ငွေကြေးပေးချေမှုနည်းလမ်းသစ်များနဲ့ ပတ်သက်ပြီး ဒီနိုင်ငံမှာ အံ့သြဖွယ်မှတ်တမ်းကောင်းတွေ အများအပြား ရှိနေခဲ့ပါတယ်။ ဒါကြောင့် ဒီထုံးထမ်းစဉ်လာကောင်းတွေအတိုင်း ဆက်လက်ပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမှာဖြစ်သလို မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေးဟာ ကောင်းမွန်တဲ့ အနေအထားမှာဖြစ်တည်စေဖို့သုံးစွဲသူတွေ၊ မိတ်ဖက်လုပ်ငန်းရှင်တွေ၊ သက် ဆိုင်ရာအာဏာပိုင်တွေနဲ့အတူတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု Visa Myanmar ၏ Country Manager ဖြစ်သူ Mrs. Lillian Wang က ပြောသည်။

Mrs. Lillian Wang သည် ယခင် Visa မြန်မာ၏ အကြီးအကဲ Arturo Planell ၏ နေရာတွင် ဆက်လက်တာဝန်ယူထမ်းဆောင်မည်ဖြစ်ပြီး Arturo Planell သည် ပီရူးနိုင်ငံဆိုင်ရာ Visa ကုမ္ပဏီတွင် မကြာမီ တာဝန်ထမ်းဆောင်တော့မည် ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## မိုးညှင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ အမှတ်စဉ်(၂/ ၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အမှတ်စဉ် (၂/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်တွင် မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မိုးညှင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင် အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်း တာဝန်များနှင့်အညီ ခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထုများ၏ အသက်အန္တရာယ် ခြိမ်းခြောက်နေသောအစားအသောက်များ အသုံးအဆောင်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကာကွယ်ပေးရေး၊ ပါဝင်နိုင်ရမည့် အခန်းကဏ္ဍများကို အစုများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးစန်းလွင်ဦးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ စားသုံးသူအကာအကွယ် ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသော (၁/ ၂၀၁၈) နှင့် (၂/ ၂၀၁၉) အမိန့်ကြော်ငြာစာအရ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံစိတ်ချရမှု ရှိစေရန်အတွက် သုံးစွဲမှုအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်/ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဟု ကြော်ငြာထားကြောင်းနှင့် လုပ်ငန်းရှင်များအား သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများသို့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ Website သို့ဝယ်ယူသုံးစွဲသူများမှ Internet အသုံးပြုမှုအဆင်မပြေခြင်း၊ ကြော်ငြာပါအတိုင်း ဝန်ဆောင်မှု မပေးနိုင်ခြင်းတို့ကြောင့် တိုင်ကြားခဲ့ရာ မိုးညှင်းခရိုင်အနေဖြင့် တိုင်ကြားမှုငါးခု ရှိခဲ့ကြောင်း၊ တိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေတို့အား ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ အမှာစာ တင်ပြထားကြောင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် အကြံပြုဆွေးနွေးတင်ပြခဲ့ရာ ဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးကြောင်း သတင်းရရှိပါသည်။

**ဝင်းလဲ့လဲ့မွန်(မိုးညှင်း)**

## ရန်ကုန်တပ်နယ်၊ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ လေးထပ်ဆောင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (မရမ်းကုန်းမြို့နယ်)တို့ ပူးပေါင်း၍ မတ်လ ၇ ရက်တွင် ရန်ကုန်တပ်နယ်၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ လေးထပ်ဆောင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ဖွဲ့စည်းထားရှိမှု၊ အန္တရာယ်ကင်း စားသောက်ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်သည့် နည်းလမ်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဈေးကွက်ကွင်းဆင်းမှုနှင့် ဈေးကွက်စောင့်ကြည့် သည့်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စားသုံးသူ ပြည်သူများ သိရှိလိုက်နာနိုင်ရန် နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းကြေညာခဲ့သည့် အသိပေးကြေညာချက်ကို လည်းကောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ စားသုံးသူ ကာကွယ်ရေးဥပဒေအသစ်အကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအသင်းအဖွဲ့များ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)မှ ဒုကြီးကြပ်ရေးမှူး ဒေါ်ကြည်ကြည်ဇော်လင်းက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးနောက် ကွင်းဆင်းစစ်ဆေးခဲ့မှုများ၊ အသင့်ထုတ်ပိုးပြီး အစားအသောက်တစ်ခုဝယ်ယူမည်ဆိုပါက စားသုံးသူများ သတင်းအချက်အလက်ရရှိစေရန် စိစစ်ရမည့် အမှတ်တံဆိပ်ဖော်ပြချက်များကိုလည်းကောင်း၊ အစားအသောက်များတွင်တွေ့ရသော ခွင့်မပြုဓာတု ဆိုးဆေးနှင့် တာရှည်ခံဆေးများ အကြောင်းကိုလည်းကောင်း၊ အလှကုန်နှင့် ဆေးဝါးများ သုံးစွဲရာတွင် ကြည့်ရှုစစ်ဆေးနည်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (မရမ်းကုန်းမြို့နယ်)မှ ဦးစီးအရာရှိ ဒေါက်တာ နှင်းလဲ့နွယ်သိန်းက မကူးစက်နိုင်သော ရောဂါများအကြောင်းနှင့် ထိုရောဂါများမှ ကင်းဝေးအောင် တစ်ဦးချင်း၏ စားသောက်နေထိုင်မှုပုံစံနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ စားသုံးသူများအား ဘေးအန္တရာယ်ကင်းပြီး စိတ်ချစွာ စားသုံးနိုင်မည့် အစားအသောက်မျိုးကိုသာ ရွေးချယ်တတ်ဖို့ လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာန (မရမ်းကုန်းမြို့နယ်)၊ ရန်ကုန်တပ်နယ်၊ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ အရာရှိများ၊ စစ်သည်များ၊ အိမ်ထောင်သည်ရဲမေများ စုစုပေါင်း ၃၅၆ ဦး တက်ရောက်ခဲ့ပါတယ်။

**လဲ့လဲ့ဌေး (စားသုံးသူ - ရန်ကုန်)**

## မန္တလေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/ ၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/ ၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးမြတ်သူ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ၊ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးမြတ်သူနှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်တို့မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးမှ တိုင်ကြားထားသည့် အမှုတွဲများ၊ ယခင် (၁/ ၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များမှလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (စားသုံးသူ - မန္တလေး)**

## မကွေးမြို့၊ ကုန်စည်ဒိုင်ခန်းမတွင် ဆီကုန်သည်ကြီးများ၊ ဆီစက်လုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်လက်လီရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေး

ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများ ပြည်သူများ ဘေးကင်းစွာ စားသုံးနိုင်ရေးရည်ရွယ်၍ ဖေဖော်ဝါရီ ၂၇ ရက်က မကွေးမြို့ ကုန်စည်ဒိုင်ခန်းမ၌ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ဘေးကင်းလုံခြုံမှုရှိသည့် စားသုံးဆီများ ထုတ်လုပ်ရောင်းချလာရေးအတွက် ဆီကုန်သည်ကြီးများ၊ ဆီစက်လုပ်ငန်းရှင်များ တစ်ပိုင်တစ်နိုင်လက်လီရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တွဲဖက်အတွင်းရေးမှူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာ ပြည့်ထူး၊ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ ဆီကုန်သည်ကြီးများ၊ ဆီစက် လုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် လက်လီရောင်းချသူများ စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဝင်းမှ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် ဥပဒေပါအချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏အရေးယူပိုင်ခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောကြားရာတွင် စီမံချက်ကို အကြမ်းဖျင်းတစ်နှစ်လျာထားကြောင်း၊ အချို့သံသယရှိတဲ့ စားသောက်ကုန်တွေ၊ အလှကုန်ပစ္စည်းတွေကိုတော့ ဈေးကွက်ထဲက နမူနာဝယ်ယူပြီး နေပြည်တော် ဓာတ်ခွဲခန်းကို ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းမှ စားသုံးဆီနမူနာများကို Mobile Lab ဖြင့် စစ်ဆေးပြီး ချက်ချင်း အဖြေထုတ်ပေးနိုင်သည့်အတွက် စစ်ဆေးတွေ့ရှိချက်အဖြေကို အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ Mobile Lab ၏ စစ်ဆေးမှုသည် နိုင်ငံတကာ အဆင့်မီဖြစ်သည့်အတွက် မိမိတို့၏ စစ်ဆေးချက်အပေါ် ကျေနပ်မှုမရှိပါက နေပြည်တော်သို့ ထပ်မံပေးပို့စစ်ဆေးနိုင်ပြီး နေပြည်တော်၏ စစ်ဆေးချက်အဖြေတွင် အန္တရာယ်ရှိပါက သတင်းစာမှ ကြေညာသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စစ်ဆေးတွေ့ရှိမှု အခြေအနေကိုတော့ သတင်းစာမှ ထုတ်ပြန်ကြေညာသွားမည်မဟုတ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဆီကုန်သည်ကြီးများ၊ ဆီစက်လုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်ရောင်းချသူများမှ သိလိုသည်များမေးမြန်းခဲ့မှုအပေါ် ပြန်လည်ဖြေကြားမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ဒု- ဥက္ကဋ္ဌ ရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစု ပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကသာခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်မင်းက ဇန်နဝါရီလ (၂၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဖေဖော်ဝါရီလအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေး ဆွေးနွေးခြင်း စုစုပေါင်း(၄၃)ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ အင်းတော်မြို့နယ်ကားဝန်ဆောင်မှုနှင့် ပတ်သက်ပြီး ဂျိမ်းဖောသူ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးဂိတ်မှူး နှင့် တိုင်ကြားသူတို့အကြား နှစ်ဦးနှစ်ဖက်ပြေလည်ရန်အတွက် ကတိဝန်ခံချက် လက်မှတ်ရေးထိုး ဖြေရှင်းပြီးပါကြောင်း၊ (၂၃) ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြခဲ့သည့် Honda ဆိုင်ကယ်ကိစ္စနှင့်ပတ်သက်၍ မြဝတီခရိုင်နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ Honda Show Room ရှိမရှိ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြဝတီအာရှလမ်းရှိ Honda Show Room အရောင်းဆိုင်မှာ တိုင်ကြားသူတင်ပြသော ဓာတ်ပုံမှတ်တမ်းအချက်အလက်နှင့် ကွဲလွဲနေခြင်း၊ တိုင်ကြားမှုပုံစံပါ မြဝတီမြို့ရှိ မနော်ဟရီလမ်း၊ (၅)ရပ်ကွက်တွင် Honda Aythorized Dealers In Myanmar မှာ မရှိကြောင်း မြဝတီခရိုင်ဦးစီးမှူးရုံးမှ စာဖြင့်ပြန်ကြားခဲ့ကြောင်း၊ မြဝတီခရိုင်မှလည်း ယခုလို ဖြစ်စဉ်မျိုး (၃)ကြိမ် ဖြစ်ပေါ်ပြီး လူလည်း ရှာမတွေ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကသာခရိုင် CICC ရုံးမှ ဆောင်ရွက်ထားရှိမှုအား ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များမှလည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

# ကလေးမြို့တက္ကသိုလ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

ကလေးခရိုင်ဦးစီးမှူးနှင့် ချင်းပြည်နယ်ဦးစီးမှူးတို့မှ ဦးဆောင်ပြီး မတ် ၄ ရက်တွင် ကလေးမြို့တက္ကသိုလ်၌ စားသုံးသူအကာကွယ်ပေးရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရပါတယ်။ ဟောပြောပွဲတွင် ကလေးမြို့တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချင်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးဦးသောင်းကြိုင်က "ယခု ကလေးတက္ကသိုလ်မှာ ချင်းပြည်နယ်ဒေသမှ တက်ရောက်သူ အများအပြားရှိသည့်အတွက် ယခုလိုဟောပြောပွဲလုပ်မယ်လို့ စိတ်ကူးနေတာကြာပါပြီ။ ယနေ့ တီးတိန်မြို့နယ်တွင်းခရီးစဉ်လိုက်ပါရင်း ကလေးခရိုင်မှ ကလေးတက္ကသိုလ်မှာ ဟောပြောပွဲရှိတယ်လို့သိရတဲ့အတွက် လာရောက်ဟောပြောခြင်းဖြစ်ကြောင်း၊ စားသုံးသူများ အနေဖြင့် မိမိရဲ့အခွင့်အရေး၊ လိုက်နာရမည့် စည်းကမ်းသိရှိထားဖို့ လိုအပ်ပါတယ်" ဟု ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကလေးခရိုင်ဦးစီးမှူးဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းကို ရှင်းလင်းဆွေးနွေးပေးပြီး ကလေးခရိုင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းအိက ဆေးဝါးများနှင့်အလှကုန်ပစ္စည်းများအကြောင်းကို အသေးစိတ် ဆွေးနွေးဟောပြော ခဲ့ပါသည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကလေးမြို့နယ် တာဝန်ခံဒေါ်မေဆုဝေက အလုပ်သမားရွှေ့ပြောင်းခြင်းဆိုင်ရာနှင့် ပြည်ပသို့ အလုပ်သွားရောက် လုပ်ကိုင်လျှင် တရားဝင်နည်းလမ်းဖြင့် သွားရောက်သင့်ကြောင်း တရားမဝင်နည်းလမ်းဖြင့် သွားရောက်ပါက လူကုန်ကူးမှုများ ခံရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ခင်ရတနာကျော်က ဆိုးဆေးများအန္တရာယ်ကြီးမားပုံ၊ စားသောက်ကုန်များတွင် မသုံးသင့်သော ဓာတုဆိုးဆေးများအကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်ပြီး ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒေါ်သိမ့်သိမ့်ထွန်းက ကုန်စည်နှင့် ဝန်ဆောင်မှုများ (၁/ ၂၀၁၈) အမိန့်ကြော်ငြာစာများ၊ (၁/ ၂၀၁၉)မှ (၄/ ၂၀၁၉) ထိကြော်ငြာစာများ သိရှိနိုင်အောင်ဆွေးနွေးပြောကြားခဲ့ပါတယ်။ ကလေးမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်သန်းထိုက်အောင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ပါတယ်လို့ သတင်းရရှိသည်။

**ကျော်သူလင်း(ကလေး)**

# ဝေါမြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဝေါမြို့နယ်မှ ဝန်ထမ်းများသည် မိတ်ဖက် ဌာနဖြစ်သည့် ပြန်/ဆက်ဌာနမှ ဝန်ထမ်းများနှင့်အတူ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာရှိ ကျေးလက်ဈေးသို့ ဈေးအကျိုးဆောင်အဖွဲ့နှင့် တွေ့ဆုံစဉ် ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးမှ အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အားလျော်စွာပြည်သူများသုံးစွဲမည့် ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြသွားရေးဗဟိုကော်မတီမှ အမိန့်ကြော်ငြာစာ အမှတ် ၁/ ၂၀၁၈ အား ရှင်းလင်းဆွေးနွေး၍ ကျေးလက်ဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်၊ မုန့်မျိုးစုံဆိုင်၊ အချိုရည်နှင့် ဆေးဆိုင်များ၊ ကလေးအသုံးဆောင်ပစ္စည်းများ ရောင်းချသည့်ဆိုင်များအား အမိန့်ကြော်ငြာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ထွန်းနိုင် (ဝေါ)**

# သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်နှင့် မင်းလှမြို့နယ်များတွင် မုန့်မျိုးစုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီး ဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ ကြို့ပင်ကောက်မြို့နယ်နှင့် မင်းလှမြို့နယ်များမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် မတ်လ ၄ ရက်က စည်ပင်သာယာ မြို့မဈေးအတွင်းမုန့်မျိုးစုံ လက်လီ၊ လက်ကားအရောင်းဆိုင်များသို့ မိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များအား စားသုံးသူပြည်သူများ ရယူသုံးစွဲနိုင်ရန်အတွက်လည်းကောင်း၊ စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များသို့မဟုတ် ညွှန်ကြားချက်များကိုမြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြရမည်ဖြစ်ကြောင်း သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင် သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများပါဝင်ရမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များအား ကွင်းဆင်းအသိပညာပေး ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**


# မြောင်မြို့ မြို့မ စည်ပင်ဈေးရှိ ကုန်ပစ္စည်းများကို FDA မှ Mobile Lab ဖြင့် စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၊ မြောင်မြို့ မြို့မစည်ပင်ဈေးရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ကုန်ပစ္စည်းများအား Mobile Lab ဖြင့် စစ်ဆေးခြင်းများကို ဖေဖော်ဝါရီလ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြောင်မြို့တာဝန်ခံနှင့် ဝန်ထမ်းများ FDA မှ ဝန်ထမ်းများ၊ ကျန်းမာရေး၊ စည်ပင်၊ စားသုံးသူရေးရာအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကုန်ပစ္စည်း ၂၂ မျိုးကို FDA မှ Mobile Lab ဖြင့် စစ်ဆေးခဲ့ရာ ဆိုးဆေးပါဝင်မှုမရှိ၊ ကြာရှည်ခံဆေးသုံးစွဲမှုမရှိကြောင်း သိရှိရပါသည်။

**ခင်ချိုမြင့်(မြောင်)**

# MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၈ ရက်က တာချီလိတ်ခရိုင် လွယ်စတုံကျေးရွာရှိWIN မိသားစု၏ အာလူးစိုက်ပျိုးရေးအတွက် နည်းပညာထောက်ပံ့မှုကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ စိုက်ပျိုးမှုနည်းပညာ၊ မြေဩဇာထုတ်လုပ်သုံးစွဲမှု နည်းပညာပေးခြင်းလုပ်ငန်းများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ WIN



မိသားစုသည် အိမ်တွင်းမှုလုပ်ငန်းအဖြစ် အာလူးကြော်လုပ်ငန်းကိုပါ လုပ်ကိုင်နေသည့်အတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ ဈေးကွက်တိုးချဲ့သွားရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ အာလူးစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးမှု အခြေအနေအား ကြည့်ရှုခြင်းနှင့် မြေဆီလွှာအား (Soil test) ပြုလုပ်ခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပုံတို့ကို လက်တွေ့ပြသခြင်း၊ စိုက်ပျိုးမည့် အာလူးမျိုးကို ရွေးချယ်ခြင်းနှင့် မျိုးပွားမှုစနစ်များကို သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။ အလားတူစွာ အာလူးစိုက်ပျိုးထုတ်လုပ်၍ ဆောင်ရွက်သွားမည့်လုပ်ငန်းအတွက်လည်း ဒေသပြည်သူများအား ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းများတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်သွားရမည်များကိုပါ တစ်ပါတည်း အသိပညာပေးခဲ့ကြောင်းနှင့် ဒေသတွင်း MSMES လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါ သည်။

**ရန်နောင် (ကျိုင်းတုံ)**

# BAWGAWADI COMPANY LIMITED

## ဘောဂဝတီကုမ္ပဏီလီမိတက်



**AUTOMOBILE TIMMING BELTS**






**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.
**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com
**Website:** www.bawgawadi.com.mm

## GOLDEN ORIENT CO., LTD.





Add : 112, Yadanar Theingi Street, Industrial Zone (7), Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-645220, 01-645236, 09-5115315

## YSS. TRADING CO.,LTD

**LARSSON** LARSSON Elevator & Escalator

❖ Home Elevator ❖ Passenger Elevator ❖ Cargo Elevator
❖ Car Platform Lift ❖ Escalator and Moving Walk



No.(12), San Yay Twin St., Sanchaung Tsp., Yangon.
N0. (65), 32 St., Between 71 x 72 St., Mandalay.
Tel : +95-9 255944778 Email : yss.trading16@gmail.com



## ပေါင်သန်း ၁၀၀ တန် ဆန်ချိုကို ခေါ်ယူရန် ပီအက်စ်ဂျီနှင့်အပြိုင် မန်ယူကလည်း ကြိုးပမ်းနေ

အင်္ဂလန်လူငယ်ကစားသမား ဆန်ချိုမှာ ပေါင်သန်း ၁၀၀ တန်ကြေး ရှိကြောင်း ဒေါ့မွန်အသင်းက သတ်မှတ်ထားသည်။ ဒေါ့မွန်အသင်းသည် ၎င်းတို့၏ ကစားသမားကို ပေါင်သန်း ၁၀၀ တန်သည်ဟု သတ်မှတ်ထားသော်လည်း ရောင်းထုတ်သွားမည်ဟု တရားဝင် ထုတ်ဖော်ပြောဆိုထားခြင်း မရှိကြောင်း သိရသည်။

အသက်(၁၈)နှစ်သာရှိသေးသည့် တောင်ပံကစားသမား ဆန်ချိုကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်းက ဦးစွာ ကမ်းလှမ်းထားမှုများရှိပြီး ယခုအချိန်တွင် မန်ယူအသင်းကလည်း ၎င်းကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။ ဒေါ့မွန်အသင်းသည် ဆန်ချိုအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ သာရရှိခဲ့ပါက ၎င်းကစားသမားသည် အင်္ဂလန်၏ ပေါင်သန်း ၁၀၀ တန် ပထမဦးဆုံး ကစားသမားဖြစ်လာမည်လည်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပါးအသင်းကို ရှုံးနိမ့်ပြီးပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရသော်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ရလဒ်ကောင်းပြီး အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေနိုင်ခြင်းမှာ တောင်ပံကစားသမား ဆန်ချိုသည်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။

ဆန်ချိုသည် အနာဂတ်တွင် ထွန်းလင်းတောက်ပမည့် ဘောလုံးကြယ်တစ်ပွင့် ဖြစ်လာနိုင်ကြောင်းကိုလည်း ဝါရင့်ဘောလုံးကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

## မော်ရင်ဟိုကို နည်းပြအဖြစ် ခန့်အပ်မည်ဟု ရီးရဲလ်မက်ဒရစ်အသင်း အတည်ပြု



မန်ယူအသင်းမှ ထုတ်ပယ်ခံရပြီး အသင်းလက်မဲ့ ဖြစ်နေသည့် မော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်ကျော့ပြန် နည်းပြဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ရလဒ်ပိုင်း ဆက်တိုက်ဆိုးရွားနေခြင်းကြောင့် နည်းပြဆိုလာရီကို ထုတ်ပယ်ရန်စီစဉ်ထားပြီဖြစ်ကာ ၎င်းတို့၏ နည်းပြဟောင်းဖြစ်သူ မော်ရင်ဟိုကို ပြန်လည်ခန့်အပ်ရန် ပြင်ဆင်လာခြင်းလည်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ရာသီတွင် ပွဲစဉ်(၂၆)ပွဲအပြီး၌ ရှစ်ပွဲအထိ အရေးနိမ့်ထားပြီး အမှတ်ပေးဇယားထိပ်မှ ဘာစီလိုနာအသင်းနှင့် ၁၂ မှတ်အထိ ကွာဟနေသည်။ ထို့ပြင် ချန်ပီယံလိဂ်ဖလားကို သုံးနှစ်ဆက်တိုက် ရယူထားနိုင်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆သင်း ရှုံးထွက်အဆင့်မှာပင် အေဂျက်လို အသင်းမျိုးကို ဂိုးပြတ်ရှုံးပြီး ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရခြင်းကြောင့် နည်းပြ ဆိုလာရီမှာလည်း ထုတ်ပယ်ခံရရန် အကြောင်းဖန်လာခြင်း ဖြစ်သည်။

မော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ထုတ်ပယ်ခြင်းခံထားရသည့် နည်းပြတစ်ဦးဖြစ်သည်။ အသင်းမှဇီဒန်း ထွက်ခွာသွားချိန်ကပင် မော်ရင်ဟိုမှာ ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်ကျော့ပြန် နည်းပြဖြစ်လာနိုင်သည်ဟု ခန့်မှန်းသုံးသပ်မှုများ ရှိနေသော်လည်း ပထမဦးစားပေး ရေပန်းစားသည့်အထဲတွင် ပါဝင်ခြင်းမရှိခဲ့ပေ။

မော်ရင်ဟိုသည် ၂၀၀၀ ပြည့်နှစ်ကပင် ဘင်ဖီကာအသင်းနှင့်အတူ နည်းပြဘဝသို့ ဝင်ရောက်လာခဲ့သူဖြစ်သည်။ ယင်းနောက်တွင် ဒီလိုင်ရီရာ(၂၀၀၁-၂၀၀၂)၊ ပေါ်တို(၂၀၀၂-၂၀၀၄)၊ ချယ်လ်ဆီး(၂၀၀၄-၂၀၀၇)၊ အင်တာမီလန်(၂၀၀၈-၂၀၁၀)၊ ရီးရဲလ်မက်ဒရစ်(၂၀၁၀-၂၀၁၃)၊ ချယ်လ်ဆီး(၂၀၁၃-၂၀၁၅)နှင့် မန်ယူအသင်း(၂၀၁၆-၂၀၁၈)တို့ကို ကိုင်တွယ်ခဲ့သည်။


## ဘန်ရှီဝဲလ်ကို ပေါင် ၇၅ သန်းပေးပြီး မန်စီးတီး ကမ်းလှမ်း

မန်စီးတီးအသင်းသည် လက်စတာအသင်းမှ အင်္ဂလန် ခံစစ်ကစားသမား ဘန်ရှီဝဲလ်ကို ပေါင် ၇၅ သန်းပေးပြီး ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

ဘန်ရှီဝဲလ်သည် ၂၀၁၅ ခုနှစ်ကပင် လက်စတာလူငယ်အသင်းမှ အသင်းကြီးသို့ ပြောင်းရွှေ့ကစားခွင့်ရရှိခဲ့သော်လည်း ယင်းနှစ်မှာပင် ဟက်ဒါဖီးလ်အသင်းသို့ အငှားချထားခြင်း ခံခဲ့ရသူဖြစ်သည်။ အသက်(၂၂)နှစ်ရှိ ဘန်ရှီဝဲလ်သည် ၂၀၁၈ ခုနှစ်က အင်္ဂလန်လက်ရွေးစင် ကစားသမားအဖြစ် ရွေးချယ်ခြင်းခံရသူဖြစ်သည်။

ဘန်ရှီဝဲလ်သည် ယခုနှစ်ရာသီတွင် လက်စတာအသင်းနှင့်အတူ ၂၇ ပွဲ ပါဝင်ကစားပေးထားကာ အထူးခြေစွမ်းပြနေသည်။ မန်စီးတီးအသင်းသည် မန်ဒီဒဏ်ရာရသွားချိန်မှစ၍ အသင်း၏ဘယ် အစွန်ခံစစ်နေရာတွင် သိသာစွာ အားနည်းမှုများ ရှိနေခဲ့သည်။ ဘန်ရှီဝဲလ်သည် ဘယ်နောက်ခံနေရာတွင် ကောင်းစွာ ခြေစွမ်းပြ ကစားနိုင်သည်သာမကဘဲ နောက်တန်းနေရာစုံတွင်လည်း ကစားနိုင်သူဖြစ်သည်။

မန်စီးတီးအနေဖြင့် ဘန်ရှီဝဲလ်ကို ခေါ်ယူမည်ဆိုပါက ပေါင် ၇၅ သန်းဝန်းကျင် ပေးချေရမည်ဖြစ်သည်။ ဘန်ရှီဝဲလ်ကို ခေါ်ယူနိုင်ရေးအတွက် မန်စီးတီးအနေဖြင့် လက်ဦးမှု ရယူနိုင်ရန်မှာ နီးစပ်နေကြောင်း သိရသည်။



## အာဂျင်တီးနားအသင်း လူစာရင်းတွင် မက်ဆီပါဝင်လာ



အာဂျင်တီးနားအသင်း လက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် ယခုအချိန်တွင် ခြေစမ်းပွဲများကစားမည့် အာဂျင်တီးနားအသင်း လူစာရင်း၌ ပြန်လည်ပါဝင်လာခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ရုရှားနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအောင်မြင်မှုမရရှိဘဲ ၎င်းမှာလည်း အသင်းကို ဦးဆောင်နိုင်ခြင်းမရှိဟု ပြင်းထန်စွာ ဝေဖန်ခံရပြီးနောက်တွင် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ပြောကြားခဲ့သူဖြစ်သည်။

သို့သော် မက်ဆီက နိုင်ငံအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှု ရလိုကြောင်း၊ ကလပ်အသင်းတွင် မည်မျှပင် အောင်မြင်စေကာမူ နိုင်ငံအသင်းနှင့်အတူ အောင်မြင်မှုမရရှိပါက မပြည့်စုံနိုင်ကြောင်း၊ မျက်နှာငယ်မိကြောင်း ထုတ်ဖော်ပြောဆိုဖူးသည်။

အာဂျင်တီးနားအသင်းသည် မတ် ၂၂ ရက်တွင် ဗင်နီဇွဲလားအသင်းနှင့် ခြေစမ်းပွဲ ကစားရန်ရှိနေပြီး မော်ရိုကိုအသင်းနှင့်လည်း ခြေစမ်းပွဲ ထပ်မံကစားရမည်ဖြစ်သည်။



## ဂါရက်ဘေးလ်၏ အပြောင်းအရွှေ့ကိစ္စ ပိုမိုလှုပ်ခတ်လာ

ရီးရဲလ်မက်ဒရစ်အသင်းတွင် အဆင်မပြေမှုများစွာ ကြုံတွေ့နေရသည့် တောင်ပံကစားသမား ဂါရက်ဘေးလ်ကို အသင်းဥက္ကဋ္ဌဖြစ်သူ ပီရက်ဇ်က ရောင်းထုတ်တော့မည်ဟု သတိပေးစကား ပြောကြားထားသည်။

သို့သော် ပီရက်ဇ်က ဂါရက်ဘေးလ်ကို ရောင်းထုတ်တော့မည်ဟုပြောဆိုပြီး မကြာမီရက်ပိုင်းအတွင်းလေးမှာပင် ရီးရဲလ်မက်ဒရစ်အသင်း၌ နည်းပြအပြောင်းအလဲဖြစ်ခဲ့သည်။

ဂါရက်ဘေးလ်မှာ အသင်းကိုအကျိုးမပြုနိုင်တော့ခြင်းကြောင့် ပြန်လည်ရောင်းထုတ်သင့်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း ပရိသတ် ၈၇ ရာခိုင်နှုန်းက တောင်းဆိုထားကြောင်း သိရသည်။

အသက်(၂၉)နှစ်ရှိ ဂါရက်ဘေးလ်ကို မူလက ပေါင်သန်း ၁၀၀ ခန့်ဖြင့် ရောင်းထုတ်မည်ဟု ပြောဆိုထားသော်လည်း ၎င်းကစားသမားကို ခေါ်ယူလိုသည့် အသင်းများကမူ ပေါင်သန်း ၇၀ ခန့်သာပေးရန် ဆန္ဒရှိနေကြကြောင်း သိရသည်။

ဂါရက်ဘေးလ်ကို ခေါ်ယူလိုသည့် အသင်းများထဲတွင် မန်ယူအသင်းက ထိပ်ဆုံးမှရှိနေပြီး ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်နေကြသည်။ မန်ယူအသင်းကမူ ဂါရက်ဘေးလ်ကို ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းမှုများပင် ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းများပေါ်ထွက်နေသည်။ သို့သော် ချယ်လ်ဆီးအသင်းကမူ ဂါရက်ဘေးလ်ကို ခေါ်ယူရန်မှာ အသင်းရှိကွင်းလယ်ကစားသမား ဟာဇက် အသင်းမှ ထွက်၊ မထွက်ပေါ်တွင် မူတည်နေကြောင်း ပြောဆိုလာသည်။

ဟန်နေသစ် စုစည်းသည်

# ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပေးအပ်ထားသည့် အကောက်ခွန် သက်သာခွင့်စနစ် (Trade Preferences) အား ယာယီရပ်ဆိုင်းရန်အတွက် လုပ်ထုံးလုပ်နည်းများ စတင်ဆောင်ရွက်လျက်ရှိ

ဥရောပသမဂ္ဂ နိုင်ငံများအနေဖြင့် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများတွင် လက်နက်မှလွဲ၍ ကျန်ကုန်ပစ္စည်းများအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဈေးကွက်ဝင်ရောက်ခွင့် ပေးအပ်လျက်ရှိသည့် ယေဘုယျ အကောက်ခွန်သက်သာခွင့်အစီအစဉ် (GSP–EBA) တွင် ကမ္ဘောဒီးယားနိုင်ငံအတွက် ခွင့်ပြုထားခြင်းအား ယာယီဆိုင်းငံ့ရန် လုပ်ထုံးလုပ်နည်းများကို စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂကော်မရှင်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အတွင်းတွင် ထုတ်ပြန်ခဲ့သော သတင်းများအရ သိရှိရပါတယ်။

ထိုကဲ့သို့ ယာယီရပ်သိမ်းရန် လုပ်ထုံးလုပ်နည်းများစတင်ခြင်းသည် အကောက်ခွန်သက်သာခွင့် အစီအစဉ်များကို ချက်ချင်းရပ်သိမ်းရပ်တန့်လိုက်မည် မဟုတ်ပါ။ ၎င်းလုပ်ထုံးလုပ်နည်းများ အဆင့်ဆင့် အားလုံးဆောင်ရွက်ပြီး နောက်ဆုံးမှသာ အကောက်ခွန် သက်သာခွင့် ယာယီကို ရပ်တန့်မည်ဖြစ်ပါတယ်။ အသေးစိတ် လေ့လာစောင့်ကြည့်ခြင်းနှင့် စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ယခုဆောင်ရွက်ချက်သည် မြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို တိုးတက်လာစေရန်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ပြီးခဲ့သည့် ၁၈ လ တာကာလများအတွင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ ပြီးခဲ့သည့်လများအတွင်းတွင် ကမ္ဘောဒီးယားအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များဖြစ်သော နိုင်ငံရေးအကျဉ်းသားများ၊ ဆန့်ကျင်သူများ၊ သတင်းစာဆရာများအား လွှတ်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုသမဂ္ဂ၏ လုပ်ဆောင်ချက်များကို ဖြေရှင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် အစိုးရထံမှ အပြီးသတ်ဆောင်ရွက်သည့်ကိစ္စရပ်များဆောင်ရွက်ခြင်း မရှိသေးသည့်အတွက် လက်တွေ့တွင် ဖြစ်ပေါ်နေသော အခြေအနေများအရ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် GSP–EBA အစီအစဉ်တွင် ဆက်လက်ခံစားခွင့် ရှိ/မရှိသည် မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် ကမ္ဘောဒီးယား ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် တာဝန်ရှိပြီး ပူးပေါင်း ဆောင်ရွက်မှု၏ အဓိကအချက်မှာ နိုင်ငံအတွင်းတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ ယနေ့ဆောင်ရွက်ချက်များသည် နောက်ဆုံးဆောင်ရွက်ချက်(သို့) လုပ်ငန်းစဉ်၏ အဆုံးသတ်မဟုတ်သော်လည်း တကယ့်လက်တွေ့လုပ်ဆောင်ချက်များ မကြာမီ ဆောင်ရွက်သည်ကို တွေ့မြင်လိုပါကြောင်း၊ ယခုအခါ ကမ္ဘောဒီးယား၏ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်ရန်အတွက် နည်းလမ်းများ ပေါ်ထွက်လာရန် စောင့်ကြည့်လေ့လာခြင်းနှင့် အဖြေရှာခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ရာတွင် အခွင့်အရေးများ ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးနှင့် လုပ်သားအခွင့်အရေးများနှင့် ပတ်သက်၍ ကိုင်တွယ် ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါ ကြောင်း ဥရောပသမဂ္ဂကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့ကြောင်း အဆိုပါ ကြေညာချက်မှာ ဖော်ပြထားကြောင်း သိရှိရပါတယ်။

ဥရောပသမဂ္ဂကော်မရှင်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းမှာ အချက်အလက်များ ရှာဖွေစုဆောင်းဖို့ အဖွဲ့ စေလွှတ်ခဲ့ခြင်း အပါအဝင်နှစ်နိုင်ငံအကြား ပူးပေါင်းအစည်းအဝေးများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီးနောက်မှာတော့ ကမ္ဘောဒီးယားနိုင်ငံအတွင်းမှာ လူ့အခွင့်အရေးနဲ့ အလုပ်သမားအခွင့်အရေးများကို စနစ်တကျနဲ့ အပြင်းအထန် ချိုးဖောက်ခဲ့တဲ့ သက်သေများရှိတယ်လို့ ဥရောပသမဂ္ဂကော်မရှင်က ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တွေ့ရှိချက်များအပြင် အလုပ်သမားအခွင့်အရေးများ မရရှိခြင်းနှင့် နိုင်ငံတွင်းမှာ စီးပွားရေးဆိုင်ရာ မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ ပြဿနာရပ်များရှိနေခြင်းဟာလည်း ဥရောပသမဂ္ဂအနေနဲ့ စိုးရိမ်ပူပန်နေတဲ့ အချက်ဖြစ်နေတယ်လို့ ဖော်ပြထားပါတယ်။

ဥရောပသမဂ္ဂအနေနဲ့ ကမ္ဘောဒီးယားနိုင်ငံအပေါ် ဆောင်ရွက်မယ့် ယခုကိစ္စရပ်ကို ကမ္ဘာ့ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရဲ့ သဘောတူညီချက်များအတိုင်း စတင်ဆောင်ရွက်သွားမှာဖြစ်ပြီး ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များကတော့ အသေးစိတ် လေ့လာစောင့်ကြည့်ခြင်း၊ ကမ္ဘောဒီးယားရဲ့ သက်ဆိုင်ရာ အာဏာပိုင်များနဲ့ စေ့စပ် ဆွေးနွေးခြင်းတို့ကို ခြောက်လတာ ဆောင်ရွက်ခြင်း၊ တွေ့ရှိချက်များကို အခြေခံ၍ ဥရောပသမဂ္ဂအနေနဲ့ အစီရင်ခံစာ ပြုစုခြင်းကို သုံးလတာဆောင်ရွက်ခြင်း၊ ၁၂ လ ပြီးမြောက်သည့်အခါ ကော်မရှင်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံအပေါ် ပေးအပ်ထားတဲ့ အကောက်ခွန်သက်သာခွင့်ကို ရပ်သိမ်းမည် (သို့) မရပ်သိမ်းမည်တို့ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆုံးဖြတ်ရာတွင် ရပ်သိမ်းမည့် အနေအထား၊ ကာလတို့ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ မည်သည့်ရပ်သိမ်းမှုမျိုးမဆို ခြောက်လကြာပြီးနောက်တွင် အကျိုးဝင်မည် ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂ၏ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင်စတင်၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအား အကောက်ခွန်သက်သာခွင့်အစီအစဉ်မှ ဖယ်ရှားရန် လုပ်ထုံးလုပ်နည်းများအား စတင်ဆောင်ရွက်ရန် ကော်မရှင်၏အဆိုပြုချက်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်တွင် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ ၂၀၁၈ ခုနှစ်အတွင်းမှာ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခဲ့မှုရဲ့ ၉၇ ရာခိုင်နှုန်းဟာ အထည်အလိပ်၊ ဖိနပ်၊ အသင့်စားအစားအစာများ၊ ဟင်းသီးဟင်းရွက် ထုတ်ကုန်များ(ဆန်)နှင့် စက်ဘီးတို့ဖြစ်ကြပြီး တင်ပို့မှုစုစုပေါင်း ယူရိုဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ အနက်တွင် ၉၉ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂ၏ လက်နက်မှလွဲ၍ ကျန်ကုန်စည်များအား အကောက်ခွန် သက်သာခွင့်ပြုသည့် အစီအစဉ်အရ အကောက်ခွန်သက်သာခွင့် အစီအစဉ်ကို ခံစားခဲ့ကြောင်း သိရှိရပါတယ်။

Source:http://trade.ec.europa.eu/doclib/press/index.cfm?id=1981&title=Cambodia-EU-launches-procedure-to-temporarily-suspend-trade-preferences

**ရွှေစင်ဦး (DOT)**

# ၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခြေအနေ

၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာနပေါင်း ၆၀၅၃၃ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၆၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ အမှန်အသုံးပြုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၉၇ ဘီလီယံဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၅၈၃၀ ခုကို အသစ်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်အသုံးပြုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၁ ဘီလီယံရှိကာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၁၈၅ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၆၅ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၀ မီလီယံဖြစ်ကာ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။ အီးယူ ၂၈ နိုင်ငံမှ တရုတ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၂၉၁ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး၊ ၇၅ ဒသမ ၃ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဘီလီယံဖြစ်ပြီး ၁၃၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။ Belt and Road Initiative စီမံကိန်းဆက်စပ်နိုင်ငံများမှ တရုတ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၅၃၄ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၆၂ ဒသမ ၈ရာခိုင်နှုန်းတိုးတက်လာကာ အမှန် ရင်းနှီးမြှုပ်နှံမှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၅၂၀ မီလီယံဖြစ်ကာ ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၁၇၃၅ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး၊ ၃၄ ဒသမ ၈ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇ ဘီလီယံဖြစ်ကြောင်း သိရပါသည်။ အီးယူ ၂၈ နိုင်ငံမှ တရုတ်နိုင်ငံသို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း၌ာန ၂၄၉၉ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၃၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၆ ဘီလီယံဖြစ်ကာ ၃၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။ Belt and Road Initiative စီမံကိန်း ဆက်စပ်နိုင်ငံများမှ တရုတ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာန ၄၄၇၉ ခုကို အသစ်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာကာ အမှန်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၅ ဘီလီယံဖြစ်ကာ ရာခိုင်နှုန်းအားဖြင့် ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် တရုတ်နိုင်ငံအတွင်း အဓိကရင်းနှီးမြှုပ်နှံသည့် ထိပ်တန်း ၁၀ နိုင်ငံမှာ ဟောင်ကောင်မှ အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၁ ဘီလီယံ၊ စင်ကာပူမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၄ ဘီလီယံ၊ ထိုင်ဝမ်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၃ ဘီလီယံ၊ ကိုရီးယားမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၇ ဘီလီယံ၊ ဗြိတိန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၉ ဘီလီယံ၊ ဂျပန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၁ ဘီလီယံ၊ ဂျာမနီနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈ ဘီလီယံ၊ အမေရိကန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံ၊ ဟော်လန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ ဘီလီယံ၊ မကာအိုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ ဘီလီယံ အသီးသီးတို့ဖြစ်ကြပြီး စုစုပေါင်း အမှန်ရင်းနှီးမြှုပ်နှံသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၄၆ ဘီလီယံဖြစ်ကာ တရုတ်နိုင်ငံ အမှန်နိုင်ငံခြားရင်းနှီးမြှုပ်နှံ အသုံးပြုမှုပမာဏ၏ ၉၅ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး ၃ ဒသမ ၁ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၁၈ ခုနှစ်အတွင်း လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ တိရစ္ဆာန်ကဏ္ဍနှင့် သားငါးကဏ္ဍအစရှိသည့် ကဏ္ဍများအတွင်း အသစ်တည်ထောင်ဖွဲ့စည်းလိုက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ာနမှာ ၆၁၉ ခုဖြစ်ပြီး ၁၀ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် အမှန်အသုံးပြုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၇၁၀ မီလီယံဖြင့် ပြီးခဲ့သည့် နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။

**ဒေါက်တာနုနုခိုင်**

# Capacity Building and Outreach on ASSIST for Services Trade နှင့် စပ်လျဉ်းသည့် အသိပညာဖြန့်ဝေပွဲ ကျင်းပ

ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာများ ဖြေရှင်းရန် Website အသုံးပြုပုံ အသိပညာဖြန့်ဝေပွဲ (Capacity Building and Outreach on ASSIST for Services Trade) ကို မတ်လ ၄ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေး မှူးဒေါ်ဝင်းမင်းဖြိုးက Capacity Building and Outreach on ASSIST for Services Trade ဆိုင်ရာ အသိပညာဖြန့်ဝေပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းကြား ကုန်သွယ်မှုပြုလုပ်နေသော လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုပြုရာတွင် အဟန့်အတားအခက်အခဲများရှိပါက အပြန်အလှန်အသိအမှတ်ပြုထားသော Focal ဌာနများသို့ တိုက်ရိုက် ချိတ်ဆက်၍ ပြဿနာများ တင်ပြ မေးမြန်းရန်နှင့် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ASEAN Solution for Investment, Services and Trade "ASSIST Website" ကို သိစေလိုခြင်းဖြစ်ကြောင်း၊ ၎င်း Website ကို ကုန်စည်များအတွက် ၂၀၁၆ ခုနှစ်တွင် လွှင့်တင်ခဲ့ပြီး ယခုအခါ ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ပြဿနာများ၊ အခက်အခဲများကိုလည်း ကုန်စည်များကဲ့သို့ အလားတူ ဆောင်ရွက်နိုင်ရန် အဆိုပါ Website ကို အဆင့်မြှင့်တင်ဆောင်ရွက်ထားခြင်းအား ARISE Plus မှ လာရောက် မိတ်ဆက်ရှင်းလင်း ဆွေးနွေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အာဆီယံဒေသတွင်း၌ ကုန်သွယ်မှုပြုရာတွင် ကုန်စည်ကုန်သွယ်ရေးသာမက၊ ဝန်ဆောင်မှု ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုပါ တိုးမြှင့်ဆောင်ရွက်လာကြပြီး အပြန်အလှန် ဈေးကွက်ဝင်ရောက်ခွင့်များနှင့် ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများ အချင်းချင်းအကြား ဝင်/ထွက်၊ ရောင်းဝယ် ဖောက်ကားလုပ်ကိုင် ထုတ်လုပ်နေကြပြီး ကုန်သွယ်မှုပမာဏ တိုးမြှင့်အောင် ဆောင်ရွက်လျက်ရှိသည်။ ကုန်သွယ်မှုပြုရာ၌ လုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံရသော အခက်အခဲများ၊ လိုအပ်ချက်များလည်းရှိသည် ဖြစ်ရာ ပုံမှန်အတိုင်းဆိုလျှင် မိမိ၏သက်ဆိုင်ရာ အစိုးရဌာနများကို အသိပေးကာ ဆွေးနွေးညှိနှိုင်းပေးစေလိုပြီး တချို့နိုင်ငံများတွင် စီးပွားရေးသံမှူးများ၊ သံကိုယ်စားလှယ်များ၊ လုပ်ငန်းရှင် အကြီးအကဲများ ကိုယ်တိုင်က တွေ့ဆုံခွင့်တောင်းကာ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးရန် အဆိုပြုတောင်းဆိုကြကြောင်း၊ အခု ASSIST website မှာ မိမိ၏အစိုးရဌာနများနှင့် လူချင်းချိတ်ဆက်၍ တစ်ဆင့်မခံဘဲ လုပ်ငန်းရှင်များကိုယ်တိုင် ကုန်သွယ်ဖက်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆွေးနွေးဖြေရှင်းနိုင်ဖို့ အတွက် ARISE Plus ၏ကူညီ ဆောင်ရွက်မှုဖြင့် အာဆီယံတွင် ASEAN Solutions for Investments, Services and Trade (ASSIST) Website ဆိုပြီး တည်ထောင်ထားရှိခြင်းဖြစ်ကြောင်းကိုလည်း ညွှန်ကြားရေးမှူးဒေါ်ဝင်းမင်းဖြိုးက ဆက်လက်ရှင်းလင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်များအနေဖြင့် အဆိုပါ Website တွင် ဝင်ပြီး ကုန်စည်နှင့်ပတ်သက်သည့်အခက်အခဲများကို ကုန်သွယ်ဘက် နိုင်ငံအစိုးရများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကာ Knowledge Sharing Workshop များကို အစိုးရဌာနများအတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၉ ရက်တွင်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင်လည်းကောင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် အသီးသီး ကျင်းပပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်းကိုလည်း အဆိုပါပွဲမှ သိရှိရသည်။ ARISE Plus အနေဖြင့် Website Upgrade ပြုလုပ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ကုန်သွယ်ရေးအတွက်သာမက ဝန်ဆောင်မှု ကုန်သွယ်ရေးအတွက်ပါ တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် Website ကို အဆင့်မြှင့်တင်၍ ASSIST for Services Trade ကိုလည်း ချဲ့ထွင် တည်ထောင်ထားရှိခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ASSIST for Services Trade ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ASEAN Business and Investment Summit–ABIS ဆွေးနွေးပွဲတွင် Soft launch ပြုလုပ်ခဲ့တာဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ပါဝင်တက်ရောက်ခဲ့သော လုပ်ငန်းရှင်များ၊ UMFCCI မှ ကိုယ်စားလှယ်များအနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ ၎င်း Website ကို အပြည့်အဝ အသုံးပြုနိုင်ရန် ပြင်ဆင်ပြီး တရားဝင်လွှင့်တင်ခြင်းကို ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း ဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အတွက် တရားဝင် မလွှင့်တင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးမှ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် ပုဂ္ဂလိက လုပ်ငန်းများကို Website နှင့် စပ်လျဉ်း၍ Capacity Building သင်တန်းပေးခြင်းဖြစ်ကြောင်းကိုလည်း သိရသည်။




အဆိုပါ Outreach Session သို့ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် သိရှိမေးမြန်းလိုသည်များကို အတူတကွ ဆွေးနွေးနိုင်ကာ ထို Website မှတစ်ဆင့် ကုန်သွယ်ဘက်အာဆီယံနိုင်ငံမှ သက်ဆိုင်ရာ အစိုးရဌာနများသို့ ချိတ်ဆက်၍ ကုန်သွယ်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင်ဖြစ်စေ၊ ကုန်သွယ်ဘက် အာဆီယံနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ အစိုးရဌာနများသို့ တိုက်ရိုက်ချိတ်ဆက်မေးမြန်းရာတွင်ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးပေး သွားမှာဖြစ်ကြောင်းကိုလည်း သိရပြီး အဆိုပါအသိပညာ ဖြန့်ဝေပွဲမှ ASSIST Website ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်စွာ သိရှိနားလည်ပြီးနောက်ပိုင်း Website အပြည့်အဝအသုံးပြုနိုင်ရန် ပြင်ဆင်ရန်နှင့် တွင်ကျယ်စွာ အသုံးပြုကြရေး ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကိုလည်း သိရသည်။

ဝန်ဆောင်မှု ကုန်သွယ်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုများကို အာဆီယံနိုင်ငံများရှိ Focal သတ်မှတ်ထားသော ဌာနများနှင့် ဘာသာရပ်ဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းမှ ကိုယ်စားလှယ်များအနေဖြင့် လက်တွေ့အသုံးပြုနိုင်ရန် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပံ့ပိုးပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသိပညာဖြန့်ဝေပွဲသည် ကုန်သွယ်မှုဘာသာရပ်များကို ဆွေးနွေးမည့်ပွဲမဟုတ်ဘဲ ASSIST Website ကို သိနားလည်စေရန်၊ အကျိုးရှိရှိအသုံးပြုကြစေရန်၊ ၎င်းကို အသုံးပြုခြင်းအားဖြင့် အချိန်/ ငွေကုန်ကျစရိတ်များစွာ လျှော့နည်း သက်သာစေသည့် ထိရောက်မှုများကို သိရှိ နားလည်စေရန်ဖြစ်ကြောင်း၊ အဆိုပါ အသိပညာဖြန့်ဝေပွဲသို့ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် စုစုပေါင်း ၄၀ ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ချိုမာ(နေပြည်တော်)**

---

# ထိုင်းအထွေထွေရွေးကောက်ပွဲသည် ဟောင်ကောင်နှင့် ဆက်ဆံရေးကို ထိခိုက်ရန်မရှိခြင်း

အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သောထိုင်းနိုင်ငံနှင့် GABa'o(Greater Bay Area) ၏ ရှေ့ဆောင်ဖြစ်နေသော ဟောင်ကောင် အကြားရှိ ခိုင်မာသော ဆက်ဆံရေးသည် မတ်လ ၂၄ ရက် ရွေးကောက်ပွဲအပြီးနှင့် အသစ်ပေါ်ထွန်းလာမည့် အစိုးရအသစ်လက်ထက်တွင် အားနည်းသွားမည် မဟုတ်ကြောင်း ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusripitak က ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးချုပ် Mr. SomkidJatusripitakသည် ကမ္ဘာ့ရေးရာများ၌ တရုတ်နိုင်ငံ၏ အရေးပါမှုကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဗန်ကောက်၌ကျင်းပခဲ့သော "Stategic Partnership between the Kingdom and the ChinESe Special Administration Region" ဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲအား ဖေဖော်ဝါရီ ၂၈ ရက်တွင် အဆုံးသတ်ခဲ့သော ဟောင်ကောင် အုပ်ချုပ်ရေးမှူး၏ထိုင်းနိုင်ငံသို့ ၂ ရက်ကြာခရီးစဉ်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကျင်းပခဲ့ပါသည်။

ဟောင်ကောင်သည် ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် စီးပွားရေးနှင့် ကုန်သွယ်ရေးရုံးကို ဗန်ကောက်မြို့၌ မကြာမီတွင် ဖွင့်လှစ်မည်ဟု ဟောင်ကောင် အုပ်ချုပ်ရေးမှူး Ms. Carrie Lam က ပြောကြားခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် GAB ဒေသ၊ ထိုင်းနိုင်ငံနှင့် (ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ)အကြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများ၌ ပူးပေါင်း ဆောင်ရွက်မှု၏အခန်းကဏ္ဍအသစ်တစ်ခုအဖြစ် မှတ်ယူကြောင်း၊ ဟောင်ကောင်၊ မကာအို၊ ဂွမ်ဒုံးပြည်နယ်နှင့် ရှန်ဇန်ပြည်နယ်များ ပါဝင်သော GAB ဒေသဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးမူဝါဒအသစ်ကို မကြာမီက တရုတ်သမ္မတ ရှီကျင့်ဖျင်က ထုတ်ပြန်ခဲ့ကြောင်း၊ GAB ဒေသသည် အမေရိကန်နိုင်ငံရှိ ဆီလီကွန်တောင်ကြားနှင့် ဂျပန်နိုင်ငံ၏ တိုကျိုပင်လယ်အော်ဒေသနှင့်အပြိုင် ကြီးမားသော စီးပွားရေးဇုန်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းအခြေအနေသည် ဟောင်ကောင်၏ ခိုင်မာသောကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းများအား အာရှဒေသတွင်း၌ အရှိန်မြှင့် ဆောင်ရွက်လာမည်ဖြစ်ကြောင်း၊ ဆီလီကွန်၊ တိုကျိုပင်လယ်အော်ဒေသများနှင့် မတူညီသော အချက်မှာ ဟောင်ကောင်သည် အာဆီယံနှင့်နီးကပ်သည့်နေရာ၌ တည်ရှိပြီး ယင်းအချက်သည် ဟောင်ကောင်အတွက် ကြီးမားသော တိုးတက်မှုအလားအလာဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် Mr. SomkidJatusripitak က ဆက်လက်ပြောကြားခဲ့ပါသည်။

နည်းပညာကဏ္ဍနှင့် ထိုင်းအစိုးရ၏အရှေ့ပိုင်းစီးပွားရေး စင်္ကြံနှင့် တရုတ်အစိုးရ၏ရပ်ဝန်းနှင့် ပိုးလမ်းမကဲ့သို့ စီမံကိန်းများ၌ ကြီးမားသောပူးပေါင်း ဆောင်ရွက်မှု လိုအပ်နေသည့် အခြေအနေကို အလေးထားကြောင်း၊ ဟောင်ကောင်သည် အာဆီယံနှင့် ထိုင်းနိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ၌ ပူးပေါင်း ဆောင်ရွက်မှုကို တိုးချဲ့မည်ဖြစ်ကြောင်း၊ ဟောင်ကောင်နှင့် အာဆီယံအကြား ကုန်သွယ်မှု လွတ်လပ်မှုသဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသော သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ယုံကြည်မှုကိုရရှိစေကြောင်း ဟောင်ကောင် အုပ်ချုပ်ရေးမှူး Ms. Lam က ဆက်လက်ပြောကြားခဲ့ပါသည်။

**ကျော်သူရ (စီးပွားရေးသံမှူး)**

# တရုတ်နိုင်ငံလွှတ်တော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတင်သွင်းမှုကို လက်ခံ

တရုတ်နိုင်ငံ ပြည်သူ့လွှတ်တော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း တင်သွင်းမှုကို မတ်လ ၈ ရက်က လက်ခံသည့်အတွက် ကမ္ဘာ့ထိပ်သီးနှစ်နိုင်ငံ သဘောတူညီချက်ရရန် ကြိုးပမ်းနေချိန်တွင် ကုန်သွယ်ရေး ဆွေးနွေးပွဲများ ချောမွေ့အောင် အထောက်အကူ ဖြစ်နိုင်ကြောင်း ချန်နယ်နယူးအေရှသတင်းတွင် ဖော်ပြသည်။

ဥပဒေမူကြမ်းကို ပေကျင်းတွင် ကျင်းပနေသော ပြည်သူ့အမျိုးသားကွန်ဂရက်အစည်းအဝေးသို့ တင်သွင်းခဲ့ခြင်းဖြစ်ပြီး နှစ်ပတ်လည် လွှတ်တော်အစည်းအဝေးနောက်ဆုံးနေ့ဖြစ်သော မတ်လ ၁၅ ရက်တွင် အတည်ပြုမည်ဟု ခန့်မှန်းထားသည်။

ဥပဒေမူကြမ်းအရ တရားမဝင် နည်းပညာလွှဲပြောင်းမှုနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများတွင် အစိုးရက တရားမဝင် စွက်ဖက်မှုကို ပိတ်ပင်ထားသည်။ ဤအချက်မှာ တရုတ်နိုင်ငံက အမေရိကန် နည်းပညာကို ခိုးယူနေသည်ဟူသော စွပ်စွဲချက်အတွက် အရေးပါသောအချက်ဖြစ်သည်။

ဥပဒေ၏ ရည်ရွယ်ချက်မှာ တရုတ်စီးပွားရေးပတ်ဝန်းကျင်တွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအတွက် ရှိနေသော စိုးရိမ်ပူပန်မှုကို ဖြေဖျောက်ပေးရန် ရည်ရွယ်ထားသော်လည်း စောစောပိုင်းက ရေးဆွဲထားသော အချက်များကိုမူ အချို့သော စီးပွားရေးအသိုင်းအဝိုင်းမှ ဝေဖန်မှုများရှိခဲ့သည်။



နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများ၏ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်များကို ကာကွယ်ရန် ဥပဒေတွင် ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားပြီး နည်းပညာ လွှဲပြောင်းမှုအတွက် အုပ်ချုပ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းကို ပိတ်ပင်ထားကြောင်း အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ နင်းဇစ်ဟီက ပြောသည်။

"ဒီဥပဒေက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားအတွက် တရားဥပဒေ စိုးမိုးရေး ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရအောင် လုပ်ပေးထားပါတယ်" ဟု နင်းက ပြောသည်။

နိုင်ငံစီးပွားရေး နှေးကွေးနေသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စေရန် ယခုဥပဒေကို တရုတ်အစိုးရက လက်နက်တစ်ခုအဖြစ် ရည်ရွယ်ထားသည်။

တရုတ်ဝန်ကြီးချုပ်က ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၅ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်ရန် သတ်မှတ်ထားသည်။

**စံမီအောင်**

# စီးပွားရေးအလားအလာကျဆင်းမှုနှင့် အမေရိကန်ရောင်းလိုအား မြင့်တက်မှုကြောင့် ရေနံဈေးနှုန်းကျဆင်း

ရေနံဈေးနှုန်းသည် မတ်လ ၈ ရက်က ၂ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။ အမေရိကန်နိုင်ငံ၏ အလုပ်အကိုင်တိုးတက်မှုနှုန်း ဒုတိယမြောက်လအဖြစ် ဆက်လက်ကျဆင်းမှုက ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်မှုကိုမြင့်မားစေခဲ့ပြီး ရေနံဝယ်လိုအားကိုကျဆင်းစေခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်ရေနံ ရောင်းလိုအား မြင့်တက်မှုက ဈေးကွက်ကို ကျဆင်းစေခဲ့ပြီး ဘရင့်ရေနံစိမ်းဈေးက ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းကာ ရေနံတစ်စည်ကိုအမေရိကန်ဒေါ်လာ ၆၄ ဒသမ ၈၆ ဒေါ်လာထိ ရောက်ရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အခြေခံစံထား ဈေးနှုန်းမှာ ယခုရက်သတ္တပတ်အတွင်း သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အမေရိကန်အနောက် တက္ကဆပ်ရေနံစိမ်း ဈေးနှုန်းမှာ ၂ ဒသမ ၄ရာခိုင်နှုန်းကျဆင်းကာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၈ ရာခိုင်နှုန်းအထိရောက်ရှိခဲ့သည်။ ရက်သတ္တပတ်အလိုက်ဆိုပါက သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်း



မည်ဟု ခန့်မှန်းသည်။

ဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင် တိုးတက်နှုန်းကျဆင်းခဲ့ပြီး အထူးသဖြင့် ဆောက်လုပ်ရေးနှင့် အခြားသောကဏ္ဍများတွင် လုပ်ငန်းကျဆင်းခဲ့သည့်အတွက် အလုပ်အကိုင်သစ် ၂၀၀၀၀ကို ဖန်တီးနိုင်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ အစီရင်ခံစာအရ စတော့ရှယ်ယာဈေးနှုန်းများနှင့် ရေနံကြိုရောင်းကြိုဝယ်ဈေးမှာလည်း ကျဆင်းခဲ့သည်။

**စံမီအောင်**

# တောင်ကိုရီးယား စီးပွားရေး လုပ်ငန်းကြီးများရှိ အလုပ်သမားသစ်များ၏ လစာမြင့်တက်

တောင်ကိုရီးယားကုမ္ပဏီကြီးများရှိဘွဲ့ရ အလုပ်သမားသစ်များ၏ ပျမ်းမျှ လစာများသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက လစာကွာဟချက်မှာ မြင့်မားနေဆဲဖြစ်ကြောင်း မတ်လ ၈ ရက်က ကောက်ယူခဲ့သော စစ်တမ်းတစ်ခုကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

အလုပ်အကိုင်ရှာဖွေရေး ပိုတယ်တစ်ခုဖြစ်သော Job Korea ၏ ဖော်ပြချက်အရ လုပ်ငန်းကြီးများက ခန့်ထားသောဘွဲ့ရ အလုပ်သမားများ၏ တစ်နှစ် အတွက်ရရှိသော ကနဦးလစာမှာ ယခုနှစ်တွင် ဝမ် ၄၁သန်း (အမေရိကန် ဒေါ်လာ ၃၆၃၀၀) ရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သုညဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ဘဏ်များနှင့် အခြားသောငွေကြေး အဖွဲ့အစည်းများက ပေးသောကနဦးလစာမှာ တစ်နှစ်ကိုဝမ် ၄၇ ဒသမ ၉ သန်းရှိသည့်အတွက် အများဆုံးဖြစ်ပြီး ဆေးဝါးနှင့် စွမ်းအင်ကဏ္ဍများမှပေးသော လစာမှာ တစ်နှစ်ကိုဝမ် ၄၃ ဒသမ ၆ သန်းရှိသည်။

နှိုင်းယှဉ်ကြည့်မည်ဆိုပါက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဘွဲ့ရအလုပ်သမားများအတွက်ပေးသော တစ်နှစ်အတွက် ကနဦးလစာမှာ ယခုနှစ်မှာဝမ် ၂၈ ဒသမ ၇ သန်း ဖြစ်သည့်အတွက် ယခင်နှစ်ကထက် ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကုမ္ပဏီများရှိ အလုပ်သမားများ၏လစာကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများ၏လစာနှင့် နှိုင်းယှဉ်ပါက ကွာဟချက် ဝမ် ၁၂ ဒသမ ၃ သန်းရှိသည့်အတွက် ယခင်နှစ်ကရှိခဲ့သော ကွာခြားချက်ဖြစ်သည့် ၁၂ ဒသမ ၅ သန်းအောက် အနည်းငယ်ကျဆင်းခဲ့သည်။

**စံမီအောင်**

# ဗီယက်နမ်ဆေးဝါးလုပ်ငန်းများ၏အလားအလာကောင်းမွန်

ဗီယက်နမ် ဆေးပစ္စည်းကိရိယာနှင့်ဆေးဝါးဈေးကွက်သည် မကြာသေးမီနှစ်များအတွင်း ဆယ်ဂဏန်းဖြင့် တိုးတက်မှုရှိခဲ့ပြီး ထိုအရှိန်မှာ ဆက်လက်ကောင်းမွန်မည်ဖြစ်သည့်အတွက် ဗီယက်နမ်နိုင်ငံကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးစရိတ်မှာ ၂၀၁၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁ ဘီလီယံရှိသည့်အတွက် ဂျီဒီပီ၏၇ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ဤပမာဏမှာ ၂၀၂၀ ခုနှစ်တွင် ၁၂ ဒသမ ၅ရာခိုင်နှုန်း တိုးတက်ပြီး အမေ




ရိကန်ဒေါ်လာ ၂၂ ဒသမ ၇ ဘီလီယံ အထိ ရှိလာနိုင်ကြောင်း Business Monitor International တွင် ဖော်ပြသည်။

ဆေးဝါးကိရိယာများနှင့်ဆေးဝါးဈေးကွက်သည် လာမည့်နှစ်များအတွင်း ဆယ်ဂဏန်းဖြင့် တိုးတက်နိုင်ကြောင်းလည်း ဖော်ပြထားသည်။

ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းသည် မကြာသေးမီနှစ်များ အတွင်းက ဆယ်ဂဏန်းဖြင့် တိုးတက်ပြီး ၂၀၂၂ ခုနှစ်အထိ ဤနှုန်းအတိုင်း ဆက်လက်တိုးတက်သွားမှာဖြစ်ကြောင်း ဗီယက်နမ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဗိုတန်သန်းက ပြောသည်။

"ဗီယက်နမ်မှာ ဝင်ငွေမြင့်တက်လာတဲ့အတွက် အရည်အသွေးရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တောင်းဆိုတာတွေ နှစ်စဉ် မြင့်မားနေပါတယ်။ အသက် ၆၀ ကျော်တွေ လူကြီးပိုင်းတွေမှာ ဖြစ်ပွားတတ်တဲ့ရောဂါပုံစံတွေလည်း ပြောင်းလဲလာတဲ့အတွက် ဗီယက်နမ်နိုင်ငံမှာ ကျန်းမာရေး စောင့်ရှောက်မှုစရိတ် ပိုမိုမြင့်တက်ခဲ့ပါတယ်" ဟု သူက ပြောသည်။

**စံမီအောင်**


ဘာနဲ့မှ မရောတဲ့
ထွန်းတောက်နိုင် ကုမ္ပဏီလီမိတက်
ထွန်းတောက်နိုင်ဆီစက်မှ ထုတ်လုပ်သည့်
FDA ထောက်ခံချက်အမှတ် ၈ ၁၂ / ၁၀၀၀၈ / ထလ
ငွေသရဖီမင်း
ရာနှုန်းပြည့်မြေပဲဆီသန့်
Official Halal Certificate
အမှတ် - ၁၀၂၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် ပန်းတည်းဝန် ဦးရွှေဘင်လမ်းထောင့်
စက်မှုဇုံ(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
Tel: 01- 685565, 01- 685566
အသန့်ဆုံး အစစ်ဆုံး


J'DONUTS
Every Day ... Fresh & Tasty


FBT
福興兄弟集團公司
FU XING BROTHERS GROUP OF COMPANIES
လူကြီးမင်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင် အရောက်ပို့ဝန်ဆောင်မှုဖြင့်
သင့်လျော်သောဈေးနှုန်း၊ အရည်အသွေး၊ အာမခံချက် အပြည့်အဝရှိသော ပြည်ပမှ
စံချိန်မီ Original သံချောင်း (HRB-400, BS 460, BS 500) နှင့်
Coil (SAE 1008) Size အမျိုးမျိုးတို့ကို ဝယ်ယူရရှိနိုင်ပါသည်။
လူကြီးမင်းတို့ လိုအပ်သော Deformed Bar Specification အမျိုးမျိုးကို
စိတ်တိုင်းကျ အော်ဒါမှာယူနိုင်ပါသည်။
CHEMICAL, FOOD ADDITIVIES & MILK POWDER
Two Butterflies Full Cream Milk Powder (400g)
Rainbow Milk Powder (20g)
Angel Yeast (500 g)
Eagle Yeast (500 g)
Angel Brand (A 800) Bread Improver
Sodium Cyclamate Golden Gate Brand (1kg)
Sodium Cyclamate Rainbow Brand (1kg)
Sodium Cyclamate Rainbow Brand (1kg)
Sodium Benzoate (25 kg)
Ammonium Bicarbonate Food Grade (25 kg)
Soda Ash Light (40 kg)
Caustic Soda Flakes 99% (25kg)
Sodium Cyclamate Jin Tian Brand (25 kg)
Benzoic Acid Powder BP (25 kg)
FDA ၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှတရားဝင် တင်သွင်းသောကုန်ပစ္စည်းများဖြစ်ပါသည်။
RSS-1, RSS-3, MSR-10 & MSR-20 Rubber Grade မျိုးစုံကိုမှာယူရရှိနိုင်ပါသည်။
Yangon Office : No. (16/17), U Chit Maung Housing, U Chit Maung Rd., Tarmwe Tsp., Yangon.
Tel: 01 554140, 01 554080, 01 554090, 01 554083, 01 554087 Fax: 401105
Email: fuxingb@gmail.com , fuxingbrothers@gmail.com Post Code: 11211.
Mandalay Office: No. (275), 81st St., 24th St. & 25th St., Aung Myay Thar San Tsp., Mandalay.
Tel: 02 4021977, 02 4032990, 02 4034803 Fax: 4033181,
Email: cmfuxingmdy@gmail.com Post Code : 100101

# COMMERCE INTERNATIONAL


# ထိုင်းနိုင်ငံသည် CPTPP အဖွဲ့ဝင်ဖြစ်ရန်အတွက် တရားဝင်လျှောက်ထားရန်စီစဉ်

ထိုင်းနိုင်ငံသည် အမေရိကန်မပါဝင်သော အခြားပစိဖိတ်ရပ်ဝန်း ဒေသနိုင်ငံ ၁၁ နိုင်ငံဖြင့် အသစ်ဖွဲ့စည်းထားသည့် CPTPP (Comprehensive and Progressive Agreement for Trans-Pacific Partnership) တွင် ပါဝင်မည့် တရားဝင်အစီအစဉ်ကို ထုတ်ပြန်ရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. SomkidJatusripitakသည် မတ်လလယ်ခန့်တွင် ဂျပန်နိုင်ငံ၊ ဆင်းဒိုင်၊ ဟော့ကိုင်းဒိုးနှင့် တိုကျိုမြို့များသို့ အလည်အပတ်ခရီးသွားရန် စီစဉ်ထားပြီး ယင်းခရီးစဉ်အတွင်း CPTPP သို့ အဖွဲ့ဝင်အဖြစ်လျှောက်ထားမည့် ထိုင်းနိုင်ငံ၏ အစီအစဉ်ကို တရားဝင်ထုတ်ပြန်ရန်ရှိကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၏ CPTPP အဖွဲ့ဝင်ဖြစ်ရေးသည် ပြည်တွင်း၌ကြီးမားသော ကုန်ထုတ်လုပ်ငန်းများကိုအခြေစိုက်၍ လုပ်ကိုင်နေကြသော ဂျပန်ရင်းနှီးမြှုပ်နှံသူများနှင့် အဓိကပတ်သက်နေကြောင်း၊ CPTPP သို့ ဝင်ရောက်ရန်တုံ့ဆိုင်းနေမည်ဆိုပါက ထိုင်းနိုင်ငံသည် အခြားနိုင်ငံများနှင့်စာလျှင် ယှဉ်ပြိုင်မှု ဆုံးရှုံးသွားနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် CPTPP သို့ဝင်ရောက်ရန် နောက်ကျလျှင် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကပြိုင်ဘက်ဖြစ်သော ဗီယက်နမ်နိုင်ငံ အပါအဝင် အခြားနိုင်ငံများ၏နောက်တွင် ကျန်ရစ်နိုင်ကြောင်း၊ လက်ရှိအစိုးရလက်ထက်အတွင်း CPTPP အဖွဲ့အဖြစ်လျှောက်ထားရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တာဝန်ပေးထားကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Somkid က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် မတ်လအတွင်းCPTPP သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် CPTPP သို့ လျှောက်ထားမည့်အဆိုပြုချက်အား အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ပါသည်။ ယင်းအဆိုပြုချက်ကိုအစိုးရအဖွဲ့မှ လက်ခံပါက တရားဝင် လျှောက်လွှာကို CPTPP သို့ဆက်လက်ပေးပို့မည်ဖြစ်ပါသည်။ CPTPP အဖွဲ့ဝင်ဖြစ်ရေးနှင့် CPTPP သဘောတူညီချက်ကြောင့် ရရှိလာမည့် အကျိုးသက်ရောက်မှုအပေါ် ကုစားမည့်အစီအစဉ်များ ချမှတ်ရန်အတွက် အစည်းအဝေးများအားပူးပေါင်းကျင်းပရန် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့ကို လမ်းညွှန်ထားပါသည်။

ပစိဖိတ်ရပ်ဝန်းဒေသနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော TPP (Trans-Pacific Partnership) မှ ၂၀၁၇ ခုနှစ် တွင် အမေရိကန်နိုင်ငံထွက်သွားပြီးနောက် ကျန် ၁၁ နိုင်ငံသည် CPTPP အဖြစ် ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ CPTPP အဖွဲ့ဝင်နိုင်ငံများသည် CPTPPတွင် ပူးပေါင်းပါဝင်ကြမည့် အခြားနိုင်ငံများ၏ စိတ်ပါဝင်စားမှုကို လက်ကမ်းကြိုဆိုလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ (စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**



## ချန်နိုင်းဆိပ်ကမ်းရောက် ပဲများကို ၁၀ ရာခိုင်နှုန်း ဘဏ်အာမခံချက်ဖြင့် ထုတ်ယူခွင့် ပြုလိုက်သော်လည်း စားတော်ပဲအုပ်စုဝင်ပဲများ မပါဝင်

အိန္ဒိယနိုင်ငံ ချန်နိုင်းဆိပ်ကမ်းတွင် ပဲမျိုးစုံပါဝင်သည့် ကုန်သေတ္တာလေးထောင်ခန့်မှာ အကောက်ခွန်ရှင်းလင်းရေး ဆောင်ရွက်ရန်အတွက် စောင့်ဆိုင်းလျက်ရှိရာမှ ဖေဖော်ဝါရီ ၂၇ ရက်က ချန်နိုင်းတရားရုံး၏ အမိန့်ဖြင့် ၁၀ ရာခိုင်နှုန်း ဘဏ်အာမခံချက်ပြသနိုင်သော ပဲကုန်သေတ္တာများနှင့် ပြသရန်မလိုသော ကုန်သေတ္တာများကို ထုတ်ယူခွင့်ပြုလိုက်သော်လည်း စားတော်ပဲအုပ်စုဝင်ပဲများမပါဝင်ကြောင်း မတ်လ ၆ ရက်တွင်ထုတ်ပြန်သည့် ကွန်မိုဒတီကွန်ထရိုးဝဘ်ဆိုဒ်မှသိရသည်။

အကောက်ခွန် ရှင်းလင်းရန် စောင့်ဆိုင်းလျက်ရှိသည့် ပဲမျိုးစုံကုန်သေတ္တာများအနက် မတ်ပဲပါဝင်သော ကုန်သေတ္တာပေါင်း ၂၀၀၀ ခန့်ရှိပြီး ပဲစင်းငုံခြမ်းပါဝင်သော ကုန်သေတ္တာပေါင်း ၅၀၀ ခန့်ရှိကာ စားတော်ပဲအုပ်စုဝင်ပဲများမှာ ကုန်သေတ္တာပေါင်း ၁၁၀၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ ၁၀ ရာခိုင်နှုန်းဘဏ်အာမခံချက်ဖြင့် ကုန်ပစ္စည်းများထုတ်ယူရမည့် နမူနာပုံစံအား အိန္ဒိယ သွင်းကုန်လုပ်ငန်းရှင်များထံသို့ အကောက်ခွန်ဌာနမှ အကြောင်းကြားပြီးဖြစ်ကာ ယင်းပုံစံဖြင့် မတ်လ ၁၁ ရက်နှင့် ၁၂ ရက်ခန့်တွင် တင်ပြရန်လိုအပ်ကြောင်းကို အိန္ဒိယအကောက်ခွန်ဌာနက ထုတ်ပြန်ထားသည်။ အာမခံချက်ပေးရန်မလိုသော အချို့ကုန်ပစ္စည်းများကိုအကောက်ခွန်ရှင်းလင်းပြီး ဖြစ်ကြောင်းကိုလည်း အကောက်ခွန်ဌာနမှ ထုတ်ပြန်ထားသည်။ သို့သော် ကလကတ္တားဆိပ်ကမ်းတွင်မူ ကလကတ္တား သွင်းကုန်လုပ်ငန်းရှင်များတင်ပြလာသည့် ၁၀ ရာခိုင်နှုန်းဘဏ်အာမခံချက်ဖြင့် အကောက်ခွန်မှ အကောက်ခွန်ရှင်းလင်းခွင့်မပြုသေးဘဲ ကလကတ္တားတရားရုံးသို့ တင်ပြခဲ့သည်။

ကလကတ္တား ဆိပ်ကမ်းတွင်လည်း မတ်ပဲကုန်သေတ္တာ အလုံး၂၀၀ ခန့်နှင့် စားတော်ပဲကုန်သေတ္တာ အလုံး ၄၀၀ ခန့်မှာ အကောက်ခွန်ရှင်းလင်းရန် စောင့်ဆိုင်းလျက်ရှိသည်။ ထို့ပြင် ယူကရိန်း စားတော်ပဲဖြူ ၁၂၀၀၀ မက်ထရစ်တန်နှင့် ကနေဒါ စားတော်ပဲဖြူ မက်ထရစ်တန် ၅၀၀၀ခန့်မှာလည်း အဆိုပါဆိပ်ကမ်းတွင် စောင့်ဆိုင်းလျက်ရှိကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**


Don't use plastic and Be fantastic
ပတ်ဝန်းကျင် သာယာလှပစေရေး
ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။


## အိန္ဒိယနိုင်ငံ၏ ပဲငါးမျိုးအတွက် အခြေခံစျေးနှုန်း မြှင့်တင်သတ်မှတ်မှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် မေးခွန်းထုတ်လျက်ရှိ

အိန္ဒိယနိုင်ငံမှ ယင်း၏ကုလားပဲ၊ ပဲနီလေး၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းပဲများအတွက် အခြေခံစျေးနှုန်းအား မြှင့်တင်သတ်မှတ်ပေးပြီး ထောက်ပံ့မှုပြုလုပ်သည့်အပေါ် အမေရိကန်နှင့် ကနေဒါတို့မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရားဝင်မေးခွန်းထုတ်လိုက်သည့်ကိစ္စကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လယ်ယာစိုက်ပျိုးမှုဆိုင်ရာကော်မတီက ကြားနာခဲ့ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

ထို့ပြင် မြောက်အမေရိကနိုင်ငံများကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အာဆီယံနိုင်ငံများက မေးမြန်းမှုပြုလုပ်ထားသည့်အတိုင်းပင် အိန္ဒိယ၏ အခြေခံစျေးနှုန်းသတ်မှတ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏သတ်မှတ်ချက်ထက် ပိုလွန်မှုရှိနေသည့်ကိစ္စအား မေးခွန်းထုတ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံကမူ အဆိုပါစွပ်စွဲချက်များသည် မမှန်ကန်သော တွက်ချက်မှုများကြောင့်ဖြစ်ကြောင်းနှင့် ထောက်ပံ့မှုပြုလုပ်ပေးသော သီးနှံအမယ်ငါးမျိုးသည် ဆင်းရဲနွမ်းပါးသည့် နိုင်ငံသား ၁၉၅ သန်းအတွက် အာဟာရဆိုင်ရာ ထောက်ပံ့မှုကိုပေးနိုင်ခြင်းကြောင့် ဖြစ်ကြောင်းကို ဖြေကြားထားသည်။

အိန္ဒိယအနေဖြင့် ယင်းသီးနှံများစုစုပေါင်းတန်ဖိုး၏ ၁ ဒသမ ၅ ရာခိုင်နှုန်းကိုသာ ထောက်ပံ့ခြင်းဖြစ်ကြောင်း ဖြေကြားထားသော်လည်း ကနေဒါနှင့် အမေရိကန်တို့က စုစုပေါင်းတန်ဖိုး၏ ၃၁ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပြောဆိုထားသည်။ အိန္ဒိယနိုင်ငံ၏ အဆိုပါသီးနှံများအတွက် သီးနှံစုစုပေါင်းတန်ဖိုးတွက်ချက်မှုမှာ လယ်သမားများထံမှ အချက်အလက်များဖြစ်နိုင်ပြီး ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများကမူ စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းကို စောင့်ကြည့်သုံးသပ်ထားခြင်းဖြစ် ကြောင်း၊ အိန္ဒိယအနေဖြင့် စျေးနှုန်းတွက်ချက်ရာတွင် အမေရိကန်ဒေါ်လာနှင့် ရူပီးငွေကို တွဲဖက်နှိုင်းယှဉ် အသုံးပြုလျက်ရှိကြောင်း ကနေဒါပဲလုပ်ငန်းရှင်များ၏ ဥက္ကဋ္ဌကဆိုသည်။

အဆိုပါတရားဝင်ကန့်ကွက်ချက်ထုတ်ပြန်မှုအပေါ် အိန္ဒိယမှ ဖြေရှင်းပေးရန်လိုနေကြောင်းနှင့် အကယ်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ သတ်မှတ်ထားသည့် အခြေခံစျေးနှုန်းထက် ပိုလွန်ဆောင်ရွက်ကြောင်းထင်ရှားပါက အိန္ဒိယအနေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်းသိရပြီး အိန္ဒိယကလည်း ခိုင်မာစွာပြန်လည်ငြင်းဆိုလျက်ရှိနေသည်။

**ခင်လေးယု**

